www.burmeseclassic.com

BURMESE CLASSIC .com



ချစ်ဦးညို

ရဲ့ နှောင်း

www.burmeseclassic.com

# စာရေးသူ



## ချစ်ဦးညို

စာရေးဆရာ ချစ်ဦးညိုကို ၁၉၄၇ ဒီဇင်ဘာ ၃၀တွင် မန္တလေးမြို့၌ အဖ ဦးရွှေဒေါင်းညို၊ အမိ ဒေါ်စိန်ရင်တို့မှ ဖွားမြင်သည်။ မွေးချင်း ၇ ယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးကျော်ဇွာ ဖြစ်သည်။ မန္တလေးမြို့၊ နန်းတော်ရှေ့၊ မဏ္ဍရာတိုက်၊ မူလတန်းကျောင်းတွင် အခြေခံပညာ ဆည်းပူးခဲ့ပြီး ၁၉၅၆ တွင် မန္တလေးမြို့ ဝက်စလီကျောင်းနှင့် ဘီဘီအိုအေကျောင်းများ၌ အလယ်တန်းတက်ရောက်ခဲ့သည်။ မန္တလေး အထက(၁)မှ ဆယ်တန်းအောင်ခဲ့ပြီး ၁၉၆၂တွင် မန္တလေးတက္ကသိုလ်၌ ဥပစာဝိဇ္ဇာ (က) တန်း တက်ရောက်သည်။ ၁၉၆၃ – ၆၈တွင် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ ဒဿနိကဗေဒအဓိကဖြင့် တက်ရောက်ပြီး

www.burmeseclassic.com
BURMESE CLASSIC .com

၁၉၆၈တွင် ဂုဏ်ထူးသုံးဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ မဟာဝိဇ္ဇာ ဆက်လက်တက်ရောက်ခဲ့သည်။

၁၉၇၀မှစ၍ လုပ်သားများကောလိပ်၊ စစ်တွေ ကောလိပ်၊ ဗဟို သမဝါယမ သင်တန်းကျောင်းတို့တွင် နည်းပြဆရာအဖြစ် အမှုထမ်းခဲ့ကာ ၁၉၇၅တွင် အမှုထမ်းဘဝကို စွန့်လွှတ်ပြီးနောက် စာတ်အဖွဲ့ စာတ်ညွှန်းနှင့် ဒါရိုက်တာ၊ ကျူရှင်ဆရာအဖြစ် ကျင်လည်ခဲ့သည်။

၁၉၇၀၊ အောက်တိုဘာလထုတ် မိုးဝေစာပေမဂ္ဂဇင်းတွင် ပထမဆုံး ပုံနှိပ်စာမူအဖြစ် 'ရန်ကုန်မြို့အလယ်' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ မိုးဝေစာပေမဂ္ဂဇင်းနှင့် ရှုမဝ ရုပ်စုံမဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ ဘာသာပြန်များ ရေးသားခဲ့သည်။ ပထမဆုံး လုံးချင်းဝတ္ထုမှာ 'လင်္ကာဒီပချစ်သူ'(၁၉၇၇) ဖြစ်ပြီး သူ၏ အထင်ရှားဆုံး ဝတ္ထုလည်းဖြစ်သည်။ သူ၏ အခြားထင်ရှားသော ဝတ္ထုများမှာ 'ချစ်သောပါဒကေရီ'(၁၉၇၉)၊ 'နှင်းကေသရာချစ်တဲ့သူရဲကောင်း' (၁၉၇၉)၊ 'သုဝဏ္ဏဘူမိဝေဒနာ' (၁၉၈၀)၊ 'ခုနစ်အိမ်တန်းက မဂျမ်းဘုံ' (၁၉၈၁)၊ 'တိမ်တိမ်တွေဖုံးပါလို့ အုန်းမြိမ့်မြိမ့်ညံ့' (၁၉၈၃) (၂၀၀၄)၊ 'ရွှေတိုက်စိုး' (၁၉၈၆)၊ 'ရတနာဂီရိ အကျဉ်းသား' (၁၉၈၉)၊ 'မဏိစန္ဒာဥဒါန်း' (၁၉၉၁)၊ 'ဘဒ္ဒါ' (၁၉၉၃)၊ 'ရာဇကုမာရ' (၁၉၉၄)၊ 'ရှင်စောပု' (၁၉၉၆)၊ 'လောကစံနှင့် လမ်းလျှောက်အတူထွက်ခြင်း'(၁၉၉၉)၊ 'သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေမယ့်

www.burmeseclassic.com

စကားများ’ (၁၉၉၉) တို့ ဖြစ်ကြသည်။ စာရေးသက် ၂၅ နှစ်အတွင်း ဗုဒ္ဓယဉ်ကျေးမှု နောက်ခံဝတ္ထု ၁၄ အုပ်၊ သမိုင်းနောက်ခံဝတ္ထု ၁၆ အုပ်၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပေါင်းချုပ် ၈ အုပ်၊ လူမှုရေး အတွေးအခေါ်ဆိုင်ရာ ၈ အုပ်၊ သုတေသန စာတမ်း ၅ စောင် ရေးသားထုတ်ဝေပြီး ဖြစ်သည်။

ချစ်ဦးညိုသည် စာပေရေးသားရင်း သဘင်မဂ္ဂဇင်း စာတည်းချုပ် (၁၉၈၃–၁၉၈၈)နှင့် ရွှေပြည်တန်ဂျာနယ် စာတည်းချုပ်(၁၉၉၉–၂၀၀၀) အဖြစ် လုပ်ခဲ့သည်။ ၁၉၉၇တွင် တက္ကသိုလ်ဘုန်းနိုင်၏ ‘သူ့ကျွန်မခံပြီ’ ဝတ္ထု ကို ရုပ်ရှင်ရိုက်ကူးရာ၌ ဇာတ်ညွှန်းနှင့် အနုပညာဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ၊ ဇာတ်သဘင် ပြိုင်ပွဲကဏ္ဍတွင် အကဲဖြတ် အဖွဲ့ခေါင်းဆောင်အဖြစ် နှစ်စဉ်တာဝန်ယူလျက်ရှိသည်။ ၁၉၉၈ – ၂၀၀၂ နှစ်များအတွင်းတွင် စင်ကာပူ၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ မလေးရှားနှင့် အမေရိကန်နိုင်ငံများသို့ စာပေနှင့် ယဉ်ကျေးမှု အနုပညာဆိုင်ရာ လုပ်ငန်းများအတွက် သွားရောက်ခဲ့သည်။

ယခုတိုင် စာပေရေးသားခြင်း၊ ဇာတ်ညွှန်းရေးသားခြင်း လုပ်ငန်းများအပြင် ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ်တွင် ပညာရေးအဖွဲ့ဝင်၊ ပြင်ပ စာစစ်မှူးနှင့် ဇာတ်သဘင်ပညာဌာန အကြံပေး အဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

◆

www.burmeseclassic.com

# မလေးမဆိစနွှာ

ချစ်ဦးညို

www.burmeseclassic.com

# တစ်

"ခရမ်းရောင်နဲ့ အစိမ်းရောင်တောက်နေတဲ့ ကောင်းကင်ကို ဆရာ အရင်တုန်းက မြင်ဖူးသလား၊ ဆရာတော့ မသိဘူး။ ကျွန်တော် တော့ ဒီရောက်မှ မြင်ဖူးတော့တာပဲ။ ကောင်းကင်မှာ ဒီအရောင် ထွက်နေတာကို ကျွန်တော် သိပ်သဘောကျတယ်"

"ဗျာ...."

ကုလားတန်မြစ်ကို ဖြတ်လာသည့် ပင်လယ်လေက ကျွန်တော်တို့ နှစ်ယောက်ကြားမှ တိုးဝှေ့သွားသည်။ နွေးထွေး သော ပင်လယ်လေ၏ အတွေ့အထိကို အမှတ်တရ ခံစားနေမိ သောကြောင့် ဆရာ ဦးရင်မောင်၏ စကားကို ကြားပါလျက် ကျွန်တော် နားမလည်။

ကောင်းကင်၊ ခရမ်းရောင်၊ အစိမ်းရောင်....

www.burmeseclassic.com

“ဆရာ ဘာပြောလိုက်တာလဲ”

“ဟိုမှာ ကြည့်လေဗျာ”

အနောက်ဘက်မိုးကုပ်စက်ဝိုင်းဆီသို့ ဆရာဦးရင်မောင်က ညွှန်သည်။ ကျွန်တော် လိုက်ကြည့်သည်။ ဝင်အံ့ နေခြည်ဖြာလက်နေသော တိမ်စု၊ ကောင်းကင်တစ်ခွင်တစ်ပြင်....

“ဘာတွေလဲဗျ”

“တိမ်တွေ တွေ့တယ်လေ”

“တိမ်တွေက ဘာရောင်တောက်နေသလဲဗျာ”

တိမ်တွေက....

သူပြောမှပင် အသွေးစုံယှက်ဖြာသော တိမ်စုတို့ကို ကျွန်တော် ဂရုစိုက်ကြည့်မိသည်။ ဝင်လုဆဲနေ၊ ပင်လယ်ပြင် ရွှေအနားကွပ် တိမ်ဖြူ၊ တိမ်နီ၊ တိမ်ဝါ၊ ထို့နောက် ကောင်းကင်ပြာ။

မြင်ရသည့်အတိုင်းပင် ကျွန်တော် အဖြေပေးလိုက်သည်။ “အနီရောင်၊ အဝါရောင်၊ ရွှေရောင်များ။ ဒါ.... နေဝန်းဆည်းဆာရဲ့ သမားရိုးကျအရောင်တွေပဲပေါ့။ ဘာဖြစ်လို့လဲ”

“အသေအချာကြည့်ပါဦးဗျ”

ကျွန်တော် ထပ်ကြည့်သည်။

“အဲ.... ဟုတ်ပြီ၊ ငွေရောင်ဗျာ၊ ပြီးတော့ ခဲရောင်”

“ထပ်ကြည့်ပါဦးဗျာ”

ဆရာဦးရင်မောင်ကို ကျွန်တော် လက်လျှော့ရပြီ။ သူသည် ဤဖွင့်ကာစ ‘စစ်တွေကောလိပ်’သို့ ပထမဦးစွာ ပြောင်းရွှေ့

www.burmeseclassic.com

BURMESE CLASSIC .com

ရောက်ရှိလာကြကုန်သော ကျွန်တော်တို့ နည်းပြဆရာများထဲတွင် အနုပညာ ဝါသနာ အထုံဆုံး၊ အနုပညာဓာတ်ခံ အကြီးမားဆုံး လူတစ်ယောက် ဖြစ်သည်ကို ဆရာတွေသာမက ကျောင်းသူ ကျောင်းသား အသိုင်းအဝိုင်းကလည်း သိထားသူ ဖြစ်သည်။

ပြီးတော့ သူသည် ဒဿနိကဗေဒဌာနနည်းပြ၊ သူ့ပညာ သူ့ဘာသာရပ်နှင့် သူ့သဘာဝတို့ လိုက်လျောညီထွေရှိချေသည်။ သူ စကားကို အေးဆေး ဖြည်းလေးစွာ ပြောတတ်သည်။ တွေးတောချိန်ဆရှိသည်။ နူးညံ့သိမ်မွေ့သည်။ သူနှင့် အနီးကပ်ဆုံး ကျွန်တော်သည် သူ့အကြောင်းကို အသိဆုံးလည်းဖြစ်သည်။

အတွေးအခေါ်သမား သူ၏ စကားလုံးတိုင်း နောက်ကွယ်တွင် သူ တွေးထားသည့် အတွေးများအပြင် ကြားရသူ နာရသူပါ လိုက်တွေးစေတတ်သော အတွေးများ ပါရှိတတ်သည်။

ဦးရင်မောင်သည် နှုတ်ဖျားမှ လာသော စကားမျိုးကို ဘယ်တုန်းကမှ မပြောဆိုဖူးခဲ့၊ သူ့နှုတ်ထွက် စကားလုံးတိုင်းမှာ အတွေးအင်အားတို့ ပါနေသည်ချည်းသာပင်။ ထို့ကြောင့် တစ်ခါတစ်ရံ သူ့စကားအသုံးတို့မှာ ရုတ်တရက်အဖို့ အဓိပ္ပာယ် ငုပ်နေတတ်သည်။ ဘာဆိုလိုသည်ကို မသိရ။

ယခုလည်း အနောက်ဘက် ကောင်းကင်၏ မိုးကုပ် စက်ဝိုင်းဆီမှ တိမ်တွေကို ညွှန်ပြရင်း တိမ်၏ အရောင်တွေကို ကျွန်တော့်အား ကြည့်ခိုင်းနေသည်။ ကျွန်တော် မြင်သမျှ ပြောသည်။ မဟုတ်သေးတဲ့။

www.burmeseclassic.com

နေဝင်ဆည်းဆာ၏ တိမ်တောက်ရောင်များမှာ ဘာဆန်းသလဲ။

ရွှေရောင်၊ အနီရောင်၊ အဝါရောင်၊ ငွေရောင်၊ ခဲရောင်၊ ဒါပဲရှိမည်။ ကျွန်တော် မြင်ရသည်မှာလည်း ဒါတွေပဲ ဖြစ်သည်။

"ဆရာပြောတဲ့အထဲမှာ အနီရောင်၊ ရွှေရောင်၊ အဝါရောင်၊ ပြီးတော့ ကောင်းကင်ပြာလဲ ပါတယ်နော်"

"အင်းလေဗျာ"

"ဟိုး မြောက်ဘက်ယွန်းယွန်း အလိပ်လိပ်ထနေတဲ့ အစုထဲကို ကြည့်စမ်းဗျာ။ ကောင်းကင်ပြာနဲ့ ပုစွန်ဆီရောင်နဲ့ မထိတထိလေး ခတ်နေတဲ့နေရာမှာ ဘာရောင်လေး တောက်နေသလဲ"

သူ ပြသည့်နေရာသို့ ကျွန်တော် ကြိုးစား၍ကြည့်ရသည်။

"အား.... ဟုတ်ပြီဗျို့။ အနီနဲ့အပြာနေ၊ မရမ်းရောင်"

"မရမ်း မဟုတ်ဘူးဗျ။ ခရမ်း၊ ခရမ်း၊ ဗိုင်အိုလက်၊ ခရမ်းက အနီနဲ့အဝါဘက်ကို လုတယ်။ ခရမ်းက အပြာဘက်ကို လုတယ်။ ခရမ်းရောင်ရဲ့ အဓိပ္ပာယ်က ရှုပ်ထွေးနက်ရှိုင်းခြင်း၊ မဟာဆန်ခြင်း၊ အလှမ်းကွာခြင်း၊ ငုပ်လျှိုးတိမ်မြုပ်ခြင်း....တဲ့"

"ဟုတ်ပါပြီ.... ခရမ်းရောင်"

"နောက်တစ်ခုကြည့်ဦးဗျာ။ ဟိုတောင်ဖက်နားဆီမှာ အမျှင်စလေးတွေယှက်နေတဲ့နေရာ၊တွေ့လား၊ အဲဒီမှာ ကောင်းကင်ပြာရဲ့ အပြာအားက အတော်ကြီးတယ်။ တိမ်က ပါးပါးလှပ်လှပ်ကျဲသွားလေတော့ နေရောင်ကလဲ ဖောက်ထွက်နေလေတော့၊

www.burmeseclassic.com

ရွှေဝါရောင်ဖျော့ဖျော့လေး စွန်းထင်းနေတယ်။ အဲဒီ ရွှေဝါရောင် ပေါ်မှာ ကောင်းကင်ရဲ့ အပြာနုနဲ့ ထပ်လိုက်စမ်းဗျာ။ ဘာရောင် ထွက်နေသလဲ"

"ဟုတ်တယ် အစိမ်းရောက်ကို ကျွန်တော် တွေ့ရပြီ"

"ကိုင်း ဟုတ်ပြီလား၊ ကျွန်တော်ပြောတာ ခရမ်းရောင်နဲ့ အစိမ်းရောင်တိမ်ကို ဆရာ ဘယ်မှာ တွေ့ဖူးသလဲ"

သူ ပထမဆုံး ပြောလိုက်သည့်စကားကို ယခုမှပင် ကျွန်တော် လိပ်ပတ်လည်တော့သည်။ ခရမ်းရောင်နှင့် အစိမ်းရောင် ထွက်နေသော ကောင်းကင်။

"မလှဖူးလား"

"တကယ် လှတာပေါ့ဗျာ"

ကျွန်တော်တို့ နှစ်ယောက်စလုံး ရယ်မိကြသည်။ သူ့ရယ်သံကား ခြောက်သွေ့နေပေသည်။

"အင်း.... ကျွန်တော်တို့မှာလဲ ကောင်းကင်ကြည့်လိုက်၊ ပင်လယ်ကြည့်လိုက်၊ ကုလားတန်မြစ်ရေပြင်ပေါ်က လှိုင်းကြပ်ခွပ် လေးတွေ ကြည့်လိုက်၊ တစ်ခါတစ်ခါ အုန်းတောသွားလိုက်၊ နေဗိုလ် ပွိုင့်သွား၊ သောင်ပြင်မှာ ပျော်ပွဲစားလိုက်နဲ့ ပြန်တွေးကြည့်တော့ သဘာဝအလှတွေနဲ့ချည်း အချိန်ကုန်နေရတော့တာပဲ"

သူ့လေသံသည် ညည်းညူသံမဟုတ်၊ တရားသံဝေယူသံ လိုလို ဖြစ်နေသည်။ ဆရာ ကိုရင်မောင်ကား လောကကို အမြဲ တမ်း ဤသို့ ခွင့်လွှတ်သော မျက်လုံးများဖြင့် ကြည့်တတ်သူပင်။

www.burmeseclassic.com
BURMESE CLASSIC .com

သာမန်အားဖြင့် ကြည့်လျှင် ဆရာကိုရင်မောင်သည် အတွေးသမား၊ အဆွေးသမားဟု ထင်စရာ။ နူးညံ့ညင်သာသော သူ့လှုပ်ရှားမှုနှင့် ပြောပုံဆိုပုံများကကို စိတ်ကူးယဉ်သမားဟု ထင်စရာ။ သို့သော် သူသည် ကျွန်တော်တို့အားလုံးထဲတွင် တာကယ်တမ်း ခံနိုင်ရည်ရှိသူပေပင်။

ကျွန်တော်တို့ဟူသည်ကား ဤဖွင့်စ စစ်တွေကောလိပ်သို့ ပိုင်အိုးနီးယားအုပ်စုအဖြစ် ဦးမွန်မဆွ ရောက်ရှိလာကြသည့် ဌာန အသီးသီးက ကျူတာများ ကထိကများပင်တည်း။

အနယ်နယ် အရပ်ရပ် တက္ကသိုလ်ကောလိပ်မှ 'ထရန်စဖာ' ရလာခဲ့ကြကုန်သော ကျွန်တော်တို့သည် စစ်တွေတွင် လာရောက် တွေ့ဆုံကြသည်။ ကောလိပ်ဖွင့်သည့်ကာလ ဆိုသော်လည်း သင်တန်းများက အပြည့်အစုံ မဖွင့်သေး။ ကျွန်တော်တို့ ဆရာ တစ်စုသည် အဆောက်အအုံသစ်ကြီး၏ အပေါ်ထပ် အခန်း ကျယ်ကြီးတွင် ဘော်ဒါကျောင်းသားများလို ခုတင်တစ်လုံးစီ၊ စားပွဲတစ်လုံးစီဖြင့် စုနေကြရသည်။ သည်ရောက်မှ တစ်ယောက်ကို တစ်ယောက် မိတ်ဖွဲ့ကြရသည်။

စစ်တွေသည် ဆရာအားလုံးအတွက် ဒေသစိမ်း၊ နယ်စိမ်း ဖြစ်နေသည်။ အတွေ့အကြုံသစ်၊ နေရာသစ်၊ ဘဝသစ်။

နေ့ချင်းညချင်း မိတ်ဆွေဖွဲ့လိုက်ကြရသော ဆရာတွေ အချင်းချင်းကလွဲ၍ စစ်တွေမြို့ပေါ်တွင် အသိအကျွမ်းမရှိကြ။ ဘယ်သွားလို့ ဘယ်လာရမှန်း မသိကြ။

www.burmeseclassic.com

'ထရန်စဖာအော်ဒါ'တွင် 'စစ်တွေ'ဟု ဆိုလိုက်ကတည်းက အားလုံးစိတ်ထဲတွင် တစ်ခုတည်းသောအသိ ဝင်လာခဲ့ကြသည်။ 'အဝေးကြီးပါလား' ဟူသော အသိ။

ဆရာတွေချင်းပင် ယခုမှ အသိမိတ်ဆွေဖြစ်ကြရသည့်အတွက် ဆရာမတွေဆိုလျှင် ပြောစရာ မလိုတော့။ ဆရာမတွေက ကျောင်းအဝင်ဝက မိုလ်တဲလို အိမ်ကလေးမှာစုနေကြသည်။ ဆရာမတွေကိုလည်း ကျွန်တော်တို့ မတွေ့ဖူးသေး။ အသိအကျွမ်း မဖြစ်ကြသေး။

ထိုအခါ ဌာနအသီးသီးက ဆရာများအားလုံးထံမှ ညီညာဖြဖြ မှုတသော ညည်းသံများ ထွက်လာကြတော့သည်။

အင်္ဂလိပ်စာဌာနက ကထိကဆရာ ဦးအောင်ဘန်းသည် ညနေတိုင်ဆိုလျှင် အဆောင်လက်ရမ်းပေါ်တွင် လက်ထောက်ရင်း ကျောင်းဝင်းထဲက အရွက်မဲ့ အရိုးပြိုင်းပြိုင်း သစ်ခြောက်ပင်ကြီးကို ကြည့်ကာ 'အိုး.... ဟောနတက်ဒ်ထရီး.... ဟောနတက်ဒ်ထရီး'ဟု ညည်းနေတတ်သည်။ ဆရာသည် အင်္ဂလိပ်စာ ဆရာအဖြစ်ကို ဂုဏ်မြောက်ပီသစွာ ပိုင်ဆိုင်ထားသူပင်။ တတွတ်တွတ် အင်္ဂလိပ်လို ရေရွတ်ကာ သူ့ ထရန်စစ္စတာ အိတ်ဆောင် ရေဒီယိုလေးကို ထုတ်လျက် အင်္ဂလိပ်ပိုင်း အသံလွှင့်ချက်ကိုဖမ်းရင်း သူ့ကိုယ်သူ နှစ်သိမ့်နေတတ်သည်။

ဆရာတွေထဲတွင် စားဖိုမှူးတာဝန်ကျသော အင်္ဂလိပ်စာဌာနမှ ဆရာဦးလွန်းဦးအား မနက်ဈေးဝယ်ရာမှ ပြန်လာတိုင်း

www.burmeseclassic.com
BURMESE CLASSIC .com

"ဘယ်လောက်ဈေးမှန်းလဲ မသိဘူး။ အပုံလိုက် အပုံလိုက်တွေ့လို့ ဝယ်ချလာတာပဲ။ ငါးတွေ၊ ပုစွန်တွေကတော့ ပေါမှ ပေါဗျို့။ ဒါပေမယ့် ကျွန်တော်ပြောတာလဲ သူတို့မသိ။ သူတို့ ပြောတာလဲ ကျွန်တော် နားမလည်၊ ပြဿနာပါပဲဗျာ" ဟု တညည်းညည်း တညူညူဆိုရင်း ကြီးမားဝဖိုင့်သော သူ့ခန္ဓာကိုယ်ကို ပေါ့ပါးစွာ သယ်ဆောင်သွားသည်။

ရန်ကုန်တွင် ကျန်ရစ်သော ဖနီးထံ အချိန်ရှိသမျှ စာရေးနေတတ်ပြီး ကျောင်းနှင့် စာတိုက်ကို တစ်နေ့နှစ်ခေါက် မှန်မှန် သွားတတ်သည့် သမိုင်းဌာနက ဆရာဂျိုးဇက်သန်းမောင်။

မနက်တိုင်း ဈေးထဲသွားကာ ချစ်သူအတွက် ရခိုင်လုံချည် တစ်နေ့တစ်ထည်နှုန်းလောက် ဝယ်ရင်း အလွမ်းဖြေတတ်သည့် ပထဝီဝင်ဌာနက ဆရာ ဦးပြည်ငြိမ်း။

တစ်ခုတင်ပြီး တစ်ခုတင် ပြောင်းရင်း စကားတွေ ဖောင်ဖောင်ပြောကာ တစ်ခုခုအတွက် သူ့အလွမ်း သူ ဖြေနေပုံရသော ရူပဗေဒဌာနက ဆရာ ဦးခင်မောင်မောင်သန်း။

'တွေးနေ ဆွေးနေရင် သေွးလေးတယ်ဗျို့။ ငှက်ဖျားဝင်လာမှာလဲ ကြောက်ရသေးတယ်' ဟု တစ်ယောက်တည်း ထကြွေးကြော်ကာ ရက်ကက်ကိုကောက်ကိုင်၍ အားကစား ခန်းမထဲ ဆင်းပြီး သဲသဲမဲမဲ ကြက်တောင်ရိုက်တတ်သော ဆရာ ဦးမြင့်ဆွေ။

"ကိုယ့်လူတို့ထကြ.... ထကြ၊ကမ်းနားလမ်းလျှောက်မယ်။ ပြီးတော့ မြို့ထဲဝင်ပြီး ဘဲသားမုန့်နဲ့ အိုဗာလ်တင်းသောက်မယ်" ဟု

www.burmeseclassic.com

နှီးဆော်တတ်သည့် ဓာတုဗေဒဆရာ ဦးစိန်သင်း။

သူနည်းသူ့ဟန်ဖြင့်တော့ အားလုံး အလွမ်းဖြေနေကြသည် ချည်းသာပင်။ ဖော်ကွာဝေး၊ ဆွေးစိတ်ပို၊ တစ်ကိုယ်တည်း၊ အထီး ကျန်စိတ်များက ကျွန်တော်တို့ဆရာတွေ ကြားထဲမှာ ကူးယှက် ပျံ့နှံ့နေကြသည်။ တစ်နည်းနည်းနှင့်တော့ ကိုယ့်အလွမ်းကိုယ် ဖြေသိမ့်ကြရသည်ချည်းသာ။

သည်အထဲတွင် ဆရာ ဦးရင်မောင်သည် ကံကောင်းသူဟု ကျွန်တော်မြင်သည်။ သူနှင့် ပေါင်းသင်းကြည့်သောအခါလည်း သူသည် ပင်ကိုကပင် ငြိမ်သက်သူဖြစ်ကြောင်း တွေ့ရသည်။

နေရာသစ်၊ အတွေ့အကြုံသစ်၊ လူသစ်၊ ဘဝသစ်၊ သူစိမ်း ဆန်သော လောကသစ်ထဲတွင် ဦးရင်မောင်သည် ထူးပြီး မခံစား တတ်တော့သော ခံစားမှုမျိုးဖြင့် ရင့်ကျက်နေလေသည်။

"ကျွန်တော်က ဆရာ့လို လက်စလက်န မရှိဘူး။ စာရေး ချင်စိတ်ထက်၊ စာဖတ်ချင်စိတ်က ပိုများနေတယ် ထင်တယ်။ စာဖတ်နေရရင် ကျွန်တော် အားလုံးကို မေ့ပျောက်ထားလို့ရတယ်" ဟု သူ ကျွန်တော့်ကို ပြောတတ်သည်။ ပြောသည့်အတိုင်းလည်း အချိန်ရှိသရွေ့ စာအုပ်နှင့် မျက်နှာမခွာ။ ယုတ်စွအဆုံး ထမင်း စားခန်းထဲမှာပင် စာဖတ်သည့် 'စတင်း' လေးတစ်ခုကို စားပွဲ ပေါ်တင်၊ စာအုပ်ကိုဖွင့် စာဖတ်ရင်း ထမင်းစားတတ်သူ။

ဦးရင်မောင်နှင့် ကျွန်တော် တွဲမိခြင်းမှာလည်း စာရေး စာဖတ် ဝါသနာတူကြသောကြောင့်ပင် ဖြစ်သည်။ ထို့ပြင်

www.burmeseclassic.com

ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ နည်းပြဆရာလုပ်သက် တစ်နှစ်ခွဲစီခန့်သာ ရှိကြသေးသည်။ သူက ကျွန်တော့်ထက် အသက်နှစ်နှစ်လောက်ကြီးသည်။ 'ဦး' တပ်ခေါ်နေကြသော်လည်း ကျွန်တော်တို့မှာ အသက်သုံးဆယ်ပင် မပြည့်တတ်ကြသေး။ ကျွန်တော်က မန္တလေးတက္ကသိုလ်မှ ပြောင်းရွှေ့လာသူ။ သူက ရန်ကုန်လုပ်သားကောလိပ်က ပြောင်းရွှေ့လာသူ၊ စစ်တွေကောလိပ်ရောက်မှ သိကြခြင်းဖြစ်သော်လည်း 'စာဝါသနာ'က ကျွန်တော်တို့နှစ်ယောက်ကို လျင်မြန်စွာ နီးကပ်သွားစေခဲ့သည်။

ထို့ကြောင့် ဦးရင်မောင်ကို အခြား ဆရာတွေထက်ပို၍ ကျွန်တော်က နားလည်သည်ဟု ကျွန်တော်ယုံသည်။ သူသည် အဆွေးသမား မဟုတ်သော အဆွေးသမား။

သို့တိုင်အောင်ပင် တစ်ခါတစ်ခါ အဓိပ္ပာယ် ငုပ်လွန်းသော သူ့စကားစတို့ကို ကျွန်တော် နားမလည်ရှိရချေသည်။

"ဆရာ၊ ဘာတွေ စဉ်းစားနေတာလဲ"

ဦးရင်မောင်၏ အမေးကြောင့် ကျွန်တော့် ပြန်ပြောင်းသုံးသပ်ချက် အတွေးတို့ လက်စသတ်သွားရလေသည်။

"အားလုံးအကြောင်းပါပဲ"

"စစ်တွေကောလိပ်ရောက် ကျွန်တော်တို့ရဲ့ အကြောင်းလား"

သူ့ကို ကျွန်တော် တအံ့တသြ ကြည့်မိသည်။

"ခုလို ညနေအချိန်၊ ခုလို ကုလားတန်မြစ်ရိုးတစ်လျှောက် လမ်းလျှောက်ရင်း ဆရာ့အဖို့ တွေးစရာက ဆရာရေးနေတယ်

www.burmeseclassic.com



ဆိုတဲ့ ပြဇာတ် ဇာတ်ညွှန်း အကြောင်းသော်လည်းကောင်း၊ ဒါမှမဟုတ် ကျွန်တော်တို့ အကြောင်းသော်လည်းကောင်း ဒီနှစ်ခု အနက် တစ်ခုပဲ ဖြစ်ရမယ်"

"ဒီဆရာက အားလုံးအကြောင်းပါပဲ ဆိုလိုက်တော့ ဇာတ်ညွှန်းအကြောင်း မဖြစ်နိုင်တော့ဘူးလေ။ ကျွန်တော်တို့ အကြောင်းပဲ ဖြစ်ရတော့မှာပေါ့ မဟုတ်ဖူးလား"

"တွေးလုံးတယ်နိုင်ပါလား ဆရာကြီး"

ဦးစံရှားကို ဦးသိန်းမောင်က ထောက်လိုက်သည့် လေသံမျိုးဖြင့် ကျွန်တော်က ရေရွတ်လိုက်သည်။ ကျွန်တော့် ဟာသကို သဘောပေါက် နားလည်စွာ သူ ပြုံးရယ်လေသည်။

"ကျုပ်က ကြောင်းကျိုးဆက်စပ် တွေးခေါ်နည်းကို လေ့ကျင့်ထားတာကလား ကိုသိန်းမောင်ရဲ့"

ကျွန်တော်တို့ နှစ်ယောက်စလုံး ရယ်ဖြစ်ကြလေသည်။ ရယ်ရင်းမှ တစ်စုံတစ်ခုကို ကျွန်တော် သတိရလိုက်သည်။

"နေစမ်းပါဦး ဆရာ၊ တိမ်ခရမ်းရောင်နဲ့ အစိမ်းရောင် အကြောင်းကို ဆက်စမ်းပါဦး။ ဆရာပြလို့ ဒီအရောင်နှစ်ခုကို ကျွန်တော် မြင်လိုက်ပြီးပြီ၊ အဲဒီလိုမြင်ရတော့ ဘာဖြစ်သလဲ"

သူ့အရယ်လည်း ရပ်တန့်သွားသည်။ ထုံးစံအတိုင်း အဝေးဆီသို့ တမျှော်တခေါ် သူ ငေးကြည့်သည်။

"အရောင်တွေရဲ့ အဓိပ္ပာယ်ကို ပြောတာပါ"

"အရောင်တွေရဲ့ အဓိပ္ပာယ်"

www.burmeseclassic.com

"ဟုတ်တယ်။ ခရမ်းရောင်ဆိုတာ မဟာဆန်ခြင်း၊ လျှို့ဝှက်ခြင်း၊ ရှုပ်ထွေးနက်ရှိုင်းခြင်း၊ ဝေးကွာလွင့်စင်ခြင်း အဓိပ္ပာယ်ကိုဆောင်တယ်။ အစိမ်းရောင်ကတော့ ရှင်းပြီးသားပဲ"

"အစိမ်းရောင်က စိမ်းကားခြင်း၊ မုန်းတီးခြင်းဗျာ .... ကဲ အဲဒီတော့ကော ဘာဖြစ်သလဲ"

"ဘာမှမဖြစ်ပါဘူးဗျာ .... ဒါပါပဲ၊ ကိုင်း မှောင်တော့မယ် ပြန်ကြရအောင်"

ဦးရင်မောင်သည် စကားကို တုံးတိတိဖြတ်ချကာ ကောလိပ်ဘက်သို့ ရှိုးကွေ့သော လမ်းအတိုင်း လျှောက်သွားသည်။ လမ်းမီးတိုင်တို့ ပွင့်လာကြသည်။ ဆည်းဆာရောင် တောက်ဆဲဖြစ်၍ မီးရောင်သည် လမ်းပေါ်သို့ ဖြာမကျနိုင်။ မီးပွင့်ရောင်နှင့် ချုပ်ညရီ အလင်းရောင်ကြားတွင် အဆင်မပြေသော နီကြန်ကြန်အရောင် ဖြစ်ပေါ်နေသည်။ လင်းလည်းမလင်း မှောင်လည်းမမှောင် ကျွန်တော့်ရင်ထဲတွင်လည်း မတင်မကျ။

www.burmeseclassic.com

# ၅

ညနေခင်းက ရာသီဥတုသာယာသလောက် ညဘက်တွင် မိုးသားတို့ တစ်ခဲနက် ပိတ်ဆို့လာကြကာ စစ်တွေတစ်မြို့လုံး အပေါ်သို့ တိမ်ခဲကြီးများ အုပ်မိုးလိုက်သလို ဖြစ်သွားသည်။

အခန်းကျယ်ကြီးထဲတွင် ဆရာတွေစုပြီး ဟောလီးဝုဒ် ကစားကြသည်။ စကရယ်ဘလ် ကစားကြသည်။ ဓာတုဗေဒ ဦးစိန်သင်းက နေ့ခင်းက စုဝယ်ခဲ့ကြသော မာလကာဗိုက်တာမင် ဆေးလုံးတစ်တောင့်ကို ရှေ့တွင်ပုံကာအချိုးကျခွဲနေသည်။ ပထဝီဝင် ဦးပြည်ငြိမ်းက သူ့ 'မမလေး' အတွက်ဝယ်ထားသော ရခိုင်လုံချည်တွေကို သေတ္တာထဲမှ ထုတ်ကြည့်သည်။ အင်္ဂလိပ်စာ ဦးအောင်ဘန်းလည်း သူ့ထရန်စစ္စတာကိုဖွင့်ပိုက်လျက် ခုတင်ပေါ်မှာ ဆောင်အထပ်ထပ်နှင့် ကွေးသည်။ ဦးခင်မောင်မောင်သန်းက

www.burmeseclassic.com

အဘိဓာန်တစ်အုပ်နှင့် စကရယ်ဘလ် ဗိုင်းနားတွင် ထိုင်သည်။ ဗိုက်တာမင် ဆေးလုံးကြေး ကစားနေကြသော ဟောလီးဝုဒ်ဝိုင်းက အသံအကျယ်ဆုံး။

ရေးလက်စ ပြဇာတ် ဇာတ်ညွှန်းစာရွက် ဖိုင်ကိုယူ၍ ကျွန်တော် အခန်းထဲမှ ထွက်ခဲ့သည်။ ကျွန်တော်တို့၏ အခန်းကျယ်ကြီး၏တစ်ဖက် လှေကားထိပ် စင်္ကြံအတိုင်းသွားလျှင် အင်္ဂလိပ် အက္ခရာ 'အီး' ပုံစံ၏ အလယ်တန်းအဆောင်သို့ ရောက်သည်။ ထိုအဆောင်တွင် ဌာနအသီးသီး၏ ရုံးခန်းများရှိသည်။ ကျွန်တော့်ဌာန အခန်းမီးကိုဖွင့်ကာ ဇာတ်ညွှန်းဖိုင်ကို စားပွဲပေါ် တင်လိုက်သည်။

အပြင်ဘက်တွင် ပိန်းပိတ်သားမှောင်နေပြီ။ သို့သော် အခန်းထဲတွင်မူ မီးရောင်လင်းသည်။ ဇာတ်ညွှန်းကို ဖွင့်လိုက်သည်။ အိန္ဒိယပြဇာတ် 'သသိလေခါ' ကို စင်တင်ကရန် ကျွန်တော် ဇာတ်ညွှန်း ခွဲလက်စဖြစ်သည်။ ရန်ကုန်မှ ဇာတ်အဖွဲ့ တစ်ဖွဲ့သို့ ပေးရန် ကျွန်တော် ကတိခံခဲ့ပြီး ဖြစ်သည်။ အခြားသူများလိုပင် ခံစားရသော အိမ်လွမ်းစိတ်၊ အထီးကျန်စိတ်ကို ဇာတ်ညွှန်းရေးခြင်းဖြင့်သာ ကျွန်တော် ဖြေဖျောက်ရတော့မည်။

ဇာတ်ညွှန်းစာရွက်လှန်ရန် စာရွက်ပေါ်သို့ လက် တင်လိုက်သည့်အချိန်မှာပင် တစ်ဖက်ခန်းမှ အသံတစ်သံ ကြားလိုက်ရသည်။ စာရွက်လှန်သံ။

ထိုအခန်းကား ဒဿနိကဗေဒဌာန ရုံးခန်း။ အထဲမှာ

www.burmeseclassic.com


ရှိနေသူသည် ဦးရင်မောင်မှတစ်ပါး အခြားမဖြစ်နိုင်။

"ဆရာ ဦးရင်မောင်လား"

"ဟုတ်တယ် ဆရာရေ့။ ဆရာ ဓာတ်ညွှန်း ရေးမလို့ မဟုတ်လား၊ ဆရာဝင်လာတာ ကျွန်တော် သိတယ်။ မနှောင့်ယှက်ချင်တာနဲ့"

သူ့အသံ ပြတ်သွားသည်။ အမှတ်တမဲ့ပင် ပိန်းပိတ်မည်းမှောင်လျက်ရှိသော အပြင်ဘက်ဆီသို့ ကျွန်တော် ကြည့်မိသည်။ အပြင်တွင် တစ်ခဲနက်အမှောင်။ အခန်းထဲတွင်ကား မီးရောင်ဖြင့် လင်းလျက်။

ညနေက အဖြစ်ကို ဖြတ်ခနဲ သတိရလိုက်သည်။ လမ်းမီးတိုင်မှ မီးပွင့်များကလည်း မလင်းတတ်သေး၊ ညနေအိုး၏ အလင်းစတို့လည်း မမှောင်တတ်သေးသော နီမြန်းမြန်း အဆင်းကာလ၊ မှောင်လည်းမမှောင်၊ လင်းလည်းမလင်း။ ထို့အတူ ညနေက ဦးရင်မောင်နှင့် ပတ်သက်သော ကျွန်တော့်အတွေးတို့လည်း မတင်မကျ။

ယခု အပြင်တွင် ပကတိအမှောင်အခန်းထဲတွင် အလင်း။ အမှောင်နှင့် အလင်းသည် ဤသို့သာ ပြတ်သားတိကျစွာ ရှိနေသင့်သည်။ မှောင်ချင်လည်း မှောင်၊ လင်းချင်လည်း လင်း။ မလင်းမမှောင်ကို ကျွန်တော်မကြိုက်၊ ထို့အတူ ဦးရင်မောင်၏ စကားတွေနှင့်ပတ်သက်သော ကျွန်တော့်အတွေးကိုလည်း ကျွန်တော်သည်အတိုင်း လက်မခံချင်။

www.burmeseclassic.com

သိလိုစိတ်ပြင်းပြစွာ သူ့အခန်းဘက်သို့ ကူးခဲ့သည်။

"လာ.... ဆရာ.... ထိုင်၊ စာတ်ညွှန်း ဘယ်အခန်းရောက်နေပြီလဲ"

ထုံးစံအတိုင်း သူ့စားပွဲပေါ်တွင် ဖတ်လက်စ ပွင့်လျက်သား စာအုပ်တစ်အုပ်ကို တွေ့ရသည်။ သို့သော် ပွင့်နေသော စာမျက်နှာပေါ်တွင် တစ်စုံတစ်ခုရှိနေသည်။ ထိုအရာကား.... စာအိတ်တစ်အိတ်။

"ဘာဖတ်နေသလဲ ဆရာ"

ဦးရင်မောင်က အဖုံးဘက်သို့ ငဲ့စောင်းပြသည်။

'ခင်မျိုးချစ်'၏ 'အနော်ရထာအော့ဖ်ဘားမား'

"ဖတ်ပြီးသားပါ။ ပြန်ဖတ်နေတာ"

သူ့ကို စကားပြောခွင့်မပေးတော့ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ သူ့စကားလုံးတို့နောက်တွင် ရှာဖွေယူရမည့် အတွေးအမိပ္ပာယ်တို့ ပါလာကြဦးမည်။ ကျွန်တော် မဆိုင်းမတွ ပြောလိုက်သည်။ လိုရင်းကိုသာ ဦးတည်လိုက်သည်။

"ညနေက ခရမ်းရောင်နဲ့ အစိမ်းရောင်အကြောင်း စကားဆက်ကြရအောင်ဗျာ"

အေးဆေးငြိမ်သက်လှသော သူ့အသွင် ရုတ်တရက် တုန်လှုပ်သွားသည်ဟု ထင်ရသည်။ လှုပ်လှုပ်ရှားရှား ဖြစ်သွားသော ဤအမူအယာမျိုးကို သူ့ထံတွင် ကျွန်တော် မတွေ့ဖူးခဲ့။

ကျွန်တော်တို့ အတန်ကြာအောင် မျက်လုံးချင်းဆိုင်လျက်

www.burmeseclassic.com

ရှိကြသည်။ မျက်လုံးနှစ်စုံတို့သည် အပြန်အလှန် စူးစမ်းရှာဖွေနေကြပေမည်။ လူရိပ်လူကဲ စိတ်သဘာဝကို မြင်တတ်လွန်းသောသူက ကျွန်တော့်အကြည့်များ၏ အဓိပ္ပာယ်ကို ဦးစွာ နားလည်သွားဟန်တူသည်။

ထိုခဏမှာပင် အလုံးစုံကို သူ နားလည်သွားဟန်တူသည်။

"ထိုင်.... ဆရာ"

ကျွန်တော် ဝင်ထိုင်လိုက်သည်။

"ညနေက အရောင်အသွေးစုံတဲ့ တိမ်တွေကို ကြည့်ရင်း ကျွန်တော့်စိတ်တွေ ပျံ့လွင့်သွားခဲ့တယ်။ ဒါကို မျိုသိပ်ဖို့ သတိမရခဲ့ပဲ ဆရာ့ကို ကျွန်တော် တစ်စွန်းတစ်စ ဖွင့်ထုတ်မိခဲ့တယ်။ ခရမ်းရောင်နဲ့ အစိမ်းရောင်တဲ့၊ ဆရာ ဘာကိုမှ နားမလည်ခဲ့ပဲ သည်အတိုင်း ကျန်ရစ်ခဲ့တယ်။ ဟုတ်တယ်၊ ဆရာသိချင်မှာပဲ။ တစ်ဝက်တစ်ပျက်နဲ့ လျှို့ဝှက်စွာ အသိပေးခဲ့တာဟာ မိတ်ဆွေကောင်းတို့ရဲ့ ရင်းနှီးမှုမဆံဘူး။ အကျိုးမဲ့စေတတ်တယ်။ မယုံမကြည်ဖြစ်ရာရောက်တယ်။ ကျွန်တော် မှားသွားတယ်။ အခု ဆရာ့ကို ကျွန်တော် ပြောပြတော့မယ်"

"အချစ်ဇာတ်လမ်းလား"

"အချစ်ဇာတ်လမ်း.... အင်း.... သံယောဇဉ်ဇာတ်လမ်းဆိုတဲ့ စကားလုံးက ပိုကောင်းလိမ့်မယ်ထင်တယ်။ အချစ်လို့ ကျွန်တော် မသုံးချင်ဘူး"

www.burmeseclassic.com
BURMESE CLASSIC .com

စကား အသုံးအနှုန်းအတွက် မခွေးနွေးလိုသောကြောင့် ကျွန်တော် ငြိမ်နေလိုက်သည်။

"စာစာက ကျွန်တော်ပြောခဲ့တယ် မဟုတ်လား။ တစ်ဝက်တစ်ပျက်နဲ့ လျှို့ဝှက်စွာ အသိပေးခြင်းဟာ အကျိုးမဲ့စေတတ်တယ်လို့၊ ရှင်းရှင်းဆိုရရင်တော့ နေရာတကာ သိုသို သိပ်သိပ်နိုင်လွန်းတာ မကောင်းဘူး။ အုံ့ပုန်းလို့ ခေါ်ရမလား မသိဘူး။ ကျွန်တော့်..... အဲ.... သံယောဇဉ်ဓာတ်လမ်းကတော့ အင်္ဂလိပ်စကားပုံလိုပဲ။ မရဲသောသူသည် မိန်းမချောကို ဘယ်တော့မှ မရနိုင် ဆိုတဲ့အဖြစ်မျိုး....."

'အနော်ရထာအော့ဖ်ဘားမား'ကို သူ.... ပိတ်လိုက်သည်။ အထဲမှ စာအိတ်၏အစွန်းကို မြင်နေရသည်။

"ထရိုင်အင်ဂယ်လပ်ဖ်ပေါ့ဗျာ"

ရယ်သွမ်းသွေးရင်း သူက ဆိုသည်။

သုံးပွင့်ဆိုင် အချစ်။ ရိုးစင်းသော အမည်၊ ရိုးစင်းသော ဓာတ်လမ်းမျိုးဖြစ်သော်လည်း ပုဂ္ဂိုလ်ကြောင့် တရားမင်သည့်နှယ် ဆရာဦးရင်မောင်၏ဓာတ်လမ်းကို ကျွန်တော် ထက်သန်စူးစိုက်စွာ နားစွင့်လိုက်သည်။

"ပဏ္ဏာမစကားပြောမယ်ဗျာ။ ဆရာက စာရေးဝါသနာပါသူ တစ်ယောက်ဖြစ်လေတော့ တစ်ချိန်သောအခါမှာ အခု ကျွန်တော် ပြောပြမယ့်အဖြစ်ကို ဝတ္ထုတစ်ပုဒ်အဖြစ် မရေးစေချင်ဘူး"

www.burmeseclassic.com

ကျွန်တော် ငြိမ်နေလိုက်သည်။

"ဇာတ်ကောင် သုံးယောက်ပါတယ်။ ကိုရင်မောင်၊ ကိုမင်းဆွေနဲ့ မလေး ခေါ် မလေးခင်ခင်"

ဇာတ်လမ်းစလေသည်။

www.burmeseclassic.com

## ဆု၊

ဖန်တစ်ရာတောအောင် ကြားဖူးနားဝရှိထားသည့် ဇာတ်လမ်းမျိုး။ ကိုရင်မောင်နှင့် မလေးတို့သည် ရပ်ကွက်ချင်းမတူသော်လည်း တစ်နယ်တည်းနေသူများဖြစ်ကြသည်။ သူတို့ချင်း အစကမသိကြ။ ဘယ်သူတစ်ဦးတစ်ယောက်ကမှလည်း ဆက်သွယ်ပေးခြင်း မရှိခဲ့။

ဘုရားပွဲတော် ရက်တစ်ရက်တွင် ကိုရင်မောင်နှင့် မလေးတို့ သူတို့အလိုအလျောက် တွေ့ဆုံမိကြသည်။ ထိုစဉ်က ကိုရင်မောင်က ရှစ်တန်း။ အမျိုးသားကျောင်း။ မလေးက ခုနစ်တန်း အခြားကျောင်းတစ်ကျောင်း။ ကျောင်းချင်းလည်း မတူ၊ ရပ်ကွက်ချင်းလည်းမတူ။ ထိုအရပ်တွင် ကိုရင်မောင်နေ၍ သည်အရပ်တွင် မလေးနေသည်ဟုလည်း အစကမသိခဲ့ကြ။

www.burmeseclassic.com
BURMESE CLASSIC .com

ဘုရားတန်ဆောင်းထဲမှာ ကိုရင်မောင်နှင့် သူ့သူငယ်ချင်းတို့ စားသွားကျက်ကြသည်။ ညနေဖက်တွင် ပြန်ခဲ့ကြသည်။ ထို အပြန်ခရီးမှာပင် မလေးကို ကိုရင်မောင် တွေ့ခဲ့ခြင်းဖြစ်သည်။ တစ်ယောက်ကိုတစ်ယောက် အမှုမဲ့အမှတ်မဲ့ ကြည့်မိကြရာမှ တမင်တကာ အကြည့်ချင်းဆုံမြင်လာသည်။ မလေးမျက်နှာ ပေါ်တွင် အကြည့်ချင်းဆုံတိုင်း အပြုံးရိပ်တို့ ဖြာသွားကြသည်ဟု ကိုရင်မောင် ထင်မိသည်။

မလေးကလည်း သူငယ်ချင်း မိန်းမဖော်တစ်ယောက်နှင့်။ မလေးတို့က ဘုရားတန်ဆောင်းမှထွက်ကာ အိမ်သို့ ခြေလျင် လျှောက်ပြန်သည်။ ကိုရင်မောင်နှင့် သူ့သူငယ်ချင်းက စက်ဘီး တစ်စီးဖြင့် မလေးတို့ကို ကျော်တက်လိုက်၊ စောင့်နေလိုက် ကျော် တက်လိုက် အစအဆုံး လူရေးပြခဲ့ကြသည်။

နောက်ဆုံး သစ်ပင်ရိပ်တစ်ခုတွင် ကိုရင်မောင်တို့ စက်ဘီး ထောင်၍ စောင့်နေခိုက် မလေးတို့က ဘုန်းကြီးကျောင်း တစ်ကျောင်း၏ မုခ်ပေါက်ဘက်သို့ ချိုးကွေ့သွားသည်ကို တွေ့ လိုက်ကြရလေသည်။

"ဟော့ကောင်.... ဘုန်းကြီးကျောင်းထဲက ဖြတ်ပြန် တော့မယ်ထင်တယ်။ ကျောင်းထဲထိလိုက်ရင်တော့ မကောင်းဘူး။ အခုနေ သွားစကားပြောလေ"

သူငယ်ချင်းက ကိုရင်မောင့်ကို တိုက်တွန်းသည်။ ကိုရင်မောင်ကား .... သည်အရာမျိုးတွင် အစွမ်းအစ မရှိသူ။

www.burmeseclassic.com


"ငါဘာပြောရမလဲ။ ခုမြင် ခုကြိုက် ခုစကားပြော အားနာစရာ"

"ရည်းစားစကား မပြောနဲ့ဦးပေါ့ကွ။ နာမည်မေးပေါ့။ ဘယ်မှာနေသလဲမေးပေါ့။ မြန်မြန်သွားကွာ။ ဟိုမှာ ကျောင်းထဲ ဝင်သွားတော့မယ်။ စက်ဘီးယူသွား၊ ငါ ဒီက စောင့်နေမယ် သွားကွ.... မြန်မြန်"

ဘုန်းကြီးကျောင်းပေါက် ကုက္ကိုပင်ရိပ်တွင် အရိပ်ခိုနေကြသော မလေးတို့ထံသို့ ကိုရင်မောင် စက်ဘီးနင်းသွားသည်။ မလေးအနီးတွင် စက်ဘီးကိုရပ်လိုက်ပြီး စက်ဘီးပေါ်က မဆင်းပဲ မြေပေါ်သို့ ခြေကတစ်ဖက်ထောက်ကာ ကိုရင်မောင် စကားပြောလေသည်။

"နာမည် ဘယ်လိုခေါ်သလဲ"

မလေးမျက်နှာ နီရဲသွားသည်။

"ဟို.... ဟို.... ဘယ်မှာနေလဲ....ဟင်"

ခေါင်းငုံ့သွားသည်။

အတူပါလာသော သူငယ်ချင်းက "သွားကြစို့" ဟု ပြောကာ မလေးတို့နှစ်ယောက် ကျောင်းထဲဝင်သွားကြလေသည်။ တစ်ချက်ကလေးမှ မကြည့်ရဲတော့ပဲ ကိုရင်မောင်လည်း သူငယ်ချင်းစောင့်နေသည့် သစ်ပင်ဆီသို့ ခြေကုန်သုတ် နင်းခဲ့တော့သည်။

"ဟေ့ကောင်.... ဘာတဲ့လဲ"

သူငယ်ချင်းက အော်မေးသည်။ ကိုရင်မောင် မဖြေနိုင်။

www.burmeseclassic.com
BURMESE CLASSIC .com

သူငယ်ချင်းနားသို့ စက်ဘီးအရှိန်လျှော့နင်းရင်း "တက်"ဟုသာ ပြောလိုက်သည်။ သူငယ်ချင်းက ဘောင်တန်းပေါ်သို့ တင်ပါးလွှဲ တက်လိုက်ရင်း။

"နာမည်သိခဲ့ရပြီလားကွ"

"မမယ်မ"

"ဟုတ်လား၊ နာမည်ကလဲတော်တောဆန်း....၊ အာ ဒီကောင် အကောင်းမေးတာကို"

"မသိဘူးကွာ.... မသိဘူးကွာ"

ကိုရင်မောင် စက်ဘီးကို အပြင်းနင်းခဲ့သည်။ သူငယ်ချင်းအား တစ်လှည့်တစ်ဖန် နင်းခိုင်းရမည်ကိုပင် သတိမရ။

သူငယ်ချင်း အိမ်ဝင်ပို့ပြီးနောက် စက်ဘီးနင်းထွက်လာ ကာနီး၌ သူငယ်ချင်းက လှမ်းပြောလိုက်သည်။

"လှတော့ အတော်လှတယ် မောင်၊ မင်းကြောက်နေရင် မင့်မမယ်မအကြောင်းကို ငါ စုံစမ်းပေးပါ့မယ်"

စတင် တွေ့ဆုံကြစဉ်သည် လှပဆွတ်ပျံ့ဖွယ် ဖြစ်ရပ်မျိုး မဟုတ်ဟု ဆိုနိုင်လေသည်။ သို့သော်....

"ဟေ့ကောင်.... မမယ်မအကြောင်း ငါ သိခဲ့ပြီ မောင်"

ဘုရားကအပြန် တွေ့ဆုံခဲ့ပြီးသည်၏ ရက်သတ္တ တစ်ပတ်ခန့် အကြာတွင် သူငယ်ချင်းရောက်လာကာ အားပါးတရ ဆိုလေသည်။ ကိုရင်မောင် ရင်ထဲမှာ ဟိုနေ့ကလို ကြောက်ရွံ့ ခြင်းမျိုး ဝင်လာသည်။

www.burmeseclassic.com


"ဟုတ်လား၊ နာမည် ဘယ်လိုခေါ်သတဲ့လဲ၊ ဘယ်မှာနေသလဲ။ ကျောင်းနေသလား။ ဘယ်နှစ်တန်း...."

"ဒီလို မရဘူးလေ။ ရုပ်ရှင်ပြ၊ ညဈေးတန်းမှာ ထမင်းပေါင်းကျွေး"

"ငါ့မှာ ပိုက်ဆံမှမရှိပဲကွာ"

"ရအောင်ရှာလေ။ ဒါမင့်ကိစ္စပဲ"

ကိုရင်မောင် လုံချည်တစ်ထည် ရောင်းလိုက်ရလေသည်။ သို့ဖြင့်ပင် လေးခင်ခင်ဟူသော မလေး၏အမည်။ ခုနစ်တန်းကျောင်းသူဟူသော ဂုဏ်ဒြပ်နှင့်တစ်ကွ နေရပ်၊ ကျောင်းတို့ကို သိခွင့်ရခဲ့လေသည်။

သည့်နောက်ပိုင်းတွင် ကိုရင်မောင်သည် မလေး၏ ကျောင်းသို့ နေ့လယ်ကျောင်းဆင်းချိန်တွင် စက်ဘီးဖြင့် သွားတတ်လာသည်။ မလေးအိမ်ရှေ့မှလည်း ညနေဖက်တွင် ခေါက်တုံ့ခေါက်ပြန် စက်ဘီးနင်းတတ်လာသည်။ သည်နှစ်ခုထက် ပို၍ဘာမှ မဆက်ရဲသေး။ ပြုံးရိပ်ပြုံးယောင် မျက်လုံးများဖြင့် အကြည့်ချင်း ဆုံကြသည်ကလွဲ၍ စကားတစ်ခွန်း မဆိုဖြစ်သေး။

သို့သော် အခြေအနေ ထူးခြားလာသည်က မလေးသည် ကျောင်းကားဖြင့် ကျောင်းတက်လာသည်။ ကျောင်းသူတွေကို ဝင်ခေါ်သော ကျောင်းကားကြီးသည် ကိုရင်မောင်တို့ရပ်ကွက်၊ ကိုရင်မောင်တို့ အိမ်ရှေ့မှ မနက်တိုင်း ဖြတ်ဖြတ်သွားသည်။ ဒါကို သိလိုက်သော ကိုရင်မောင်သည် ကျောင်းကား အိမ်ရှေ့မှ

www.burmeseclassic.com

ဖြတ်သွားချိန်ကို အမိအရယူကာ အိမ်ရှေ့သို့ ထွက်၍စောင့်သည်။ သည်လိုနှင့် ကျောင်းဖွင့်သော နံနက်တိုင်း နံနက်တိုင်း ကိုရင်မောင်နှင့် မလေးတို့ အပြုံးခြင်းလဲလှယ်နှုတ်ဆက်ခွင့်ရသည့် အခြေထိ တိုးတက်လာခဲ့သည်။ တစ်ဖက်လမ်းဆီမှ ကားသံကြားလျှင် ကိုရင်မောင် အိမ်ရှေ့သို့ထွက်ပြီ။ မလေးသည်လည်း ကိုရင်မောင့်အိမ်ဘက်ကျသော ခုံတန်းနောက်ဆုံးအစွန်တွင် မှန်မှန်ထိုင်တတ်လာကြောင်း ကိုရင်မောင် သိနေပြီ။ ညနေကျောင်းဆင်းချိန်တွင် ကိုရင်မောင်သည် စက်ဘီးဖြင့် မလေးကျောင်းဘက်သို့ သွားစောင့်သည်။ ကျောင်းကားသည် မလေးကိုကြို၍ ထွက်လာသည်။ ကျောင်းကားက မြို့ထဲရှိအခြားရပ်ကွက်များသို့ ပို့ပေးပြီး မလေးတို့အိမ်ကို နောက်ဆုံးမှပို့သည်။ ကိုရင်မောင်အကြိုက် တစ်လမ်းဝင်တစ်လမ်းထွက်၊ တစ်ရပ်ကွက်ဝင် တစ်ရပ်ကွက်ထွက်။ ကားနောက်မှ စက်ဘီးကို ခြေကုန်သုတ်နင်းကာ လိုက်ရသည်။ ကားကို စက်ဘီးဖြင့်လိုက်ရခြင်းကြောင့် ကိုရင်မောင် မသက်သာ။ သို့သော် လမ်းချိုးအကွေ့မှာ ပေါ်လာတတ်သော ကားနောက်ဆုံးခုံတန်းဆီက မလေး၏အပြုံးကို တွေ့လိုက်ရသည်ဆိုလျှင် စက်ဘီးခြေနင်းကွင်းပေါ်က ခြေထောက်များမှာ အင်အားအပြည့် ပြန်ရသွားလေသည်။ တစ်ခါတစ်ရံ ကားထွက်လာမည့်နေရာက စောင့်၊ တစ်ခါတစ်ရံ ကားဝင်သွားမည့် နေရာကစောင့်။ ကိုရင်မောင် ကျွမ်းကျင်လာသည်။ နောက်ဆုံး မလေးတို့အိမ်ဘက်သို့ ကားချိုးကွေ့ဝင်သွားတော့မှ တစ်နေ့တာ၏ နှုတ်ဆက်

www.burmeseclassic.com


အပြုံးကို ရယူကာ ကိုရင်မောင် အိမ်ပြန်သည်။

ကိုရင်မောင် အိမ်ပြန်ရောက်ချိန်မှာ ကျောင်းဆင်းချိန်နှင့် တစ်နာရီကျော် ကွာခြားနေတတ်သည်။

သူငယ်ချင်းကပင်....

"မင်း ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲမှာ စက်ဘီးဝင်ပြိုင်လို့ရပြီ။ တစ်ကမ္ဘာလုံးမှာ မင်းဟာ အဓမ္မာအစေ့ဆုံး ချန်ပီယံဖြစ်နေပြီကွ" ဟု ပြောလာပေပြီ။

မလေးနှင့် ကိုရင်မောင်တို့၏ အနီးစပ်ဆုံးနှင့် အမြင့်မားဆုံး ဆက်သွယ်မှု ပထမအဆင့်။

■

"ကျွန်တော့်မှာ မလေးဆိုတဲ့ ချစ်သူရှိခဲ့ဖူးတယ်လို့ ပြောလိုက်ရင်လဲ ပြီးပါတယ်လေ။ ဒါပေမယ့် ကျွန်တော် ရှစ်တန်းကျောင်းသားဘဝမှာကတည်းက မလေးကိုချစ်ခဲ့မိတာ။ စတွေ့ပုံလေးတွေ ပြောပြချင်တာကြောင့် ဇာတ်လမ်းကို ဒီက စလှန်တာပဲဗျာ။ ကျွန်တော်တို့ ဖတ်ရတဲ့ ဝတ္ထုတွေထဲက လိုတော့ လှလှပပလေး လွမ်းမောဆွတ်ပျံ့စရာလေး မဟုတ်ပါဘူးနော်။ ဆရာ ကြားခဲ့တဲ့ အတိုင်းပဲ ပေါ့တီးပေါ့ရှတ်နဲ့ ရယ်စရာကောင်း မနေဖူးလား"

ဦးရင်မောင်က ရီဝေစွာ ပြုံး၍ ဆိုလေသည်။

"ဆရာကိုယ်နှိုက်ကတော့ ဒီဇာတ်လမ်းအစကို အခုလို ပြန်ပြောတဲ့နေရာမှာ ရယ်ချင်နေသလား။ မနူးမနပ်အရွယ်ကို ပြန်

www.burmeseclassic.com

တွေးပြီး ရယ်ချင်နေလို့လား”

ကျွန်တော် သူ့ကို စေ့စေ့ကြည့်၍ မေးလိုက်သည်။ သူ ဘာမှမဖြေ။ ကျွန်တော် ဆက်ပြောလိုက်သည်။

“စတင်တွေ့ဆုံကြရုံကို အစချီလိုက်ကတည်းက ဒီ အတိတ်လေးကို ခုထိ ဆရာအသေးစိတ်မှတ်မိနေတယ်။ တသသ ဖြစ်နေတယ်ဆိုတာ ကျွန်တော်သိလိုက်ပြီ။ ဒါ့ကြောင့် ဒီဇာတ်လမ်း အဖွင့်ဖြစ်ရပ်ကို ကျွန်တော် မရယ်ချင်ပါဘူး။ ပေါ့တီးပေါ့ရွှတ် လို့လဲ မထင်ဘူး။ အလွန်ရိုးစင်းပြီး လွမ်းစရာကောင်းတဲ့ အဖြစ် ကလေးပဲ”

ဦးရင်မောင်၏ နှလုံးသားကို ကျွန်တော် ရိုက်ပုတ်ရာ ရောက်သွားပြီဟု သိလိုက်သော်လည်း ယင်းအတွက် ကျွန်တော် စိတ်မကောင်း မဖြစ်တော့။ သူ့ဇာတ်လမ်းကို သိလိုစိတ်ကသာ များနေသည်။

ဦးရင်မောင် လျှော့ရဲရွှာ ပြုံးသည်။

“အင်း.... ဆရာဟာ ကျွန်တော့်ထက် ငယ်ပေမယ့် ကျွန်တော့်ထက် ပိုပြတ်သားတယ်။ ကျွန်တော်က ဆရာ့လို မပြတ်သားလို့ ဒုက္ခရောက်ခဲ့ရတာ”

“နေဦးလေ ဆရာ၊ ဒုက္ခရောက်တဲ့အထိ မရောက်သေး ခင်မှာ ကြားထဲက အဖြစ်အပျက်တွေ ရှိသေးတယ်လေ”

“ကျွန်တော် ဆက်ပြောမှာပါ”

www.burmeseclassic.com



ကိုရင်မောင် ဆယ်တန်းရောက်သည့်နှစ်မှာပင် ကိုရင်မောင်နှင့် မလေးတို့ ချစ်သူဘဝသို့ ရောက်ခဲ့ကြလေသည်။ ထို့ကြောင့် စတွေ့ခဲ့သည်မှ အပြန်အလှန် အသိပေး လက်ခံသည့်အချိန်ထိ တစ်နှစ်ကျော်ကြာခဲ့သည်။ တစ်နှစ်ကျော် ကာလပတ်လုံး သံယောဇဉ်ကိုယ်စီကို ထိန်းသိမ်းမွေးမြူ တည်ဆောက်ခဲ့ကြ သည်ဟု ဆိုရပေမည်။

ဒါကို မလေးအိမ်က ရိုးတိုးရိတ်တိတ်သိသည်။ မလေးတို့ မိသားစုမှာ မလေးသည် အထွေးဆုံးဖြစ်သည်။ မိဘ မောင်ဘွား ဆွေမျိုးသားချင်းအသိုက်အမြုံကြီးမားသော မိသားစုအလယ်တွင် ရင်မောင်ဟူသော ကောင်လေးတစ်ယောက်အတွက် မလေးကို

www.burmeseclassic.com

BURMESE CLASSIC .com

လူကြီးများက စိုးရိမ်ပူပန်ခြင်း မရှိကြ။ သွန်သင်ဆုံးမနိုင်စွမ်း အရှိန်အဝါ များပြားသည်မို့ မသိလိုက်မသိဘာသာ နေခဲ့ကြလေသည်။ သဘောတူ မတူအထိ ပြောကြရအောင်ကလည်း ကိုရင်မောင်နှင့် မလေးတို့မှာ စာချင်းသာ အဆက်အသွယ်ရှိကြသေးသည်။ ကိုရင်မောင်သည် အရေးထားစရာ ပြဿနာတစ်ခု မဟုတ်ဟု မလေး၏မိသားစုက တွက်လိုက်ကြသည်။

သို့ဖြင့်ပင် ကိုရင်မောင် ဆယ်တန်းအောင်သည်။ မန္တလေးတက္ကသိုလ်သို့ ဆက်တက်သည်။ ထိုစဉ်က အဓိကဘာသာစနစ်မဟုတ်၊ ဘာသာတွဲစနစ်။ ကိုရင်မောင်သည် ဝိဇ္ဇာဘာသာတွဲအဖြစ် သမိုင်း၊ သချာနှင့် လောဂျစ်အတွဲ ယူလိုက်သည်။ စင်စစ်ကား ဖြစ်သင့်သည်မှာ သင်္ချာယူလျှင် လောဂျစ်နှင့် ဘောဂဗေဒ ယူရမည်။ သမိုင်းယူလျှင် စိတ်ကြိုက်မြန်မာစာနှင့် လောဂျစ် ယူရမည်။ ကိုရင်မောင်က သမိုင်းလည်း ပါသည်။ သင်္ချာလည်း ပါသည်။ ဝိဇ္ဇာဘာသာတွဲ စစ်စစ်လည်း မဟုတ်၊ သိပ္ပံတွဲ စစ်စစ်လည်း မဟုတ်။

ထိုနှစ်မှာပင် ကိုရင်မောင့်ဖခင် အလုပ်ပြောင်းရွှေ့သောကြောင့် မိသားစု တစ်စုလုံး ရန်ကုန်ပြောင်းသွားကြသည်။ တက္ကသိုလ် အိုင်အေ ပထမနှစ် တက်လက်စ ကိုရင်မောင်သည် အသွားနှင့်အတူ မန္တလေးမှာ နေရစ်ခဲ့ရသည်။ မိသားစုနှင့် ခွဲနေရခြင်းကတစ်ကြောင်း၊ အိုင်အေ ပထမနှစ် သင်္ချာတန်းကို လစ်၍ မလေးကျောင်းကို သွားသွားနေခဲ့ရသည်က တစ်ကြောင်း၊

www.burmeseclassic.com

BURMESE CLASSIC .com

နဂိုကတည်းက သင်္ချာကို မသန်ရသည့်အထဲတွင် အင်္ဂလိပ်ဘာသာဖြင့် သင်ရသည်က တစ်ကြောင်းတို့ကြောင့် ကိုရင်မောင် အိုင်အေ ပထမနှစ်ကို သင်္ချာဘာသာ နှစ်ဆယ့်သုံးမှတ်ဖြင့် အကျကြီး ကျလေသည်။

ထိုနှစ်က ရပ်ကွက်ထဲမှ ဆယ်တန်းအတူအောင်ပြီး တက္ကသိုလ်အတူတက်ရသူများအားလုံး ကိုရင်မောင်မှတစ်ပါး စာမေးပွဲအောင်ကြသည်။ သူတို့ အားလုံး၏ ဘာသာတွဲမှာလည်း ကိုရင်မောင်လို ဝိဇ္ဇာမက သိပ္ပံမကျ၊ သင်္ချာ၊ သမိုင်း၊ လောဂျစ် မဟုတ်။ ဝိဇ္ဇာတွဲစစ်စစ် စိတ်ကြိုက်မြန်မာစာ၊ သမိုင်း၊ လောဂျစ်။

အခြေအနေ အရပ်ရပ်က ကိုရင်မောင့်ကို စာမေးပွဲကျရန် ပို့ဆောင် ထောက်ကူနေကြသည်။

ကိုရင်မောင် စာမေးပွဲနှစ်ခု ကျသည်ဟု ဆိုရမည်။

အရင်က ဖြူသည်၊ မည်းသည် ဘာမှ ဝင်မစွက်ခဲ့သော လူကြီးများသည် ရပ်ကွက်ထဲတွင် သိသိသာသာ တစ်ယောက်ထိုးတည်း၊ ကိုရင်မောင် အိုင်အေ ပထမနှစ် ကျကျန်ရစ်ခဲ့သော ထိုအခါကျမှ မလေးကို အတည့်အလင်းချုပ်ချယ်လိုက်ကြသည်။ ထိုအခါ မလေးသည် ကိုရင်မောင့်အဖို့ ‘မဥ္ဇူသက’ ဖြစ်သွားပေပြီ။ စာချင်း အဆက်အသွယ်တွင် သူငယ်ချင်းလိပ်စာ၊ လျှို့ဝှက် လိပ်စာများကို ကိုရင်မောင် အသုံးပြုရပြီ။

သည်လိုဖြစ်နေစဉ်တွင် အဆိုးလား အကောင်းလား မပြောနိုင်သော အကြောင်းတစ်ခု ဖန်လာသည်။

www.burmeseclassic.com

ကိုရင်မောင် စာမေးပွဲအမှတ်စာရင်းက စလေသည်။

သင်္ချာ နှစ်ဆယ့်သုံးမှတ်ဖြင့် စာမေးပွဲ ကျခဲ့သော်လည်း ကျန်ဘာသာတွေ အားလုံးမှာ ကိုရင်မောင် အောင်မှတ်ရခဲ့သည်။ ကျန်ဘာသာတွေအနက် လောဂျစ်။ ထိုစဉ်က တက္ကဗေဒတွင် ခြောက်ဆယ့်ရှစ်မှတ်ရသည်။ ဂုဏ်ထူးအမှတ်။ ထို့ကြောင့် ကိုရင်မောင့်ကို သက်ဆိုင်ရာမှ ဖီလိုဆိုဖီ (ထိုစဉ်က သဘာဝတ္တဗေဒ) အဓိကဖြင့် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာ ပထမနှစ် တက်ရောက်ခွင့်ပြုလိုက်သည်။ အဓိကဘာသာစနစ် စတင်သည့်နှစ်။

မိသားစုကလည်း ရန်ကုန်သို့ ပြောင်းကြပြီ။

သည်မှာကလည်း တစ်ယောက်ထီးတည်း အိုင်အေ ပထမနှစ် ကျရှုံးထားသည်။ မလေးအိမ်ကလည်း မကြည်ဖြူမနှစ်မြို့။

“ရန်ကုန်တက္ကသိုလ် တက်ခွင့်လည်းရတယ်။ အဖေတို့ကလဲ ရန်ကုန်ပြောင်းခဲ့တော့လို့ ခေါ်တယ်။ ကျွန်တော်ကလဲ အရပ်ထဲမှ စာမေးပွဲကျသူ ဖြစ်နေတယ်။ အကြောင်းကြောင်းတွေကြောင့် ရန်ကုန်ဆင်းတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်”

ဦးရင်မောင်မှာ ကုန်လွန်ခဲ့သော ကာလများတွင် နစ်မြုပ်ကျရောက်နေလေသည်။

“ရန်ကုန်သွားတော့မယ့်အကြောင်း မလေးကို စာနဲ့အသိပေးလိုက်တယ်။ သွားကာနီးမှာ စကားပြောရင်း တွေ့ပါရစေ

www.burmeseclassic.com

BURMESE CLASSIC .com

လို့ ခွင့်တောင်းလိုက်တယ်လေ။ ဒီလိုနဲ့ မသွားခင် တစ်ရက်မှာ မလေးတို့ကျောင်းရဲ့ မြောက်ဘက် လမ်းဘေးက ခေါက်ဆွဲဆိုင်လေးတစ်ဆိုင်မှာ ချိန်းတွေ့ကြတယ်။ အဲဒီအကြိမ်ဟာ မလေးနဲ့ ကျွန်တော် ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ချိန်းတွေ့ခြင်းပါပဲ"

ဝတ္ထုတစ်ပုဒ်၊ ဇာတ်လမ်းတစ်ခုအနေဖြင့် ယခုအထိ စိတ်ဝင်စားစရာ မကောင်းလှသေးသော်လည်း ပုဂ္ဂိုလ်ရင်းစွဲလိုက်၍ နားထောင်လက်စနှင့် ကျွန်တော် ဆက်၍ နားထောင်ရလေသည်။ စိတ်ဝင်စားစရာ တစ်ခုခုတလေတော့ တွေ့လာရလိမ့်မည်ဟုလည်း ကျွန်တော် မျှော်လင့်ထားသည်။

ကိုရင်မောင်နှင့် မလေးတို့ ခေါက်ဆွဲဆိုင်မှာ ချိန်းတွေ့သော ခွဲခွာနှုတ်ဆက်ခန်းမှာလည်း ဘာမျှ ထူးထူးခြားခြား ပြောပလောက်အောင် မရှိပြန်။

မှာထားသော ဆီချက်ခေါက်ဆွဲနှစ်ပွဲမှာ အရာမယွင်း။

ဟင်းချိုခွန်းပင် နေရာမရွေ့။

အေးစက်နေသော ခေါက်ဆွဲပန်းကန်လေးတွေကို အလယ်မှာထားလျက် နှစ်ယောက်သား စကားမပြောနိုင်ဘဲ တိတ်ဆိတ်စွာ ထိုင်ကြသည်။

ပထမဆုံးအကြိမ် နှစ်ယောက်တည်း ချိန်းတွေ့ခြင်းဆိုသောအသိကြောင့် ရင်ဖိုနေကြသည်။ နောက်တစ်နေ့မှာ တစ်နယ်စီ ဝေးကြရတော့မည် ဟူသောအသိကြောင့်လည်း ရင်ထဲမှာ နာကျင်နေကြသည်။

www.burmeseclassic.com
BURMESE CLASSIC .com

ကိုရင်မောင်လည်း ဘာပြောရမှန်းမသိ။ မလေးလည်း ဘာပြောရမှန်းမသိ။

“ရောက်ရောက်ချင်း စာရေးလိုက်နော်။ စာအိတ်ထောင့်မှာတော့ ဘာမှမရေးနဲ့။ အိမ်က သိသွားလိမ့်မယ်”

“အိမ်လိပ်စာနဲ့ပဲလား ဟင်....”

“လောလောဆယ်တော့ အိမ်လိပ်စာနဲ့ပဲ ရေးလေ။ နောက်မှ သူငယ်ချင်း တစ်ယောက်ယောက်လိပ်စာ ပေးမယ်။ မလေးလဲ ဘာလုပ်ရမှန်း မသိဘူး”

“တစ်နေ့ကျရင်တော့ အိမ်က သဘောတူရမှာပေါ့....နော် မလေး”

“အင်းပေါ့”

“အစကတော့ ရန်ကုန်သွားချင်တယ်။ အခု မသွားချင်တော့ဘူး။ စာမေးပွဲကျလိုက်တာ သိပ်ဆိုးသွားတာပဲမလေး”

“ရန်ကုန်တက္ကသိုလ်မှာ စာကြိုးစားပေါ့အစ်ကိုမောင်”

စာထဲတွင်သာ ဖတ်ခဲ့ရသော ‘အစ်ကိုမောင်’ ဟူသည့် အသုံးအနှုန်းကို မလေးနှုတ်မှ ပထမဆုံးအကြိမ် ကြားရခြင်းဖြစ်လေသည်။

“မလေးအိမ်က ဘာပြောကြသေးလဲ”

“ပြုတ်သွားပြီလို့ မလေး ပြောထားတယ်။ ဘာမှမမေးတော့ဘူး”

“ရောက်ရောက်ချင်း စာရေးလိုက်မယ်။ မလေးလဲ

www.burmeseclassic.com

ချက်ချင်း စာပြန်နော်”

မလေးထံမှ စကားသံ မကြားရတော့။ ခေါင်းငုံ့ထား သည်။ ကြည့်နေရင်းမှာပင် ခေါက်ဆွဲပန်းကန်အေး စားပွဲပေါ်သို့ မျက်ရည်နှစ်ပေါက် ကျသွားသည်ကို တွေ့လိုက်ရလေသည်။

“မငိုပါနဲ့ မလေးရယ်။ ကျောင်းပိတ်ရက်ကျ ပြန်လာခဲ့ မှာပါ”

မလေး၏မျက်ရည်သည် ချစ်သူတို့၏ ရင်းနှီးပွင့်လင်းမှုကို ဖြစ်ပေါ်စေလေသည်။ ကိုရင်မောင် ရင်ထဲမှာ ဆို့နေရင်းကပင် ပြောရဲဆိုရဲရှိလာသည်။

“သွားတဲ့သူထက် ကျန်နေတဲ့သူက ပိုပြီး လွမ်းရတယ်”

“မငိုပါနဲ့ မလေးရယ်”

“ဘူတာရုံ လိုက်ပို့ချင်တယ်”

“မပို့နဲ့မလေး၊ အိမ်က သိသွားလို့ ဒုက္ခရောက်နေမယ်။ ပြီးတော့ ရထားက ထွက်သွားရော၊ ဘူတာရုံမှာ မလေး ကျန်ခဲ့ တာကို မြင်ရရင် ကိုယ် ဖြေလို့ရတော့မှာ မဟုတ်ဘူး”

“စာရေးနော် အစ်ကိုမောင်”

“ရေးမှာပေါ့ မလေးရယ်”

“သွားကြစို့၊ မလေး သိပ်ငိုမိတော့မယ်”

ခေါက်ဆွဲပန်းကန်အနီး စားပွဲပေါ်တွင် ကျနေသော မလေး၏ မျက်ရည်တို့ကို ကိုရင်မောင် ကြင်နာစွာ၊ သတိတရ ဖြစ်စွာ သုတ်ယူခဲ့သည်။

www.burmeseclassic.com

ရန်ကုန်အရောက်ထိ မစောင့်။ ကိုရင်မောင်သည် ရထားပေါ်မှာပင် စားသောက်ခန်းတွဲ စားပွဲတွင်ထိုင်ကာ တစ်လမ်းလုံး မလေးထံသို့ စာရေးရင်း လိုက်ပါလာခဲ့လေသည်။

သတိရကြောင်း၊ လွမ်းဆွတ်ကြောင်း၊ ခွဲခွာရသည့်အတွက် ထိခိုက်ခံစားရကြောင်း၊ မလေးကသာ သစ္စာရှိဖို့ စောင့်ပါမည့်အကြောင်း။

www.burmeseclassic.com



"အချစ်ဇာတ်လမ်းတော့ အချစ်ဇာတ်လမ်းပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော့်ဇာတ်လမ်းကို ဝတ္ထုရေးဆရာ တစ်ယောက်ယောက်က အချစ်ဝတ္ထုတစ်ပုဒ်အဖြစ် ရေးမယ်ဆိုရင်တော့ အတော်ကို သိင်္ဂါရ ရသချို့တဲ့တဲ့ဝတ္ထု ဖြစ်လာမှာပဲ။ ဟုတ်ဖူးလား ဆရာ"

"ဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူး။ ကျွန်တော်ကလဲ အချစ်ဝတ္ထုရေးမယ့် စာရေးဆရာမှ မဟုတ်တာ။ အဲ ဝတ္ထုဆရာ လက်ထဲရောက်သွားရင်တော့ သူ့အမွှမ်းအမံတွေ ဘာတွေနဲ့ ဝေဝေ ဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်ချင်ဖြစ်သွားကောင်း ဖြစ်သွားနိုင် ပါတယ်"

ဦးရင်မောင်က ခြောက်သွေ့စွာ ရယ်ပြန်လေသည်။

www.burmeseclassic.com

"ကျွန်တော်အဖို့ရာတော့ ကာယကံရှင်မို့လား မသိဘူး။ ဒီအတိုင်း ရိုးရိုးစင်းစင်းလေး ဖြစ်နေတာကိုကပဲ အပြည့်စုံဆုံး ပန်းချီကားတစ်ချပ် ဖြစ်နေပြီ"

"ထားပါတော့ဗျာ။ ဒါက ဝတ္ထုရေးဆရာနဲ့ ဆိုင်တဲ့ အပိုင်းပါ။ အခု ကျွန်တော်တို့နှစ်ယောက်ရဲ့ တာဝန်က ဆရာ့အနေနဲ့ ဆက်ပြောဖို့၊ ကျွန်တော့်အနေနဲ့ ဆက်နားထောင်ဖို့ ဒါပဲ မဟုတ်လား"

"ဆရာက ကျူတာမဟုတ်ပဲ သတင်းထောက်လုပ်ဖို့ ကောင်းတယ်"

ဦးရင်မောင်သည် သူ့ဘာသာသူ ရယ်စရာလုပ်ကာ 'အနာ' ကို သက်သာရာရကြောင်း ရှာကြံနေသည်ဟု ကျွန်တော် ထင်မိသည်။

စစ်တွေ၏ ညဉ့်သည် ပို၍ သိပ်သည်းနက်ရှိုင်းနေပြီ။ ပင်လယ်ကို ဖြတ်သောလေသည် ကျွန်တော်တို့ အခန်းထဲသို့ တစ်ချက် တစ်ချက် အရှိန်ပြင်းပြင်း ဝင်လာတတ်သည်။

■

ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ခြင်းသည် ကိုရင်မောင့်အတွက် ချစ်သော မလေးနှင့် ဝေးကွာရခြင်းမှတစ်ပါး ကောင်းသောပြောင်းခြင်းဟု ဆိုနိုင်လေသည်။

ပထမဦးစွာ ကိုရင်မောင့်ပညာရေး သိသိသာသာ

www.burmeseclassic.com

BURMESE CLASSIC .com

ပြောင်းလဲသွားသည်။

ရန်ကုန်တက္ကသိုလ် ပရိဝုဏ်၏ ကြီးမားကျယ်ပြန့် ခမ်းနားသော အဆောက်အအုံကြီးများနှင့်အတူ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရသော အတွေ့အကြုံသစ်က ကိုရင်မောင့်ကို စိန်ခေါ် သည်။ အိုင်အေပထမနှစ်ကျခဲ့သော အနာကလည်း အခံရှိပြီးသား ဖြစ်လေရာ ကိုရင်မောင် စိတ်ထဲ မောင်းတင်လိုက်တော့သည်။

မိသားစုနှင့်အတူနေရသောကြောင့်လည်း ကိုရင်မောင့် စိတ်များ လန်းဆန်းလာခဲ့သည်။ "ရန်ကုန်တက္ကသိုလ်ကျရင် စာကြိုးစားနော်"ဟူသော မလေးမှာလိုက်သည့် စကားကလည်း ကိုရင်မောင့်အတွက် မောင်းနှင်အားတစ်ခု။

သို့ဖြင့်ပင် ပထမနှစ်၊ ဒုတိယနှစ်၊ ကျောင်းပိတ်ရက်များမှာ ကိုရင်မောင် မလေးရှိရာ မပြန်ဖြစ်။ ထို့ကြောင့် ရန်ကုန်ပြောင်းပြီး ကတည်းက ကိုရင်မောင်နှင့် မလေးတို့ စာချင်းအဆက်အသွယ် မှတစ်ပါး တစ်ခါမှ မတွေ့မဆုံဖြစ်ကြ။

သို့သော် ကိုရင်မောင်၏ 'ပိယေဟိဝိပ္ပယောဂေါဒုက္ခော' ကို အဘက်ဘက်မှ ကယ်တင်ကုစားပေးမည့်သူတစ်ယောက် ပေါ်လာလေသည်။ သူကား ကိုရင်မောင့်ဘဝတွင် မိဘနှစ်ပါးမှ လွဲလျှင် အားအထားရဆုံးဖြစ်သော ဆရာဦးမင်းဆွေပင်တည်း။

"ဆရာဦးမင်းဆွေဟာ ကျွန်တော့်အတွက် အရိပ်အာဝါသ သာမက ရှေ့ခရီးတစ်ထောက်ကိုဆက်ဖို့ ခွန်အားသစ်တွေကိုပါ ပေးစွမ်းနိုင်တဲ့ ညောင်ပင်ကြီးတစ်ပင်ပါပဲဗျာ"

www.burmeseclassic.com
BURMESE CLASSIC .com

သုံးပွင့်ဆိုင် စာတ်လမ်းထဲက ဇာတ်ဝင်ဗုဂ္ဂိုလ်ကို ကိုရင်မောင်က ဤသို့ အချိုးနိဒါန်းဖွင့်ကာ ဇာတ်လမ်းထဲသို့ ဆွဲသွင်း လာလေသည်။

"ဒုတိယနှစ်ရောက်လာပေမယ့် ကျွန်တော့်မှာက အားငယ်တုန်းပဲ။ ရန်ကုန်ရောက်တဲ့သက်တမ်းနဲ့ ကျောင်းသားသက်တမ်းက အတူတူပဲလေဗျာ။ ကျောင်းမှာ ကျွန်တော်က မိတ်ဆွေ သူငယ်ချင်းလဲ မရှိဘူး။ မန္တလေးကနေ အင်တာအေကျလာတယ် ဆိုတဲ့အခံ၊ အဲဒီစာမေးပွဲကျရှုံးခြင်းကြောင့် ချစ်သူနဲ့ဝေးခဲ့ရတယ် ဆိုတဲ့အခံ၊ အားငယ်စိတ်ဓာတ်အခံလေးတွေနဲ့ ညှိုးနွမ်းနေတဲ့ ကျွန်တော့်အပေါ်မှာ ဆရာဦးမင်းဆွေဟာ အားသစ်တွေ လောင်း ပေးခဲ့တယ်"

"ဆရာဦးမင်းဆွေက ဘယ်ကလဲ"

"ကျွန်တော်တို့ ဌာနကပဲလေ။ ကျွန်တော် စက်ကင်း ယီးယားမှာ ဆရာက ကျူတာသက် ၅ နှစ်လောက်ရှိနေပြီ။ အဲဒီတုန်းက ဆရာဟာ မာစတာဆက်တက်နေတုန်း။ ကျွန်တော် ကျူတိုရီယယ်ကျတဲ့အခန်းမှာ ဆရာက သင်တယ်"

ဆရာဦးမင်းဆွေ၏ ရုပ်ပုံလွှာကို ကျွန်တော် စိတ်မှန်းဖြင့် မြင်ကြည့်သည်။ ကျွန်တော့်လူကို အားသစ်တွေ လန်းဆန်း စေစည်လာအောင် ထိုဆရာဦးမင်းဆွေ အဘယ်သို့ ကိုင်တွယ်လေ သနည်း။

"ကာလပ်စ်ထဲမှာ အမြဲတမ်းညှိုးငယ်နေတဲ့ ကျွန်တော့်ကို

www.burmeseclassic.com


ဆရာ သတိထားမိဟန်တူပါရဲ့။ ကလပ်စ်ပြီးချိန်မှာ ဆရာတွေ အခန်းထဲက သူ့စားပွဲဆီ ကျွန်တော့်ကို ခေါ်သွားတတ်တယ်"

■

"ထိုင်ပေ့ါ.... မောင်ရင်မောင်၊ လွယ်အိတ် အဲဒီမှာ ချိတ်ထား၊ စီးကရက်သောက်ဦးမလား.... ရော့"

"ကျွန်တော် ဆေးလိပ်မသောက်တတ်ဘူး ဆရာ"

"တယ်ဟုတ်ပါလား။ မမယ်မက ဆေးလိပ်မသောက်ရလို့ ပညတ်ထားသလားကွ ဟား.... ဟား"

ဦးမင်းဆွေက ရယ်ရယ်မောမောဖြင့် ကိုရင်မောင့်မျက်နှာကို တီးခေါက်ကြည့်လိုက်သည်။ ကိုရင်မောင် အနေကြပ်နေသလောက် ဆရာ့အသွင်က တက်ကြွပွင့်လင်းလှသည်။

"ပြောစမ်းပါကွ။ မမယ်မက ဘယ်မှာလဲ ဆရာလဲ သိရတာပေ့ါ။ ဘယ်မေဂျာကလဲ၊ ဘယ်နှစ်ကလဲ"

"မ.... မဟုတ်ပါဘူးဆရာ"

"ဘာမဟုတ်တာလဲ မောင်ရင်မောင်ရဲ့"

"မသိဘူးဆရာ"

"အေး.... အဲဒါ အကောင်းဆုံးပဲ"

"ခင်ဗျာ"

"မနက်က ဆရာတို့ ဆိုခရေးတီးအကြောင်းသင်တယ် မဟုတ်လား၊ ဆိုခရေးတီးက ကျွန်ုပ်သိသည်မှာ တစ်ခုတည်းသာ

www.burmeseclassic.com

ရှိ၏။ ထိုအရာကား ကျွန်ုပ် ဘာမှမသိသေး ဟူသော အရာပင်တည်း..... တဲ့လေ။ အခု မင်းဟာ အနည်းဆုံးတော့ ဂရီတေးခေါ်ရှင်တစ်ယောက်ရဲ့ လမ်းစပေါ်မှာ ရပ်မိနေပြီ။ ရှေ့ဆက်ပြီး သိဖို့ပဲ လိုတော့တယ်။ မင်းကလဲ မသိခြင်းက စတာကိုးကွ၊ မင်းတေးခေါ်ရှင်ပဲ"

ကိုရင်မောင် ပြုံးမိတော့သည်။

"ကဲ.... ဆိုစမ်း ငါ့တပည့်၊ မင်းဘာကြောင့် ညှိုးငယ်နေတာလဲ"

ဆရာက စကားကို ချက်ချင်း လမ်းပြောင်းလိုက်သောကြောင့် ကိုရင်မောင် အဖြေခက်သွားသည်။ သို့သော် ထုထည်အားကြီးသော ဆရာ့မျက်လုံးမှ အကြင်နာ အခင်မင်စိတ်တို့က ကိုရင်မောင့်ထံ ကူးပျံ့သွားလေသည်။

"ငါ့တပည့်.... မင်းကို ဆရာ သတိထားမိတာ ကြာပြီ။ ပထမဆုံး သတိထားမိတာကတော့ မင်း ကျူတိုရီယယ် အဖြေလွှာက စတာပဲကွ။ ခုံနံပါတ် ပီ နှစ်ဆယ့်သုံး အဖြေလွှာမှာ တခြားအဖြေလွှာတွေနဲ့မတူတဲ့ ထူးခြားချက်ကို ဆရာ တွေ့လိုက်ရတယ်။ ဒါဟာ တက္ကသိုလ်ဆရာတို့ရဲ့ စူးရှသော မြင်တတ်မှုဆိုပါတော့ကွာ"

ကိုရင်မောင် တိတ်ဆိတ်စွာ ရှိနေသည်။

"မင်း မှတ်မိသေးလား၊ မင်းတို့ ဒုတိယနှစ်သမားတွေရဲ့ ပထမဆုံး ကျောင်းဖွင့်စ ကျူတိုရီယယ်မှာ 'မိုင်လေးတပ် တွေး

www.burmeseclassic.com
BURMESE CLASSIC .com

ခေါင်းရှင်များ၏ အယူအဆကို သုံးသပ်ပါ'လို့ မေးထားတယ်။ သူများတွေကတော့ ရေ၊ လေ၊ မီး အခြေခံ စဉ်းစားတဲ့ အတွေးအခေါ် အကြောင်းတွေကို တည့်တည့်ရှင်းရှင်းပဲ ရေးထားတယ်။ မင်း အန်ဆာပေပါမှာကျတော့...."

ကိုရင်မောင် မှတ်မိသည်။ ထိုစဉ်က သူ့ဖြေပုံကို ဆရာကြိုက်မှကြိုက်ပါ့မလားဟု တထိတ်ထိတ် ဖြစ်ခဲ့ရသေးသည်။

"မှတ်မိလားတပည့်၊ မင်းက အာရှမိုင်းနားဒေသရဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ဖွဲ့စည်းပုံတွေကို အသေးစိတ်စရေးတယ်။ ကျွန်ပိုင်ရှင်စနစ်အကြောင်း၊ ပင်လယ်ဆိပ်ကမ်းကူးသန်းရောင်းဝယ်ရေးအကြောင်း စသည်ဖြင့် ခြောက်မျက်နှာတိတိ။ နောက်.... ကျူတိုရီယယ်အချိန် စေ့သွားရော။ အဲဒီတုန်းက ကလပ်စ်ထဲမှာ မင်းတစ်ယောက်ထဲပဲ ကျန်ရစ်တော့တယ်။ အချိန်စေ့လို့ ဘဲလ်တီးလိုက်တော့ ခေါင်းမဖော်တမ်းရေးနေတဲ့မင်းက အလန့်တကြား ဆရာ့ကို မော့ကြည့်တယ်။ ဒီအချိန်မှာ တစ်ယောက်မှ မရှိတော့ဘူး။ မင်းက ဆရာ့ကို အားနာဟန်နဲ့ကြည့်ပြီး ပေပါပေါ်မှာ တစ်ခုခု ကောက်ရေးလိုက်တယ်။ ပြီးတော့ မင်းစာရွက်ကို ဆရာ့ဆီ လှမ်းပေးပြီး မင်း ထွက်ခွာသွားရော။ အဲဒီအချိန်လေးမှာ မင်းရေးလိုက်တဲ့ နောက်ဆုံးစာကြောင်းကို မှတ်မိသေးလား"

မမှတ်မိဘဲ မရှိ။ ကောင်းစွာ မှတ်မိသည်။

"အခုမှ မေးခွန်းကို ဖြေဖို့ အစပျိုးဆဲ ရှိပါသေးတယ်

www.burmeseclassic.com
BURMESE CLASSIC .com

ဆရာ။ အချိန်မလောက်သောကြောင့် ဤမျှသာ ဖြေလိုက်နိုင်ပါတော့သည်” ဟု။

“အဲဒီကတည်းက မင်းကို ဆရာ စိတ်ဝင်စားခဲ့တယ်ကွ”

“ကျွန်.... ကျွန်တော် ကြိုးစားဖြေပါမယ်။ ကျူတိုရီယယ်တိုင်းမှာ”

“ဟုတ်ပါတယ်။ မင်း ကြိုးစားဖြေတာကို ဆရာသိတယ်။ မင်းအဖြေလွှာတိုင်းမှာ မင်းရဲ့ အသေးစိတ် ကြိုးစားအားထုတ်မှု ဝီရိယကို ဆရာ အတိုင်းသား တွေ့နေရတာပဲ။ ပြီးတော့လဲ ကျူတိုရီယယ်တိုင်းမှာ မင်းဖြေခဲ့တာတွေဟာ တစ်ခုမှ မေးခွန်းရဲ့ လိုရင်းကို မရောက်ခဲ့ဘူး။ အသေးစိတ် အစပျိုးနေတာနဲ့ပဲ အချိန်စေ့သွားလို့ အဓိကအချက်ကို မဖြေရသေးပဲ ဒီအတိုင်းထားခဲ့ရတာချည်း မဟုတ်လား”

ဟုတ်သည်။ ကိုရင်မောင့် ကျူတိုရီယယ် အဖြေလွှာတိုင်းမှာ ‘ဂရိတ်တူး’ က မတက်။ ဘယ်မှာ အမှတ် တက်လိမ့်မည်နည်း။ မေးခွန်း၏ လိုရင်းကို ဖြေလိုက်ရသည်ဟူ၍ ရှိမှ မရှိဘဲကိုး။

“နောက်တော့ ကျူတိုရီယယ် စာရွက်တွေ ပြန်ပေးတဲ့အခါ ဝီ နှစ်ဆယ့်သုံး ခုံနံပါတ်ပိုင်ရှင်ကို ဆရာ သတိထားကြည့်တယ်။ အဲဒီတော့ မင်းကို ဆရာတွေ့လိုက်ရတယ်။ မင်း ကျူတိုရီယယ် အဖြေလွှာတွေလိုပဲ မင့်အသွင်၊ မင့်မျက်လုံးတွေဟာလဲ ဘာတစ်ခုမှ မပြီးစီးသေးတဲ့ အလုပ်တွေကို တသီကြီး လုပ်ထားဆဲ တန်းလန်းပဲ

www.burmeseclassic.com


ဆိုတဲ့အချက်ဟာ မင့်မျက်လုံးမှာ ဘွားခနဲပေါ်လာတာပဲကွ"

ကိုရင်မောင် ရှက်ကြောက်စွာ ခေါင်းငုံ့လိုက်မိသည်။ ထို့နောက် အထစ်ထစ်အငေါ့ငေါ့ဖြင့်ပင်....

"ကျွန်တော်.... အသေးစိတ် အကွက်စေ့အောင် ကြိုးစားဖြေ...."

"ဟုတ်ပါတယ် တပည့်ရာ....၊ မင်းဟာ အလွန်တရာမှ အသေးစိတ် ထောင့်စေ့ အံစေ့ဖြစ်အောင် ကြိုးစားတယ်ဆိုတာ ဆရာ သိထားပါတယ်။ ဒါပေမယ့် ဝီရိယရဲ့ လွန်ကဲခြင်း ဥဒ္ဒစ္စ အဖြစ်ကို မင်းရောက်နေတယ်ကွ။ အသေးစိတ်လွန်း အချိန်ယူလွန်းတော့ လိုရာခရီးကို သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ မရောက်တော့ဘူးကွ။ မင်းဟာက သေနင်္ဂဗျူဟာ ကောင်းသလောက် နည်းပရိယာယ်မှာ ချို့တဲ့နေတယ်။ အဲဒီအချက်အတွက် မင်းနဲ့ ဆွေးနွေးချင်လို့ မင်းကို ဆရာခေါ်တွေ့တာ။ ဝီရိယ သမားတစ်ဦးရဲ့ အစွမ်းအစကို ဆရာ တွန်းတင်ပေးချင်လို့"

"ကျွန်တော့်ကို ဆုံးမပါဆရာ"

"မဆုံးမပါဘူးကွာ၊ မင်းဟာ အဆုံးအမ ခံရလောက်အောင် မိုက်မဲသူ၊ ညံ့ဖျင်းသူမှ မဟုတ်ပဲ"

"ကျွန်တော် ညံ့ပါတယ်ဆရာ"

"မညံ့ပါဘူးတပည့်ရာ.... မင်းက ညံ့တာ မဟုတ်ပါဘူး။ တွေဝေနေတာပါ"

"ခင်ဗျာ"

www.burmeseclassic.com

"ကိုင်း.... ဆိုစမ်း ငါ့တပည့်၊ ကောင်မလေးနဲ့ အဆင်မပြေဖူးလား"

ဆင်သည်က မိုး၊ တကယ်တမ်း တိုးဝင်သည်က လေ။ ကိုရင်မောင် ဘာပြောရမှန်းမသိ။

"ဟား.... ဟား.... ဒီအရွယ်မှာ အချစ်သောကထက် ပိုကြီးမားတဲ့သောက ရှိနိုင်မလားကွ။ မင်းကြည့်ရတာ ချမ်းချမ်းသာသာ မဟုတ်တောင်မှ ဆင်းတောင့်ဆင်းရဲ မဟုတ်။ စတိုင်ပင်ယူထားတာလဲ မဟုတ်။ သည်တော့ စီးပွားရေး ဘာညာအတွက် မင်းမှာ အပူမရှိနိုင်ဘူး။ တခြားလဲ မရှိနိုင်ဘူး။ ဒါ့ကြောင့် ဆရာ ဇွတ်မေးလိုက်တာပဲ။ ဆိုစမ်း၊ မောင်ရင်မောင်၊ မမယ်မနဲ့ မင်းနဲ့ကြားမှာ ဘာပြဿနာရှိသလဲ"

"ကျွန်တော်...."

"ဟုတ်ပြီ.... ဆရာသိပြီ။ ဘာပြဿနာရယ်လို့ မသိရသေးပေမယ့် မမယ်မ ပြဿနာပဲလို့ ဆရာ သိလိုက်ပြီ။ မင့်မျက်လုံးတွေက အဖြေပေးနေတယ်။ ကဲ.... ဆိုစမ်းကွာ။ မမယ်မ နာမည်က ဘာတဲ့လဲ၊ ဘာမေဂျာလဲ၊ ဘယ်နှစ်ကလဲ၊ အဆောင် နေသလား။ နေ့ကျောင်းလား"

ဆရာသည် ရင်းနှီးသော သူငယ်ချင်း အစ်ကိုကြီး တစ်ယောက်အဖြစ်သို့ ချက်ချင်းကူးပြောင်းသွားလေသည်။

သို့ဖြင့်ပင် မလေးအကြောင်းကို ကိုရင်မောင် ယုံကြည်အားကိုးစွာ ပြောပြလိုက်တော့သည်။ ငါးနှစ်ငါးမိုး အချစ်

www.burmeseclassic.com

ကြီးမားသော သံယောဇဉ်၊ အင်တာအေ ကျခဲ့ခြင်း၊ ရန်ကုန်ပြောင်းခဲ့ခြင်း၊ မလေးနှင့် ဝေးကွာခဲ့ခြင်း။

"ကောင်မလေးက အခု မန္တလေးမှာပဲပေါ့"

"ဟုတ်တယ်ဆရာ"

"ဆယ်တန်း ဟုတ်လား"

"ဒီနှစ်ဖြေမယ် ဆရာ"

"အင်း.... ခုထိတော့ စာချင်းအဆက်အသွယ် မပြတ်ဘူးနော်"

"မပြတ်ပါဘူးဆရာ။ ဒါပေမယ့် သူ့ဆီ စာထည့်တိုင်း လိပ်စာကို ခဏခဏပြောင်းရေးရတယ်။ သူ့သူငယ်ချင်းတွေ လိပ်စာနဲ့ပေါ့။ ဒါကို ကြည့်ခြင်းအားဖြင့် သူ့အိမ်က ဘယ်လောက် ကျဉ်းမြောင်းသလဲဆိုတာ ထင်ရှားတယ် ဆရာ"

"တပည့်ရာ၊ မင်း ဂျိမ်းစ်လှကျော်ရဲ့ ဝတ္ထု ဖတ်ဖူးတယ် မဟုတ်လား"

"ခင်ဗျာ...."

"မောင်ရင်မောင်နဲ့ မမယ်မအဖြစ်ဟာ မင်းတို့ထက် ပိုပြီး ဆိုးတာပေါ့။ နှစ်တွေနဲ့ချီပြီး ရှင်ကွဲကွဲရာကနေ နောက်ဆုံးကျတော့ ခက်ခဲမှုတွေ မှန်သမျှ ပျောက်ကွယ်ပြီး ပြန်ဆုံကြရတယ် မဟုတ်လား"

ဆရာသည် လေးနက်စွာ ပြုံးနေလေသည်။

ကိုရင်မောင်သည် ဆရာ့အပေါ် ပွင့်လင်းရင်းနှီးခဲ့ပြီ။

www.burmeseclassic.com

"ကျွန်တော် ဘာလုပ်ရမလဲဆရာ"

"ချစ်သူတစ်ယောက်လုံးက ကိုယ့်ဘက်မှာပဲကွ။ ဒါဟာ နည်းနည်းနောနော အင်အားကြီးလား၊ မင်း အခု ဒုတိယနှစ်ရောက်နေပြီပဲ။ နောက်ထပ် နှစ်နှစ်ပြီးရင် ဘွဲ့ရပြီ။ ဘွဲ့ရပြီး ဟိုဘက်ပိုင်းမှာ"

"ဒါပေမယ့် သူ့မိဘတွေက"

"ဆရာ ပြောပါ့မယ်ကွာ။ ဖိုင်နယ်မှာ မင်း ကွာလီဖိုင်းဖြစ်အောင်လုပ်၊ မာစတာ ဆက်တက်၊ ကျူတာလျှောက်ယူ၊ ဌာနမှာ အလုပ်ပြန်လုပ်၊ ဘွဲ့တစ်ခုရပြီးသား၊ အလုပ်တစ်ခုရှိပြီးသား၊ နောက်ထပ် အဆင့်မြင့် ဘွဲ့လွန်သင်တန်း တက်နေသူ၊ အလုပ်လဲတက်မယ့် သူတစ်ယောက်ကို ဘယ်သမီးရှင်က သဘောမတူပဲနေမလဲကွာ။ ရှင်းရှင်းလေးပဲ"

ကိုရင်မောင့်အသိမှာ လင်းခနဲပြက်သွားသည်။

သို့သော်....

"အဲဒီအထိ သူ့အိမ်က သဘောမတူရင်ကောဆရာ"

"အံမာလေး.... တပည့်ရာ။ အဲဒါကြောင့် မင်းဟာ ရှေ့စပ်တိကျတဲ့ ကျောင်းသားဖြစ်ရက်နဲ့ ဂရိတ်တူးက မတက်တာ။ အဲဒီကျတော့ တစ်လောကလုံးကို စစ်ကြေငြာပြီး မင့် မလေးကို ခိုးပြေးပေါ့ကွ။ ကဲ...."

www.burmeseclassic.com

# မြှောက်

စာတော်ချင်သော ကျောင်းသားတစ်ယောက်၏ ဝီရိယလွန်ကဲခြင်း၊ တွေဝေခြင်း တိမ်သလ္လာများကို ဆရာ ဦးမင်းဆွေသည် ထိုသို့ပင် အချစ်ရေးမှ အစပြုကာ ကျွမ်းကျင်စွာ ဖယ်ရှားပေး ခဲ့သည်။

ဆရာ၏ 'သွေး' ပေးမှုကြောင့် ကိုရင်မောင် 'လက်'ခဲ့ပြီ။

ဆရာသည် ဆရာ၊ အစ်ကိုကြီး၊ သူငယ်ချင်း.... အားထား တိုင်ပင်ဖက် မိတ်ဆွေကောင်းဖြစ်ခဲ့သည်။ ဝိပ္ပလ္လာသ ချောက်ကမ်း ပါးသို့ ကျအံ့ဆဲဆဲ ကိုရင်မောင်သည် ဆရာ၏ ဆွဲတင်မှုကြောင့် ဂုဏ်မြောက်သော ကျောင်းသားကောင်းတစ်ယောက် ဖြစ်လာ ခဲ့သည်။

ကျူတိုရီယယ်အဖြေလွှာများ 'ဂရိတ်ဖိုး' ထက် အောက် မကျတော့သော တိုးတက်ခြင်းမှ အစပြုလျက် ကိုရင်မောင်သည်

ပုဂံစာအုပ်တိုက်

www.burmeseclassic.com
BURMESE CLASSIC .com

စာတော်သော ကျောင်းသားအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဦးယျာဉ်မှူးသည် အဆင်းရနံ့ပြည့်စုံစွာ ပွင့်လန်းလာသော ပန်းပွင့်ကိုကြည့်ရင်း ချမ်းမြေ့စွာ ပီတိသောမနဿ ဖြစ်နေခဲ့လေသည်။

■

"ကျွန်တော် တတိယနှစ်မှာ မလေးလဲ ဆယ်တန်းအောင်တယ်။ သူ မန္တလေးတက္ကသိုလ် ဆက်တက်တယ်။ သူက ဟာစ်စထရီ မေဂျာ၊ ဒီအထိ မလေးနဲ့ ကျွန်တော် လူချင်း မတွေ့ဖြစ်သေးဘူး။ ကျွန်တော့် အာရုံထဲမှာ မလေးကို သတိရတိုင်း ကျွန်တော် ရန်ကုန် ပြောင်းရခါနီး ချိန်းတွေ့တုန်းက ခေါက်ဆွဲဆိုင်ထဲမှာ ငိုနေတဲ့ ရုပ်သွင်ကိုပဲ ဖမ်းမိတယ်"

"ကျောင်းပိတ်ရက်တွေမှာ ဆရာ မပြန်ဖူးလား"

"အင်း.... ဆရာဦးမင်းဆွေပြောသလို ကျွန်တော်ဟာ ဘယ်နေရာမှာမဆို ဝီရိယလွန်ကဲလေသလား မပြောတတ်ဘူး ဆရာရေ့၊ ဆမ်းမားဗကေးရှင်းတွေမှာ ကျွန်တော် မန္တလေး မပြန်ဘူး။ ဌာနမှာပဲ ဆရာ့ သုတေသနစာတမ်းတွေ၊ ဌာနရဲ့ သုတေသန လုပ်ငန်းတွေမှာ ဝင်ပြီး ကူလုပ်ခဲ့တယ်။ စာကြည့် တိုက်ထဲမှာ အချိန်ကုန်ခဲ့တယ်။ တမ်းပေပါတွေ ရေးတယ်။ ဖိုင်နယ်မှာ ကွာလီဖိုင်းဖြစ်ရုံတင်မက ဓရက်ဒစ်ပါရဖို့ ကျွန်တော် ကြိုးစားပြီလေ"

စာကြမ်းပိုးလုပ်နေမည့် ဆရာရင်မောင့်အသွင်ကို ကျွန်တော်

www.burmeseclassic.com

BURMESE CLASSIC .com

မြင်ယောင်မိသည်။

"အဲဒီနောက်တော့...."

"ပထမနှစ်မှာ ကျွန်တော် ဂုဏ်ထူးနဲ့ အောင်တယ်။ ဒုတိယနှစ်မှာလဲ သုံးဘာသာဂုဏ်ထူးနဲ့ ဆုရခဲ့တယ်။ စာမေးပွဲကြေး ကင်းလွတ်ပြီး တစ်လ တစ်ရာ့ငါးဆယ် ထောက်ပံ့ကြေးရတယ်"

"ဆရာဦးမင်းဆွေကတော့ သူ စိုက်တဲ့အပင်၊ အသီးအပွင့်တွေနဲ့ ရှင်သန်ကြီးထွားလာတာကြည့်ပြီး ဘယ်လောက်ကြည်နူးလိုက်လေမလဲနော်"

"ဟာ.... ဘယ်ပြောကောင်းမလဲ ဆရာရယ်၊ နောက်ပိုင်းကျတော့ ဆရာနဲ့ကျွန်တော်က ဆရာတပည့်မကတော့ပဲ ညီအစ်ကိုရင်းချာတွေလို ဖြစ်သွားတယ်။ ဆရာကလဲ ဌာနမှာ အတော်ဆုံး ဆရာတစ်ယောက်ကိုး။ ကြာတော့ ဖီလိုဆိုဖီ တစ်ဌာနလုံးကတောင် ကျွန်တော်တို့ကို ပြောလာတယ်။ အနော်ရထာနဲ့ ကျန်စစ်သားတဲ့။ ဆရာက ဒီဘာသာရပ်တွေ ဒီကဏ္ဍတွေ ရှိဆက်ချိလုပ်ဖို့ အစီအစဉ်တွေချ၊ ကျွန်တော်က ဆရာ့သြဝါဒနဲ့ အလုပ်လုပ်"

"အနော်ရထာနဲ့ ကျန်စစ်သား.... ဟုတ်လိုက်လေဗျို့"

"နောက်တော့ ဆရာ့မိဘအိမ်.... အဲ ဆရာ့အိမ်ပေါ့ဗျာ။ ကျွန်တော်ဟာ ဝင်ထွက်စားသောက်ရင်းနဲ့ ဆရာ့မိသားစုနဲ့ပါ တရင်းတနှီး ဖြစ်သွားတယ်။ ဆရာက တစ်ဦးတည်းသောသား၊ အိမ်ထောင်မပြုဘဲ မိဘတွေကို လုပ်ကျွေးနေတာ။ ဆရာတို့ဟာ

www.burmeseclassic.com

မချောင်လည်ရှာပါဘူးဗျာ။ ဆရာ့မှာ ကျူတာ လခကလေးနဲ့ နေကြရတာ။ ကျွန်တော်က သုတေသနထောက်ပံ့ကြေး ထုတ်လာတုန်းက (ထိုစဉ်က သုတေသနထောက်ပံ့ကြေးကို နှစ်ဝက်စာ နှစ်ကြိမ် ခွဲထုတ်ပေးခဲ့ကြောင်း ကျွန်တော် မှတ်မိသည်။) ဆရာ့အမေနဲ့ အဖေကို မှတ်မှတ်ရရ ငွေသုံးရာ ကန်တော့ခဲ့တယ်။ ဒီတုန်းကများ ဆရာကိုယ်တိုင် မျက်ရည်လည်ရှာတယ်"

ဆရာဦးမင်းဆွေတို့သည် ကုန်သည်မျိုးရိုး ဖြစ်ခဲ့ကြောင်း၊ ရိုးသားသော မြန်မာကျေးလက်ကုန်သည်များပီပီ ပို၍ အင်အားကြီးသော တိုင်းတစ်ပါးကုန်သည်တို့၏ ဝါးမျိုမှုဖြင့် စီးပွားပျက်ခဲ့ရကြောင်း စသော ဦးမင်းဆွေ၏ နောက်ကြောင်းများကိုလည်း ကျွန်တော်သိလာရသည်။

ဆရာ ဦးမင်းဆွေအပေါ်၌ သူ ဘယ်လောက်ကြည်ညိုလေးစားမြတ်နိုးခဲ့ကြောင်း၊ ဆရာသည် သူ၏ အားငယ်တွေဝေတတ်သော စိတ်ဓာတ်၊ ဥဒ္ဒစ္စပေးခဲ့ပြီး တက်ကြွနိုးကြားသော၊ အနာဂတ်ကိုယုံသော၊ စာတော်သော၊ လူငယ်တစ်ဦးဖြစ်လာအောင် မြေတောင် မြှောက်ပေးခဲ့ပုံများကို ဆရာဦးရင်မောင်သည် အကိုးအကားဖြစ်ရပ်၊ အထောက်အထား သာဓကများနှင့်တကွ အသေးစိတ် ဆက်ပြောသည်။

ကျွန်တော့်အဖို့မူ ရှည်လျားထွေပြားလှသော သူ့နောက်ကြောင်းပြန်တွေကို အသေးစိတ် နားထောင်ရခြင်းဖြင့် သည်းမခံနိုင် မဖြစ်မိသော်ငြား ပျင်းရိလာချေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

ထို့ကြောင့်....

"ကိုင်း.... ဆရာ၊ ဆရာဦးမင်းဆွေရဲ့ စကားမျိုးကို ကျွန်တော် အခု ပြောပါရစေ ဆရာ့ဓာတ်လမ်းဟာ ရှေ့ပိုင်းသိပ် အသေးစိတ်ပြီး နည်းနည်း ညည်းငွေ့စရာ ကောင်းလာပြီဗျ။ တော်ကြာ အချိန်သာစေ့သွားရော မေးခွန်းရဲ့ လိုရင်းအဖြေကို မဖြေမိဘူး ဖြစ်သွားဦးမယ်"

ဆရာဦးရင်မောင် စကားတုံ့သွားသည်။ ကျွန်တော့်ကို လှမ်းကြည့်ကာ ဟက်ခနဲတစ်ချက် ရယ်လိုက်သည်။

"အား.... ဆောရီးဗျာ၊ ကျွန်တော်က ဥဒ္ဒေသမားလေ"

"ထားပါတော့ဗျာ၊ အနော်ရထာနဲ့ ကျန်စစ်သားတို့ နိုင်ငံတော် ထူထောင်ရေးလုပ်ငန်းတွေ လုပ်ကြတဲ့အကြောင်းက အတော်လေး များသွားပြီ၊ ဓာတ်လမ်းဓာတ်ကွက်တွေ ဘာတွေ ပါတဲ့ ဝတ္ထုဆိုတာမျိုးက နည်းနည်းစိုစိုပြည်ပြည် ဖြစ်မှာဗျ"

"အနော်ရထာနဲ့ ကျန်စစ်သား။ အင်း.... ဒီစကားလုံးကို ဆရာ မှတ်မိနေသားပဲကိုး"

ဆွေးမြည့်နာကျင် အငွေ့တို့ သူ့မျက်အိမ်တစ်ဝိုက်၌ လွှမ်းသွားကြသည်ဟု ကျွန်တော် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ရှုမ်

စတုတ္ထနှစ်၏ ပထမနှစ်ဝက် စာမေးပွဲအပြီးတွင် ဆရာက ကိုရင်မောင့်ကို ထူးခြားသော စကားတစ်ခွန်းပြောသည်။

ထုံးစံအတိုင်း ဆရာများ ရုံးခန်း၊ ဆရာ့စားပွဲ။

ဆရာသည် ကိုရင်မောင့်ကို ထိုင်ခိုင်းပြီး သူ့ဗီရိုကို ဖွင့်သည်။ ဖိုင်တွဲအထူကြီးတစ်ထပ်နှင့် အညိုရောင် စာအိတ်ရှည် တစ်လုံး ထုတ်ယူပြီး စားပွဲပေါ်တင်လိုက်သည်။

"မောင်ရင်မောင်ရေ"

"ဆရာ"

"မင်းတစ်ယောက်ထဲ မောင်ရင်မောင်ဖြစ်တာ မဟုတ်ဘူး။ ဆရာလဲ ဂျိမ်းစ်လှကျော်ဖြစ်သွားပြီကွ"

"ခင်ဗျာ"

www.burmeseclassic.com

ဆရာက ဟက်ဟက်ပက်ပက်ရယ်လေသည်။ ထို့နောက် ရယ်သံ ဗလုံးဗထွေးဖြင့်ပင်....

"ဟား....ဟား.... ကောင့်အော့ဖ်မွန်တီခရစ္စတိုထဲမှာတော့၊ အလက်ဇန္ဒားဒူးမားက မင်းသားနဲ့မင်းသမီးကို ပေါင်းမပေးဘူးကွ၊ ဂျိမ်းစ်လုကျော်ကတော့ မောင်ရင်မောင်နဲ့ မမယ်မကို သူ့ဝတ္ထုထဲမှာ ပေါင်းပေးတယ်။ အခုလဲ မင့်အတွက် ဆရာဟာ ဂျိမ်းစ်လုကျော် ဖြစ်နေပြီလေ"

"ခင်ဗျာ"

"ခင်ဗျာ မနေနဲ့တော့၊ အခု မင့်ကို ဆရာ မန္တလေး တက္ကသိုလ် လွှတ်မလို့၊ မမယ်မရှိရာကို ပို့မလို့"

"ဟာ တကယ်လားဆရာ"

"တကယ်ပေါ့ကွ။ လာမယ့် သုတေသနဆွေးနွေးပွဲမှာ ဆရာ စာတမ်းဖတ်မယ်လေ။ အဲဒီစာတမ်းက 'မာဃ' က ဆရာ့ မိတ်ဆွေ ဦးတင့်ဝေနဲ့ပေါင်းရေးမှာ၊ စာတမ်းကို နှစ်ပိုင်းခွဲပြီး ဆရာတို့ နှစ်ယောက် ရေးထားတယ်။ အခု ဆရာ ရေးပြီးတဲ့ အပိုင်းကို ဦးတင့်ဝေဆီပို့၊ ဦးတင့်ဝေ ရေးထားတဲ့ အပိုင်းကို ဆရာ့ဆီ ယူလာ၊ အဲဒီကိစ္စအတွက် ငါ့တပည့် မာဃကိုသွား၊ ဟောဒါ ဆရာ့စာတမ်း"

ဖိုင်တွဲကြီးကို ဆရာ ထုတ်ပြသည်။

"ဘဂဝါ ဂီတကျမ်းနှင့် ဟိန္ဒူအတွေးအခေါ်"

"ဒီစာအိတ်က ဦးတင့်ဝေကို ပေးဖို့"

www.burmeseclassic.com

BURMESE CLASSIC .com

ဖိုင်တွဲနှင့် စာအိတ်ကိုကြည့်ပြီး ကိုရင်မောင် ဘာပြောရမှန်း မသိ။

"မမယ်မကိစ္စကတော့ အဲ.... အဲဒါက မင့် ရီဆတ်ချ်ပဲ"

"ကျွန်တော် ဘယ်တော့ သွားရမလဲ ဆရာ"

"မနက်ဖြန်။ ဆရာ ဦးတင့်ဝေဆီ ဖုန်းဆက်ပြီးပြီ။ အမှန်က လူကြုံနဲ့ပို့ဖို့ကွ။ သိပ်လဲ စိတ်မချတာနဲ့၊ ပေပါတွေက အရေးကြီးတယ်။ ဒီကိစ္စမှာ ဦးတင့်ဝေနဲ့ တွေ့ဆုံဖို့၊ ဦးတင့်ဝေဆီက စာတမ်းနဲ့ ပတ်သက်တဲ့ အကြံပေးချက်တွေကို ဆွေးနွေးညှိနှိုင်းဖို့၊ အစစ ကိစ္စတွေဟာ လောကမှာ မင်းကလွဲလို့ အသင့်တော်ဆုံးလူ မရှိဘူးလို့ ဆရာ ဆုံးဖြတ်တယ်....။ ဘယ့်နှယ့်လဲ။ ပြီးတော့ ဒီလိုမှပဲ မင်းလဲ မန္တလေးကို ရောက်ဖြစ်မှာ၊ ဒီလိုမှပဲ မင်းလဲ...."

"ကျေးဇူးတင်ပါတယ် ဆရာရယ်"

"အေး.... ကျေးဇူးတင်ရင် ဆရာ့စာတမ်းအတွက် အကောင်းဆုံးကြိုးစားခြင်းအားဖြင့် ကျေးဇူးဆပ်ကွာ။ ဟုတ်လား"

"အမှန်က ဆရာ့ကျေးဇူးဟာ ဆပ်လို့မကုန်ပါဘူး ဆရာရယ်"

"အဲဒါ ထားစမ်းကွာ။ မင့်မမယ်မနဲ့ကော၊ စာ အဆက် အသွယ်"

"ပြီးခဲ့တဲ့ အပတ်ထဲကပဲ ကျွန်တော် စာတစ်စောင်ထည့်လိုက်တယ်ဆရာ။ အဲဒီစာထဲမှာ ဆရာ့အကြောင်းတွေလဲပါတယ်"

"ဆရာ့အကြောင်းတွေ...."

www.burmeseclassic.com
BURMESE CLASSIC .com

“လောက ရေပြင်ပေါ်က ကျွန်တော့်ဘဝ သင်္ဘောမှာ ဆရာဟာ ပြောမပြနိုင်အောင် အင်အားကြီးတဲ့ မာလိန်မှူးကြီး တစ်ယောက်ဖြစ်တဲ့အကြောင်း၊ ဆရာ့ကြောင့် ကျွန်တော်....”

“ဟော့.... ဟော့ ဒါတွေ ထားစမ်းပါကွာ”

“ဘယ်မှာထားလို့ ရမလဲ ဆရာ။ မလေးဆီ ရေးတဲ့ စာထဲမှာ ဆရာ့အကြောင်း ထည့်ရေးရတာ ကျွန်တော့်အတွက် အကြည်နူးရဆုံးပါ”

“ကိုင်း.... မန္တလေး ရောက်တော့မှ နှုတ်နဲ့ ပြောပြပေတော့ကွာ....”

ဆရာတပည့်နှစ်ယောက် ရယ်မိကြသည်။

www.burmeseclassic.com

# ၅၆

ကိုရင်မောင် မန္တလေးတက္ကသိုလ်သို့ ရောက်သည်။ ဆရာ ဦးတင့်ဝေနှင့် တွေ့သည်။ သုတေသနစာတမ်းကိစ္စ ဆွေးနွေးကြသည်။

နောက်နေ့တွင် ကိုရင်မောင် သမိုင်းအဓိက ဒုတိယနှစ်စာသင်ခန်းသို့ သွားလေသည်။ မလေးကိုရှာရန်....

စာတ်လမ်း သည်နေရာအရောက်တွင် စကားစပြတ်သွားကာ ဆရာ ဦးရင်မောင်သည် မျက်စေ့အစုံကို မှိတ်ထားလေသည်။ ကျွန်တော် သူ့ကို အချိန်ပေးလိုက်သည်။ သူ တွေးတောခံစားပါစေ....။

"ဆရာရေ... မလေးနဲ့ ပြန်လည်တွေ့ဆုံခန်းကို ကျွန်တော် ဘယ်စကားလုံးမျိုးနဲ့ ပြောရပ့ါမလဲ။ လေးနှစ်လုံးလုံး မတွေ့မမြင်

www.burmeseclassic.com
BURMESE CLASSIC .com

ခဲ့ရတဲ့ ချစ်ဦးသူနဲ့ ပြန်လည်ဆုံဆည်းရတဲ့အခန်း...."

"ကျွန်တော် မကြုံဖူးပေမယ့် စိတ်မှန်းနဲ့ ကိုယ်ချင်းစာပါတယ်"

"ရုတ်တရက် တစ်ယောက်ကိုတစ်ယောက် မမှတ်မိသလိုလို ဖြစ်နေကြတယ်။ ခေတ်ပုံတွေ လဲထားကြပေမယ့် အပြင်မှာ တွေ့ရတာနဲ့ မတူဘူးလေ။ မလေးဟာ လေးနှစ်အတွင်းမှာ...."

ရွှန်းလက်စွာ သူ ပြုံးပြီးမှ....

"သိပ်လှလာတယ်။ ပြီးတော့ တက္ကသိုလ်ကျောင်းသူ ဖြစ်နေပြီဆိုတော့ ဟိုတုန်းက စတီတ်ကျောင်းသူလေးလို မဟုတ်တော့ဘူး။ ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက်ကို လှနေတော့တာပါပဲ"

"ဆရာ့ကိုကော သူ ချက်ချင်းမှတ်မိရဲ့လား"

"ကျွန်တော့်ကျတော့ သူ ချက်ချင်းမှတ်မိတယ် ဆရာရေ့၊ ဟင်.... အစ်ကိုမောင်လို့ တအံ့တသြ ရေရွတ်လိုက်တဲ့ သူ့အသံနဲ့ သူ့မျက်နှာထားကို ကျွန်တော် အခုထိစွဲနေတုန်းပါ"

"ကျွန်တော် ယုံပါတယ်"

"အင်း.... ရွှေရက်များပေါ့ ဆရာရယ်။ ကျွန်တော် မန္တလေးမှာ ငါးရက်ကြာခဲ့တယ်။ ဝတ္ထုသာပြန်ရေးရရင် ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ယောက် ချစ်သူနဲ့ ချစ်စကားတွေ ပြောတဲ့ အခန်းဟာ စိန်ပန်းပြာ၊ ကံ့ကော်လမ်းနဲ့ အင်းလျားကန်တွေ မဟုတ်ဘဲ ရေနီမြောင်းနဲ့ တမာရိပ်တွေ ဖြစ်နေတာ

www.burmeseclassic.com

BURMESE CLASSIC .com

မဆန်းဖူးလား"

"တစ်မျိုးပေါ့ ဆရာ"

■

ကိုရင်မောင်နှင့် မလေးတို့ ရှေ့အစီအစဉ်များကို ဆွေးကြလေသည်။ ကိုရင်မောင်က ဆရာဦးမင်းဆွေအကြောင်းတွေ ပြောပြသည်။ နောက်ဆုံးနှစ်ကို ကွာလီဖိုင်းဖြစ်အောင် ဖြေ။ မာစတာ ဝင်လုပ်။ အလုပ်လုပ်ရင်း ပညာဆက်သင်။ ဘွဲ့လွန်ဒီဂရီ တစ်ခုထပ်ယူ၊ ကျူတာအဖြစ်မှသည် လက်ထောက် ကထိကအဖြစ်သို့ ရာထူးတက်....

"ဘွဲ့ရပြီး အလုပ်ရပြီးတဲ့အချိန်ကျမှ သူ့အိမ်က သဘော မတူဘူးဆိုရင် ခိုးရာလိုက်ပါမယ်ဆိုတဲ့ ကတိစကားရသည်အထိ ကျွန်တော်တို့ စီစဉ်ကြတယ်ဆိုပါတော့ဗျာ"

ဦးရင်မောင် မျက်နှာနုပျိုနေကာ သူ့အသံလည်း တက်ကြွ နေသည်။

"မန္တလေးမှာ ကျွန်တော် ငါးရက်နေခဲ့တယ်။ ဆရာ ဦးမင်းဆွေရဲ့ သုတေသန စာတမ်းကိစ္စရော၊ ကျွန်တော့်ကိစ္စပါ အဆင်ပြေခဲ့တဲ့အတွက် ပြည်တော်ပြန်လာပတဲ့ ခရီးပေါ့"

"ခု အထိတော့ အဆင်မပြေစရာ ဘာမှမတွေ့ပါဘူး။ ဆရာ့ စာတမ်းက ချောလို့ ဖြောင့်လို့ပါလား"

ဦးရင်မောင်၏ မျက်နှာ ညိုခနဲဖြစ်သွားသည်။ ဒါကို

www.burmeseclassic.com

ကြည့်ပြီး ရှေ့ဆက်မည့် ခတ်လမ်းမှာ အဆင်မပြေသည့် တစ်စုံတစ်ခု ပါလာတော့မည် ဖြစ်ကြောင်း ကျွန်တော် သိလိုက်သည်။ ကံကြမ္မာ လက်မည်းသည် အဘယ်သို့သော တစ်ထောင့် တစ်နေရာက အသံမပေး။ အရိပ်အရောင်မပြပဲ ဝင်ရောက်လာလေမည်လဲ။ ကျွန်တော် သိချင်လာသည်။

■

ကိုရင်မောင် စတုတ္ထနှစ်စာမေးပွဲ၏ ဒုတိယပတ် နောက်ဆုံးနှစ်ဝက် နောက်ဆုံး စာမေးပွဲကို ဖြေဆိုပြီးနောက် သုံးလခန့်အတွင်းမှာပင် ဆရာဦးမင်းဆွေသည် နိုင်ငံခြားကို သွားရဖို့အကြောင်း ပေါ်လာသည်။ ပညာရေးသုတေသန အဖွဲ့ဝင်တစ်ယောက်အဖြစ် ဆရာ လိုက်ပါသွားရမည်။ ဆရာ့လို လူတော်တစ်ယောက်ကို အားလုံးကပင် ထိုက်ထိုက်တန်တန် ရွေးချယ်လိုက်ကြသည်။

လန်ဒန်၊ အောက်စဖို့ဒ်၊ ကိမ်းဘရစ် တက္ကသိုလ်များသို့ လှည့်လည်ကာ ဘာသာရပ်ဆိုင်ရာ သုတေသနကိစ္စများကို လေ့လာရမည်။ ခရီးစဉ်ကာလမှာ သုံးလ။

"မောင်ရင်မောင်ရေ၊ ဆရာ့အိမ်ကိုတော့ ခဏခဏ သွားပေးပါကွာ။ တပည့်တစ်ယောက်ကို အဖော်ထားခဲ့ပေမယ့် အမေနဲ့ အမေတို့အတွက် စိတ်မချဘူး။ အဘိုးကြီး အဘွားကြီးကလဲ မင်းနဲ့မှ ကိုက်မှာပါ။ မင်းနဲ့ကတော့ အိမ်သားလို ဖြစ်နေပြီ မဟုတ်လား"

www.burmeseclassic.com

“စိတ်ချပါဆရာ”

လေယာဉ်ဆီသို့ သွားကာနီးအထိ ဆရာက တဖွဖွ မှာသည်။

“အေး.... စိတ်ချပါရစေကွာ”

“ကျွန်တော် ညပါ စောင့်အိပ်ပေးပါ့မယ် ဆရာ”

“ကျေးဇူးပဲကွာ။ ပြီးတော့ နောက်တစ်ခု မှာခဲ့ဦးမယ်”

“ဟုတ်ကဲ့”

“ဆရာ ပြန်ရောက်ချိန်ဆိုရင် မင်းလဲ ဌာနမှာ အလုပ်ဝင် နေလောက်ပြီ”

စတုတ္ထနှစ် အောင်စာရင်းများ ထွက်ပြီးချိန်မှာပင် ကျူတာ လျှောက်လွှာ ခေါ်သဖြင့် ကိုရင်မောင် လျှောက်လွှာတင်ခဲ့သည်။ ရာထူးဝင်အဖွဲ့တွင် အင်တာဗျူးဖြေခဲ့ပြီးဖြစ်သည်။ စတုတ္ထနှစ်တွင် ကိုရင်မောင် သုံးဘာသာ ဂုဏ်ထူးလည်း ရခဲ့သည်မို့ ဌာနမှာ လည်း နည်းပြဆရာ အလုပ်ရဖို့က သေချာသလောက်ပင်။ ဒါကို ရည်ရွယ်၍ ဆရာဦးမင်းဆွေက ပြောခြင်း ဖြစ်လေသည်။

“ဘွဲ့လဲရ၊ အလုပ်လဲရပြီးပြီဆိုတော့ အင်း....မင်းစီမံကိန်းလဲ အကောင်အထည် ပေါ်လောက်ပြီကွ”

ကိုရင်မောင် ပြုံးနေလိုက်သည်။

“ဒီတော့ ဆရာမှာချင်တာက ဆရာ ပြန်ရောက်လာချိန် လေယာဉ်ကွင်းကို လာကြိုတဲ့အခါမှာ မမယ်မပါ မင်းဘေးမှာ ရှိနေတာကို ဆရာ တွေ့ပါရစေကွာ”

www.burmeseclassic.com

"အာ.... ဆရာ"

"စိတ်ချပါဆရာလို့ပဲ ပြန်ဖြေလေကွာ"

"ဟုတ်ကဲ့"

ဆရာသည် တဟားဟားရယ်ရင်း လေယာဉ်ဆီသို့ လျှောက်သွားလေသည်။ ဂျက်လေယာဉ်၏ ပြင်းထန်သော စက်သံက ကိုရင်မောင့် နားဝမှတစ်ဆင့် ရင်ထဲအထိ ဝင်ရောက် မြည်ဟည်းသွားသည်။ ဆရာ့ စကားလုံးများအပြင်....။

"မမယ်မပါ မင်းဘောမှာ ရှိနေတာကို...."

www.burmeseclassic.com



ဘာကိုမှ မသိတတ်နိုင်သည့် ဗလာဟင်းလင်း ခံစားမှုတစ်ခု ရင်ထဲ၌ အပြည့်အသိပ် ဖြစ်ထွန်းသွားသည်။

မျက်လုံးတွေ ဝေဝါးနေသလား၊ ရင်ထဲမှ ပူလောင်နေသလား။ လက်တွေ တုန်နေသလား။ နားထဲမှာ တဝုန်းဝုန်း မြည်နေသလား မသိ။ ရင်မှာ မဆံ့နိုင်တော့သော အရာခပ်သိမ်းတို့ စုပြုံတိုးဝှေ့နေကြသည်ဟု ထင်ရသည်။ အမှောင်တိုက် တစ်ခဲနက်၊ အလင်းတန်း ပြိုးပြိုးပြက်။

ဆရာ့အဖေကို မျက်နှာချင်းဆိုင်မှာ တွေ့နေရသော်လည်း အသံကမူ ဝေးလံသော တစ်နေရာဆီက လာနေသလိုပင်။ သို့သော် အသံသည် ကျယ်လောင် ရူးရှနေလေသည်။ စကားလုံးတိုင်းသည် လေးလံစွာ တွန်းထိုးဝင်ရောက်နေသည်။

www.burmeseclassic.com

"အဘောကြီးကတည်းက ဘကြီးသိတယ် မောင်ရင်မောင်ရဲ့၊ လူလေးဟာ မိဘကျေးဇူးကို ပညာဂုဏ်နဲ့ ဆပ်မယ့် သား၊ ယောကျာ်းကောင်းတစ်ယောက် ဖြစ်လာမယ်ဆိုတာ ဘကြီးတို့ တနှံ့နှံ့နဲ့ ခံစားလာခဲ့ရသမျှတွေကို လူလေး ချေဖျက်ပစ်နိုင်မယ်လို့လဲ ဘကြီး ကျိန်းသေသိခဲ့တယ်။ အခု သိခဲ့တဲ့အတိုင်း ဖြစ်လာတော့ ဘကြီးတို့ စိတ်ချမ်းသာရတာပေါ့"

ဆရာ့အဖေ၏ မျက်လုံးအိမ်တို့၌ ဘယ်တုန်းကမှ မတွေ့ခဲ့ရဖူးသည့် ပီတိသောမနဿ အသွေးအရောင်များဖြင့် လင်းနေချေသည်။

"လူလေးကို ယုံကြည်စိတ်ချလို့လဲ ဘကြီးတို့ ဘာမှမပြောခဲ့ဘူး။ လူလေးရဲ့ပညာရေး၊ ရှေ့အလုပ်အကိုင် ရာထူးဌာနန္တရ တိုးတက်ရေးတွေမှာ ဘာမှ မထိခိုက်စေချင်ဘူးလေ။ လူလေးရဲ့ ကြိုးစားမှုတွေဟာ ဘယာကြောင့်မဟုတ်ပဲ သဒ္ဓါကြောင့်သာ ဖြစ်စေချင်တယ်။ စိတ်ရှင်းလက်ရှင်း၊ စိတ်အေးချမ်းသာစွာနဲ့ပဲ လူလေး တိုးတက်ရာ တိုးတက်ကြောင်း ရှာစေချင်တယ်။ အခု အဲဒီစေတနာ ပြန်အကျိုးပေးတာပဲ။ ဟုတ်တယ် မဟုတ်လားကွ မဖွားမယ်"

"ဟုတ်ပါတယ်တော်"

ဆရာ့ မိခင်ကြီးက ဆေးပေါ့လိပ်ကို မီးညီအောင်ညှိနေရင်း အားတက်သရော ဝင်ပြောလေသည်။

"အရင်တုန်းကတော့ သြော်... ဒါဟာ ဘဝဝဋ်ကြွေး၊ သံသရာ

www.burmeseclassic.com

ကြွေးရယ်လို့ စိတ်ထဲကအောက်မေ့ပြီး တမြို့မြို့နဲ့ စိတ်မချမ်းမသာ ဖြစ်ခဲ့ရတာ။ လူလေးကိုလဲ ပြောမပြရက်ဘူးလေ။ လူလေးပညာရေး အနှောင့်အယှက်ဖြစ်သွားမှာ သိပ်စိုးရိမ်တယ်။ မင်း ဒေါ်ကြီးကို တောင်မှ ဟော့.... မဖွားမယ်ရဲ့၊ ယောင်လို့မှ မဟာလေနဲ့၊ယောင်လို့မှ မဟာလေနဲ့လို့ တတွတ်တွတ် သတိပေးခဲ့ရတာကလား"

"ကျွန်မ တစ်ခွန်းမှ မဟာခဲ့ပါဘူး ကိုဖိုးကြွယ်ရယ်၊ ကျွန်မက မွေးထုတ်တဲ့ အမေပါ"

"အင်း..... ဆေဒနာကြီး တစ်ခုကို မျိုသိပ်ပြီး နေလာခဲ့ရတာ လူလေးရဲ့ အသက်နဲ့အမျှပဲနော်.... မဖွားမယ်"

"အနှစ်သုံးဆယ်ကျော်ရှင်၊ နည်းသလား"

"ဒါပေမယ့် ကြိတ်မှိတ်မျိုသိပ်ခဲ့ရကျိုး နပ်ပါပြီကွာ"

"တစ်နေ့နေ့မှာတော့ သံသရာ ကြွေးကြီး ဒီလို ပြေငြိမ်း သွားမယ်ဆိုတာ ကျွန်မက တွက်ပြီးသားပါ။ လူလေးကို အားကိုး ထားတာကိုး"

"အားကိုးရကျိုးနပ်တယ်ဟော့ မဖွားမယ်"

"ဟုတ်ပါတယ်တော်.... ဟုတ်ပါတယ်"

"အမှန်ကတော့ မောင်ရင်မောင်ရဲ့၊ ဘကြီးတို့အနေနဲ့က"

ဆရာ့ဖခင်ကြီးက ကိုရင်မောင့်ကို စေ့စေ့ကြည့်ရင်း ပြောပြန်သည်။ 'ဟုတ်ကဲ့' ဟု စကားထောက်ဆိုရန် အတွက်ပင် အင်အားမရှိတော့။

"ဘကြီးတို့အပေါ်မှာ ပိကျနေတဲ့ ဒီကြွေးမြီကို တစ်နေ့

www.burmeseclassic.com

သောအခါ လူလေး ဆပ်နိုင်ကောင်းစေရယ်လို့ သဘောမထားခဲ့ပါဘူးကွာ။သို့သော် လူလေးရဲ့ ပညာဂုဏ်နဲ့ စိတ်ဓာတ်ကို ကြည့်ပြီး သားအပေါ် မိဘက ပြန်အားကိုးလာကြတယ်လေ။ တကယ်လို့ လူလေးက တစ်နည်းနည်းနဲ့ ပြန်မဆပ်ဘူးဆိုလဲ ဘကြီးတို့က ဒါကို တစ်သက်လုံး အောင့်အည်း ကုန်းရုန်း ခံကြရမှာပဲ။ အခုတော့....”

“အခုတော့ နတ်ကောင်းနတ်မြတ်များ မစတာပေါ့တော်၊ ကိုယ်ကသာ စိတ်ကောင်းထား၊ လောကပါလတရားဆိုတာက ကြည့်မနေဘူး”

“အေးပေါ့ကွာ။ သူတို့ဘက်က စပြီး စကားပြောလာတာပဲကြည့်။ ဘကြီးတို့က ဘာမှလုပ်ရတာ မဟုတ်ဘူး။ အချိန်တန်တော့ အထုံးအဖွဲ့ဆိုတာ တစ်နည်းနည်းနဲ့ ပြေလျော့သွားရတာပဲ”

“ကဲပါတော်.... မိုးလဲချုပ်လှပြီ၊ မောင်ရင်မောင်လဲ အားနာစရာ။ ကလေးလဲ ခရီးသွားရဦးမှာနဲ့ ဘာနဲ့”

“အေးပါကွာ။ ငါ ဝမ်းသာလွန်းလို့ပါ”

■

‘အနော်ရထာ အောင့်ဖ်ဘားမား’ စာအုပ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ဆရာ ဦးရင်မောင်က ခေါင်းငုံ့နေသည်။ မျက်နှာကို မဖော်ဘဲ သူ စကားပြောသည်။

www.burmeseclassic.com

BURMESE CLASSIC .com

သူ့အသံ တုန်ယင်အက်ကွဲခြင်းကို သူကိုယ်တိုင်လည်း ထိန်းချုပ်ဖို့ မကြိုးစားတော့။

"ကျွန်တော် ဒီအဖြစ်ကို မအံ့သြပါဘူးဗျာ။ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ အဖြစ်မျိုးတွေပါ။ ဒါပေမယ့် ဒီအဖြစ်အပျက်မျိုး တစ်ခုဟာ ကျွန်တော်၊ မလေးနဲ့ ဆရာ ဦးမင်းဆွေတို့ သုံးဦးအပေါ်ကျမှ တည့်တည့်မတ်မတ်ကြီး ကျရောက်လာတဲ့ ကံကြမ္မာကိုတော့ စိတ်နာလို့ မဆုံးပါဘူး"

ကျွန်တော် ဘာမှ ပြန်မပြောနိုင်။ ဖြေသိမ့်စရာ စကားကိုလည်း ရှာမတွေ့။

"ဒီလိုနဲ့ပဲ မန္တလေးကို ကျွန်တော်သွားခဲ့ရပြန်တယ်။ မန္တလေးကို၊ မလေး....ဆီကို"

ဦးရင်မောင်အသံ တိုးမှိန်နစ်မြုပ်သွားသည်။ သူ မျက်ရည် မကျပဲ ငိုကြွေးလေပြီလား မသိ။ စင်စစ် ကျွန်တော့်ရှေ့တွင် သူ ယောကျ်ားကြီးတန်မဲ့ ရှိုက်ငိုလာလျှင်လည်း ကျွန်တော် အံ့သြမည် မဟုတ်ပေ။

အကြောင်းမှု သူ၏ 'မန္တလေးခရီး' သည် သူ့နှလုံးသား များကို တစ်စစီဖွဲ့ချွေကာ ထိုနှလုံးသားအပိုင်းအစတို့ဖြင့် ပြီးအပ်သော လမ်းပေါ်၌ နင်းဖြတ်သွားရသည့် ခရီးဖြစ်ကြောင်း ကျွန်တော် သဘောပေါက်မိသောကြောင့် ဖြစ်သည်။

အဖြစ်ကတော့ ရိုးရိုးရှင်းရှင်းလေးပင်။

ဆရာ ဦးမင်းဆွေ ငယ်စဉ်က ဆရာ့မိဘများ မန္တလေးမှာ

www.burmeseclassic.com

နေခဲ့ကြသည်။ အလုပ်မှာ ပွဲရုံလုပ်ငန်း။

ဆရာဦးမင်းဆွေ ခုနစ်တန်းကျောင်းသားနှစ်တွင် ပွဲရုံမီးလောင်သည်။ အနယ်နယ်အရပ်ရပ်သို့ လွှတ်ထားသော လူယုံနှစ်ယောက်ကလည်း ငွေလိမ်သွားသည်။ သို့ဖြင့်ပင် ဆရာ့မိဘများမှာ ရှိသမျှ ပစ္စည်း ပြုတ်ပြုတ်ပြုန်းကာ နေ့ချင်းညချင်းပင် ကုန်းကောက်စရာ မရှိတော့သောဘဝသို့ ရောက်သွားသည်။ ရစရာရှိသော ငွေများကလည်း ပစ္စည်းရှင်ကုန်သည်များကို ပေးချေလိုက်ရသဖြင့် လက်မဲ့ဖြစ်သွားရသည်။

လက်ငုတ်လက်ရင်း အစအနမျှပင် မကျန်။

သို့သော် စာနာတတ်သော ကယ်တင်ရှင်တစ်ဦး ပေါ်လာသည်။ မန္တလေးကပွဲစားကြီး ဦးရွှေရန်။ ဦးရွှေရန်က ဦးဖိုးကြွယ် (ဆရာ့ဖခင်) ၏ ရိုးသားကြိုးစားခြင်းကို သိနားလည်သည့်အတွက် လုပ်ငန်းပြန်ထူထောင်ရန် အရင်းအနှီးထုတ်ချေးသည်။ သုံးနှစ်အတွင်း မီးမလောင်ခင် အခြေအနေ၏ ထက်ဝက်အထိ ပြန်ထူထောင်နိုင်ခဲ့သည်။

သို့သော် ဦးရွှေရန် ကွယ်လွန်သွားကာ သူ့ညီ ဦးရွှေမှန်က လုပ်ငန်းဦးစီးဖြစ်လာသည်။ ဦးရွှေမှန်ကား ဦးရွှေရန်နှင့် ဆန့်ကျင်ဘက်။ သူ့အစ်ကိုလက်ထက်က အကြွေးကို အတိုးပါ တွက်ကာ ဦးဖိုးကြွယ်အပေါ် အကြွေးတောင်းသည်။ လက်ရှိလုပ်ငန်း ပွဲရုံ ငွေကြေးတန်ဖိုး စာရင်းဖြင့် တွက်လိုက်သောအခါ ဦးဖိုးကြွယ် ပေးဆပ်စရာမှာ ကွယ်လွန်သူ ဦးရွှေရန် ချေးခဲ့သော

www.burmeseclassic.com

BURMESE CLASSIC .com

အတိုင်းအတာထက် ကျော်နေသည်။

ဦးရွှေမှန်က သူ ရစရာရှိသည်ကို သိမ်းကာ ဦးဖိုးကြွယ်ကို ဆက်ပြီး မြီစားချသည်။ ကုန်သည်ပွဲစားအရပ်၌သာ ကျွမ်းကျင်သော ဦးဖိုးကြွယ်လည်း မတတ်သာ။ ဦးရွှေမှန်ဆီကပင် ဆက်ယူကာ အလုပ်လုပ်သည်။

ဆရာ ဆယ်တန်းအောင်ပြီး ကောလိပ်တက်နေသည့် အချိန်တွင် မြီရှင် ဦးရွှေမှန်၏ အကြွေးသည် နှစ်တိုးများနှင့် ပေါင်းကာ ဆရာ့အဖေထံတွင် အဆပေါင်းများစွာ တိုးပွားကျရောက်နေပေပြီ။ ဆရာ့အဖေ ဘာမှ မငြင်းနိုင်။

သည်အတိုင်း ဆက်သွားနေလျှင် အကြွေးဆပ်ရင်းဖြင့် အညွန့်တုံးသွားတော့မည်ကို သိလာသောအခါ ဦးဖိုးကြွယ်သည် ပွဲရုံလုပ်ငန်းနှင့်တကွ ရှိသမျှကို ရောင်းချကာ ဦးရွှေမှန်၏ အကြွေးကို ဖွဲ့ဆပ်လိုက်သည်။ လုပ်ငန်းကို လုံးဝဖျက်သိမ်းကာ မန္တလေးကို စွန့်ခွာခဲ့တော့သည်။

ဦးရွှေမှန် အကြွေးမှာ မပြေသေး။ သို့သော် ဦးရွှေမှန်က သိမ်မွေ့စွာ စီစဉ်သည်။ ကျန်ရှိသော အကြွေးလေးသောင်းခြောက်ထောင်အတွက် အတိုးအညွန့်ပွားခြင်း မရှိစေရ။ ထိုအတိုင်းသာ တင်ရှိစေမည်။ ထိုအတိုင်းသာ နိုင်သလောက် အရစ်ကျဖွဲ့ဆပ်သွားရမည်။ သို့သော် သားဖြစ်သူ အလုပ်အကိုင်ရလာသည့်အချိန်၊ ဦးဖိုးကြွယ်တို့က အကြွေးကို အပြီးအကျေပေးဆပ်နိုင်ပြီဟု မိမိက ယူဆချိန်တွင်မူ အကြွေး အားလုံး ဆပ်ပြီး

www.burmeseclassic.com
BURMESE CLASSIC .com

ဖြစ်နေရမည်။ ထိုအချိန်အထိ သည်းခံစောင့်နေမည်။

ဦးဖိုးကြွယ်နှင့် ဒေါ်ဖွားမယ်တို့သည် သားဖြစ်သူအား ဤကိစ္စကို လုံးဝမသိစေရပဲ သား၏ ပညာရေး ခြေလှမ်းတို့ တုံ့နှေးမှု မရှိစေရအောင်သာ လုံးပမ်းခဲ့ကြသည်။

ထို့ကြောင့် ဦးရွှေမှန်၏ အကြွေးမကျေသေးစေကာမူ သားဖြစ်သူကိုကား ပညာတတ်တစ်ယောက် ဖြစ်စေခဲ့ပြီး ကိုမင်းဆွေ အလုပ်ရသည့်အချိန်ကျမှာ ကုန်စုံဆိုင်လေးကိုလည်း ရုပ်သိမ်းလိုက်ကြသည်။

သည်ကာလတွေအတွင်း ဦးရွှေမှန်ကလည်း အဆက်အသွယ်မပြတ်။ သူ့အကြွေး ရစရာရှိသည်ကို သိမ်မွေ့စွာ သတိပေးနေခဲ့သည်။

ဦးဖိုးကြွယ်၊ ဒေါ်ဖွားမယ်တို့ကား ရိုးသားသော မြန်မာကုန်သည်များ ဖြစ်ကြသည့်အလျောက် သံသရာကြွေးကို ကြောက်ကြသည်။ ကြိတ်မှိတ်၍ ခံခဲ့ကြသည်။

ယခုမူ....

ဘယ်လိုနည်းနှင့်မှ ဖြေနိုင်စရာမရှိသော ထိုငွေကြေး ပမာဏအပြီးတိုင် ဖျက်သိမ်း ပြေငြိမ်းသွားစေမည့် နည်းလမ်းကို ဦးရွှေမှန်တို့ဘက်ကပင် ကမ်းလှမ်းပြောဆိုလာသည်။

ဦးရွှေမှန်၏ညီမှာ ဦးရွှေဖပင်ဖြစ်သည်။

ထိုဦးရွှေဖသည် မလေးခေါ် လေးခင်ခင်၏ ဖခင်။ ဆွေမျိုးစုအကြီးအကဲဖြစ်သော ဦးရွှေမှန်၏ ဩဇာသည် မလေးတို့ အသိုက်

www.burmeseclassic.com

အဝန်းတွင် တစ်သွေး တစ်သံ တစ်မိန့်။

မဟာဝိဇ္ဇာဘွဲ့၊ လက်ထောက်ကထိက၊ နိုင်ငံခြားပြန် ဟူသော ဂုဏ်ဒြပ်တို့ဖြင့် ပြည့်စုံသော အညွန့်တလူလူရှိသော ထက်မြက်သည့် လူတော်လူကောင်းလည်းဖြစ်သော ကိုမင်းဆွေကို လေးခင်ခင်.... နှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဦးမင်းဆွေဟာ ဒီအကြောင်းတွေ ဘာမှမသိခဲ့ဘူး။ ဆရာ့ မိဘတွေကလဲ ကြိတ်ပြီး လုပ်ခဲ့ကြတယ်လေ။ ဆရာ နိုင်ငံခြားက ပြန်လာခါနီးတော့မှ ကျွန်တော့်အစ်ကိုကြီးတို့က ဒီအကြောင်း တွေ ပြောပြတယ်။ ဦးရွှေမှန်ရဲ့ ကမ်းလှမ်းစာကို ထုတ်ပြတယ်။ ပြီးတော့...."

ဦးရင်မောင်၏ အသံကို ကျွန်တော် ကြိုးစားနားထောင် ယူရသည်။

"ဆရာ ပြန်လာမယ့်နေ့မှာ၊ ပြောဆို စီစဉ်နိုင်ကြဖို့အတွက် မလေးနဲ့ သူ့အိမ်က လူကြီးတွေကို ခေါ်လာဖို့အတွက် ကျွန်တော့်ကို မန္တလေးလွှတ်တယ်။ အဘိုးကြီး အဘွားကြီးတွေအနေနဲ့ကလဲ ဆရာမရှိချိန်မှာ တိုင်ပင်စရာ အကူအညီ တောင်းစရာဆိုလို့

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်တော်ပဲရှိတာ မဟုတ်လား။ ဦးရွှေမှန်ရဲ့ အစီအစဉ်ကို လက်ခံကြောင်းနဲ့ မလေးတို့ကို ရန်ကုန်ခေါ်လာဖို့ ဆက်သွယ်ရတဲ့ သံတမန်ပေါ့ဗျာ"

နာကျည်းစွာ သူ ရေရွတ်လေသည်။

"ကျွန်တော် အသေးစိတ် မပြောနိုင်တော့ဘူးဗျာ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် မဏ္ဍလေးသွားတယ်။ ဘကြီးတို့ အစီအစဉ်တိုင်း ဆောင်ရွက်တယ်။ မလေးနဲ့ သူ့အမေတို့ကို ရန်ကုန်ခေါ်လာခဲ့တယ်။ ဆရာဦးမင်းဆွေရဲ့ သတို့သမီးလောင်းကို လာခေါ်တဲ့ မောင်ရင်မောင်ဟာ ပြီးခဲ့တဲ့ ငါးနှစ်ကျော်ကာလက လေးခင်ခင်နဲ့ သမီးရည်းစားဖြစ်ခဲ့ဖူးပြီး အိုင်အေပထမနှစ်ကျလို့ ဆုပ္ပကြိမ်းမောင်းပြီး အဆက်အသွယ် ဖြတ်နိုင်းခဲ့တဲ့ ကောင်လေးဖြစ်ကြောင်းကိုတော့ သူတို့အိမ်က မသိကြဘူးပေါ့ဗျာ။ အမှန်တော့ ကျွန်တော့်ကဏ္ဍဟာ မလေးရဲ့ မိသားစုထဲမှာ အမှတ်မထင်လေးပဲ ပေါ်ခဲ့ပြီးနောက် ပျောက်ကွယ်သွားတာ မဟုတ်လား"

"မလေးကကောဗျာ"

မေးပြီးမှ ကျွန်တော် နောင်တရမိသည်။ ကျွန်တော့်မေးခွန်းသည် ဦးရင်မောင်အပေါ် မညှာတာရာ ရောက်သွားပြီလားမသိ။

"မလေးလား"

သူ အက်ကွဲစွာ ရေရွတ်သည်။

www.burmeseclassic.com
BURMESE CLASSIC .com

ဦးရွှေမှန်၊ ဦးဖိုးကြွယ်တို့ကိစ္စကို သူလဲ ဘာမှသိခဲ့တာ မဟုတ်ဘူး။ သူ့မိသားစုမှာ သူဟာ ဩဇာခံသက်သက်ဖြစ်ခဲ့တာပါ။ ကျွန်တော် ရောက်သွားတော့မှ သူ သိခဲ့တာ။ လူကြီးတွေ စီစဉ်တဲ့ ဆရာမင်းဆွေဆိုတာ ကျွန်တော့်စာတွေထဲမှာ ပါတဲ့ ကျွန်တော့်ဆရာဖြစ်ကြောင်းလဲ အဲဒီတော့မှ သူသိတယ်။ ဒါပေမယ့်ဗျာ.... ဒီကိစ္စမှာ ကျွန်တော်နဲ့ မလေး သိတာတွေ မသိတာတွေဟာ ဘာမှအရေးမပါတော့ဘူး။ ကျွန်တော်တို့မှာ ဘာမှ ပြောခွင့်ဆိုခွင့် ရှိတော့တာ မဟုတ်ပါဘူး"

ဖြစ်လာသမျှကို ခေါင်းငုံ့လည်စင်းခံရုံမှအပ ဘာမှ မလှုပ်သာကြတော့သော သူတို့နှစ်ယောက်၏အဖြစ်ကို ကျွန်တော် ရင်နာစွာ ကိုယ်ချင်းစာမိသည်။

ဦးရင်မောင်လက်ထဲက စာအုပ်ကို အမှတ်မထင်ကြည့်မိပြန်သည်။

"အနော်ရထာ အော့ဖ် ဘားမား"

ကျွန်တော် နားလည်လိုက်ပေပြီ။

မဏိစန္ဒာကို အနော်ရထာမင်းထံ ဆောင်ကြဉ်းခဲ့ရသော ကျန်စစ်သား။ အနော်ရထာ၊ ကျန်စစ်သား၊ မဏိစန္ဒာ။ ဆရာ ဦးမင်းဆွေ၊ ကိုရင်မောင်၊ မလေး။

"မလေးဟာ ကျွန်တော် မန္တလေးရောက်သွားပြီး အကျိုးအကြောင်း သိရတဲ့အချိန်ကစပြီး ရန်ကုန်ရောက်တဲ့အထိ ဘယ်သူ့ကိုမှ စကားမပြောတော့ဘူးလေ"

www.burmeseclassic.com

မိန်းမသား၏ ခံစားရချက်ကို ကျွန်တော် မှန်းဆမိသည်။

"ဆရာ ဦးမင်းဆွေ နိုင်ငံခြားက ပြန်မရောက်ခင် ရက်ပိုင်းမှာပဲ ကျွန်တော်လဲ အပ္ပိုင့်မင့်ရတယ်။ ကျွန်တော်ရတာက လုပ်သားကောလိပ်။ ဒါပေမယ့် ရန်ကုန်မှာ ကျွန်တော် နေလို့ မဖြစ်တော့ဘူးလေ။ ဒါကြောင့် စစ်တွေကောလိပ်ရတဲ့ ဆရာတစ်ယောက်နဲ့ညှိပြီး စစ်တွေကို ကျွန်တော် ထရန်စဖာ တောင်းလိုက်တယ်။ ထရန်စဖာရတယ်။ ကျွန်တော် စစ်တွေကောလိပ် ရောက်လာတယ်။ ကျွန်တော် ထွက်ပြေးလာတာလို့ ဆရာ ပြောချင်သလား။ ထွက်ပြေးလာတာပဲ။ ဟုတ်တယ်။ ဆရာ ပြန်ရောက်လာမယ့်နေ့မှာ ဆရာ့ဇနီးလောင်း မလေးနဲ့အတူ လေယာဉ်ကွင်းကနေပြီး ကြိုရမယ့်အဖြစ်ကို ကျွန်တော် ရင်မဆိုင်ရဲဘူး။ ကျွန်တော် သတ္တိကြောင်သလား၊ သတ္တိကြောင်ပါရစေဗျာ။ ဒါအတွက် သတ္တိကြောင်တယ်လို့ ပြောကြရင် ကျွန်တော် ပြုံးပြီး နားထောင်နေလိုက်ပါ့မယ်"

စားပွဲပေါ်သို့ လက်တင်လျက် လက်ပေါ်သို့ မျက်နှာ မှောက်လိုက်သော ဆရာဦးရင်မောင်ကို ထိုအတိုင်းပင် ရှိစေလျက် ကျွန်တော် တိတ်ဆိတ်စွာ ထွက်လာခဲ့သည်။

သိပ်သည်းသော ညဉ့်အမှောင်ထုသည် အကာနဲ့အသတ်မဲ့။

www.burmeseclassic.com

## တစ်ဆယ့်သုံး

"ဒီအကြောင်းကို တစ်နေ့သောအခါ ဆရာ ဝတ္ထုရေးဆရာ ဖြစ်လာတောင်မှ မရေးပါနဲ့ဗျာ"ဟု ဆရာရင်မောင်က အလေးအနက်ပြောခဲ့သည်။ 'ကတိပေးပါဗျာ'ဟု ဆိုသောကြောင့် ကျွန်တော်ကတိပေးခဲ့သည်။

ယခု ထိုကတိကို ကျွန်တော် တမင်တကာ ချိုးဖောက်လိုက်ပေပြီ။

စင်စစ်မူ ဦးရင်မောင်ထံမှ သူ့ဇာတ်လမ်းကို ကြားခဲ့ရစဉ်ကလည်း တစ်နေ့သောအခါ ဝတ္ထုတစ်ပုဒ်အဖြစ် ရေးမည်ဟု ကျွန်တော် မရည်ရွယ်ခဲ့။ ရေးချင်စိတ်လည်း ပြင်းပြင်းပြပြ မရှိခဲ့။

သို့သော်.... ဦးရင်မောင်ကို ပေးခဲ့သောကတိသည် အခြေအနေပေါ်တွင် မူတည်ကာ သူ့အလိုအလျောက် ပျက်ပြယ်သွားပြီး

www.burmeseclassic.com

BURMESE CLASSIC .com

ဖြစ်သောကြောင့်တစ်ကြောင်း၊ ရေးချင်စိတ်လည်း ရှိလာပြီ ဖြစ်သောကြောင့်တစ်ကြောင်း ယခုအခါ ကျွန်တော် ရေးဖြစ်ခဲ့လေပြီ။

သည်နေရာတွင် နောက်ဆက်တွဲဖြစ်ရပ်များက ကျွန်တော့်ကို ကတိချိုးဖောက်စေရန်၊ ရေးချင်စိတ်ဖြစ်ပေါ်စေရန် စေ့ဆော်ကြသည်။

ထို နောက်ဆက်တွဲ ဖြစ်ရပ်များကိုမူ အကျဉ်းချုပ်တင်ပြရန်သာ လိုအပ်မည်ဟု ကျွန်တော်ထင်သည်။

■

ဆရာဦးရင်မောင်သည် စစ်တွေကောလိပ်တွင် သုံးလကျော်သာ နေသွားခဲ့သည်။ ဗဟိုနိုင်ငံရေးသင်တန်းတက်ရန် အမိန့်စာလာသဖြင့် သူ ရန်ကုန်ပြန်သွားရသည်။

သူ ပြန်သွားပြီးနောက် သုံးလအကြာတွင် သူ့ထံမှ စာတစ်စောင် ကျွန်တော့်ဆီ ရောက်လာသည်။ သူ သင်တန်း ပြီးဆုံးကြောင်း၊ သူ ဒဿနိကဗေဒဌာနမှ စီးပွားရေးတက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာနသို့ ပြောင်းရွှေ့ကြောင်းများအပြင် ဖြစ်ကြောင်းရယ်ကုန်စင် စာအရှည်ကြီးကို ကျွန်တော် ဖတ်ရသည်။

သူ့စာရှည်ကြီးနှင့်အတူ 'ဆရာဦးမင်းဆွေ'၏ စာတိုလေးတစ်စောင်ကိုပါ ထည့်ပေးလိုက်သည်။

ဦးမင်းဆွေ၏စာသည် ခပ်သိမ်းသောဖြစ်ရပ်တို့ကို ရှင်းလင်း

www.burmeseclassic.com

ပစ်လိုက်သည့် စာပေတည်း။

“မောင်ရင်မောင်”

ဘာကြောင့် အစက ဆရာ့ကို မပြောသလဲ။ အခု လေးခင်ခင် ပြောပြလို့ ဆရာ အားလုံးသိရပြီ။

ဆရာဟာ အနှော်ရထာ မဟုတ်သလို....

မင်းလဲ ကျန်စစ်သားမဟုတ်ဘူး။ လေးခင်ခင်လဲ မဏိစန္ဒာ မဟုတ်ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးရာကျော်က အဖြစ်မျိုးဟာ ဘာကြောင့် ဒီနေ့ပြန်ပြီးဖြစ်ရမှာလဲ တပည့်ရာ။

မင့်မလေးဆီ မင်းလာခဲ့။

ဆရာအားလုံးကို ဖြေရှင်းနိုင်တယ်။

မင်းသော္ဝ

www.burmeseclassic.com
BURMESE CLASSIC .com

www.burmeseclassic.com

## တစ်ဆယ့်နှစ်

စစ်တွေကောလိပ်တွင် ကျွန်တော်တို့ အမှုထမ်းသက် တစ်နှစ် ရခဲ့ကြပြီ။

ယခုအခါ နေဗီပွိုင့်၊ ပင်လယ်ကမ်းစပ် သဲသောင်ပြင် အုန်းတော၊ ကုလားတန်မြစ်ကမ်းတို့သည် ကျွန်တော်တို့ ဆရာများနှင့် ရင်းနှီး ကျွမ်းဝင်ခဲ့ကြပေပြီ။

အင်္ဂလိပ်စာ ဦးအောင်ဘန်းလည်း ရောက်စတုန်းကလို ကျောင်းရှေ့သစ်ပင်ခြောက်ကြီးကိုကြည့်ကာ 'အိုး.... ဟော့န် တက်ဒ်ထရီး၊ ဟော့န်တက်ဒ်ထရီး" ဟု မညည်းတော့။

ပထဝီဝင် ဦးပြည်ငြိမ်းလည်း 'မမလေး'အတွက် ရနိုင် လုံချည်တွေဝယ်၍ အားရသွားပြီ။

အင်္ဂလိပ်စာ ဦးတင်ဦးလည်း အဆောင်စားဖိုခန်းအတွက်

www.burmeseclassic.com

ပျော်ပျော်ကြီး ဈေးဝယ်နေပြီ။

ကျွန်တော်လည်း အထီးကျန်ခံစားမှုမျိုး မရှိတော့။

စစ်တွေတွင် ကျွန်တော်တို့ နေသားကျပြီ။ ကျောင်းသူကျောင်းသား၊ မြို့ခံပုဂ္ဂိုလ်များနှင့်လည်း ရင်းနှီးခင်မင်နေကြပြီ။

စစ်တွေကောလိပ် တစ်နှစ်တာ အမှုထမ်းသက်အတွင်း၊ ကျွန်တော့်အဖို့ မကျေမချမ်းဖြစ်ရသည့် ဖြစ်ရပ်တစ်ခုသာ ရှိသည်။ ယင်းကား အခြားမဟုတ်။ ဆရာရင်မောင်နှင့် လေးခင်ခင်တို့၏ လက်ထပ်ပွဲကို မတက်နိုင်ခြင်းပင် ဖြစ်သည်။ မင်္ဂလာညစာစားပွဲ တစ်ခုအတွက် ရန်ကုန်သွားနိုင်လောက်အောင် ကျွန်တော့်မှာ အခြေအနေမရှိ။

နောက်ဆုံး ထူးခြားမှုတစ်ရပ်ကို ဆိုပါမည်။

နောက်နှစ် ကောလိပ်ပြန်ဖွင့်ချိန်တွင် ဒဿနိကဗေဒဌာနသို့ ဌာနမှူးအသစ်တစ်ယောက် ပြောင်းလာမည်။

ပြောင်းလာမည့် ဌာနမှူးမှာ ဆရာဦးမင်းဆွေ။

ဤလောက၌ ကျွန်တော်လောက် ဆရာမင်းဆွေနှင့် တွေ့ဆုံ စကားပြောချင်သူ မရှိနိုင်တော့ဟု ကျွန်တော်ယုံသည်။ ဆရာ့ထံမှ အဘယ်သို့သော ဖြစ်ရပ်များကို ကြားရဦးမည်မသိ။ ဦးရွှေမှန်၏အကြွေး၊ မလေးနှင့်ကိစ္စ၊ မိဘများအတွက် ဖြေရှင်းမှု၊ ပြီးတော့.... ဆရာဦးမင်းဆွေ၏ ခံစားမှုများ။

သည်နေရာတွင်မူ ကိုရင်မောင်နှင့် မလေးတို့ အကြောင်းကိုသာ ကျွန်တော် ဝတ္ထုရေးခွင့်ရှိသည်။ ဆရာဦးမင်းဆွေ

www.burmeseclassic.com

အကြောင်းကိုမူ ကိုရင်မောင့်ထံမှ တစ်ဆင့်သာ ကျွန်တော် သိထားရသည်။ ဆရာနှင့် ကိုယ်တိုင် တွေ့ဆုံရသည်ရှိသော် ဆရာနှင့် ပတ်သက်၍....။

ချစ်ဦးညို

www.burmeseclassic.com

# ရောင်း

မောင်ဝဏ္ဏ

## စာရေးသူ



## မောင်ဝဏ္ဏ

စာရေးဆရာ မောင်ဝဏ္ဏကို အဘ (စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ) ဦးသာဓုနှင့် အမိ (ကျောင်းဆရာမကြီး ) ဒေါ်ခင်ညိုတို့က မွေးဖွားသည်။

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ (ဒဿနိကဗေဒ) ဘွဲ့ရသည်။ ၁၉၆၈ ခုနှစ် အတွေးအခေါ်မဂ္ဂဇင်းတွင် 'ကားလမ်းဘေးက ဆိုင်းဘုတ်ကလေး' ကဗျာ စတင် ပုံနှိပ်ဖော်ပြခံရသည်။ ၁၉၆၉ တွင် 'ဆိုင်းသမား' ရုပ်ရှင်ဇာတ်ညွှန်း ရေးသည်။ ၁၉၇၁ ခုတွင် 'ကဏ္ဍီပါဖိနပ်စီး ရွှေထီးဆောင်း' ရုပ်ရှင်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည် (အကယ်ဒမီဆုရသည်)။ ရုပ်ရှင်ကားထုပ် ၂၀ ကျော် ရိုက်ပြီးဖြစ်သည်။ ၁၉၇၂ ခုတွင် ရှုမဝမဂ္ဂဇင်း၌ 'စိမ်း၊ ငြိမ်း၊ ကျွန်တော်' ဝတ္ထုကို စတင်ဖော်ပြခံရသည်။ ၁၉၇၆ ခုနှစ်တွင်

www.burmeseclassic.com
BURMESE CLASSIC .com

'ပန်းတွေနဲ့ဝေ' လုံးချင်းဝတ္ထု ရေးသည်။ လုံးချင်းဝတ္ထု နှစ်ဆယ်ကျော်ခန့် ရေးခဲ့ပြီး ဖြစ်သည်။ မောင်စိန်သောင်း + မနှင်းရည် ပင်တိုင် စာတ်ကောင်ဖြင့် ဝတ္ထုတိုများ ရေးသည်။ ဝတ္ထု၊ ဆောင်းပါးများ ရေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ခုနစ်စဉ်အလွမ်း ရုပ်ရှင်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည် (အကယ်ဒမီဆုရသည်)။

စာရေးခြင်း၊ ရုပ်ရှင်ရိုက်ခြင်းတို့ဖြင့် အသက်မွေးလျက်ရှိသည်။ ဇနီး ဒေါ်ချိုရီ၊ သားသမီး သုံးဦးတို့နှင့်အတူ အမှတ် ၃၊ လေးထောင့်ကန်လမ်း၊ သာခုခြံ၊ သဃ်န်းကျွန်း၊ ရန်ကုန်တွင် နေထိုင်လျက်ရှိပါသည်။

◆

www.burmeseclassic.com


မောင်

ဒီလောက် ရက်စက်လိမ့်မယ်လို့ ထွေး လုံးဝမထင်ခဲ့ပါဘူး မောင်ရယ်....

မောင့်ကို ချစ်ခဲ့ရတာလေ၊ ထွေးရဲ့ဘဝတစ်ခုလုံး ထွေးရဲ့ အချစ်အားလုံးကို ပုံပြီး ချစ်ခဲ့ရတာပါ။ မောင့်ဆီကို စာမရေးပါနဲ့ ဦးလို့၊ မရေးပါနဲ့ဦးဆိုလို့ မရေးပဲ နေခဲ့ရပေမယ့် ထွေးလေ တစ်နေ့မှ မောင့်ကိုမမေ့ခဲ့ပါဘူး။ ဘယ်လိုလုပ်ပြီး မေ့လို့ရမလဲမောင်၊ မောင့်ရဲ့ ရင်ခွင်ထဲမှာ နေခဲ့ရတဲ့အချိန်ကလေးတွေကို ထွေး ဘယ်လိုလုပ် မေ့ပစ်ရမှာလဲ။ မောင့်အနမ်းတွေကို ထွေး ခုထိ ခံစားနေရသလို ပါပဲ။ ကျိန်ဆိုရင် ကျိန်ရဲပါတယ် မောင်ရယ်။ ညတိုင်း သန်းခေါင် လောက်မှ အိပ်ပျော်တယ်။ ဒါတောင် တကယ်အိပ်ပျော်တာ

BURMESE CLASSIC .com

မဟုတ်ပါဘူး။ နိုးလိုက်၊ မှေးခနဲ ပျော်လိုက်နဲ့ပဲ အရုဏ်တက်တဲ့ အထိလောက်ပါ။

မောင် မှတ်မိသေးလားဟင်.... အဲသလို သန်းခေါင်အချိန်တွေမှာ မောင်နဲ့ တိတ်တိတ်ကလေး တွေ့ခဲ့ကြရတာကလေးတွေလေ။ မောင်ကတော့ မေ့သွားပြီ မှတ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မောင်မေ့သွားလို့သာ ထွေးဆီကို ပြန်မလာတော့တာပေါ့။

အဲဒီ သန်းခေါင်အချိန်ကလေးတွေ ရောက်တိုင်း မောင် ထွေးနားမှာရှိနေတယ်လို့ ထင်မိတယ် မောင်ရယ်။ ဒါပေမယ့် ထွေးနားမှာ ဘယ်သူမှ မရှိပါဘူး။

ထွေးဘေးနားမှာလေ ထွေးရဲ့ခြုံစောင်ကလေးပဲ ရှိတယ်။ ထွေး ဘာလုပ်တယ်မှတ်လဲ။ အဲဒီ ခြုံစောင်လေးကို ထွေး ဖက်ဖက်ပြီး နမ်းလိုက်တယ်မောင်။ မောင့်အမှတ်နဲ့ပေါ့၊ မောင့်အမှတ်နဲ့ ခြုံစောင်လေးကို နမ်းခဲ့ရတဲ့ ညပေါင်း မရေမတွက်နိုင်တော့ပါဘူး မောင်။

မောင်ရေ.... စာမရေးပါနဲ့ဆိုလို့ မရေးခဲ့ရတဲ့ ရက်တွေမှာလေ။ မဟုတ်ဘူးလေ မောင်....၊ စာရေးချင်လွန်းတဲ့ အခါတွေကျရင်လေ၊ ထွေး စာတွေ ရေးထားလိုက်တယ်။ အဲဒီစာတွေကို ထွေး သိမ်းထားတယ်မောင်၊ မောင် ဖတ်စေချင်လှပါတယ်။ ထွေးက မောင့်လို ဖွဲ့ဖွဲ့နွဲ့နွဲ့တွေ မပြောတတ်တော့ ထွေးရေးတဲ့ စာတွေဟာလဲ မောင် ဖတ်လို့ကောင်းမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ထွေးဘာသာ ဖတ်ကြည့်တာတောင်မှ

www.burmeseclassic.com


ဖတ်လို့မကောင်းဘဲ။ ပြီးတော့လေ အဲဒီစာတွေထဲမှာ ပါတာက မောင့်ကိုချစ်တာရယ်၊ မောင့်ကို လွမ်းလို့ ငိုတာရယ်။ ပြီးတော့.... မောင် ကတိဖျက်ပြီး ပြန်မလာလို့ ထွေး သေချင်လောက်အောင် စိတ်ညစ်တာရယ်....

တကယ်ပါ မောင်ရယ်.... တစ်ခါတစ်ခါ၊ ထွေးကိုယ်ထွေး သတ်သေပစ်မလားလို့တောင် စိတ်ကူးမိသေးတယ်။ အဖနိုင်ငံရာ ငါးကမ္ဘာကို ကြောက်လှလို့ မဟုတ်ပါဘူးမောင်၊ မောင့်ကို စောင့် နေချင်သေးလို့ပါ။ ဒါကြောင့် ထွေး မသေသေးတာပေါ့။ နို့မို့ရင် ထွေးသေတာ ကြာလှပြီ။

မောင်ရယ်.... ထွေးဆီကို ပြန်လာပါတော့။ မောင့်မိဘ တွေကို ခြေသလုံးဖက် တောင်းပန်ဆို တောင်းပန်ပါ့မယ်။ ထွေး မောင်တို့အိမ်မှာ အစေခံလိုနေပါဆိုရင်လဲ နေပါ့မယ်။ ထွေး ကိုတော့ လာခေါ်ဖြစ်အောင် ခေါ်ပါမောင်ရယ်။ ထွေး မောင့်ဆီကို လိုက်လာချင်တယ်။ ဒါပေမယ့် မောင်က လုံးဝလိုက်မလာနဲ့ဦး ဆိုလို့၊ ပြီးတော့ မောင်လာခေါ်ဖြစ်အောင် ခေါ်မယ်ဆိုလို့ပါ။ ဒီစာရလို့မှ မောင်လာမခေါ်ရင် ထွေးဘဝကို ထွေး.... အို.... မစဉ်းစားရဲလောက်အောင်ပါမောင်ရယ်။ ထွေးကို သနားပါ မောင်ရယ်။

မောင် မှတ်မိသေးသလားဟင်၊ ညတစ်ညလေ။ အို.... အဲဒီအကြောင်း ပြောတာထက် အစက စပြောချင်တယ်။

မောင် ရောက်လာတဲ့အချိန်ပေါ့။ ထွေးတို့ မြို့ကလေးဟာ

www.burmeseclassic.com
BURMESE CLASSIC .com

အသွားအလာ ခက်ခဲပြီး မြို့ကြီးသားဆိုလို့ အရောက်အပေါက် နည်းလှပါတယ် မောင်ရယ်။ ရောက်လာပြန်တော့လဲ အစိုးရအမှုထမ်းတွေလောက်ပါပဲ။ ထွေးလေ.... မောင်ရောက်လာခါစက မောင့်ကို တွေ့တော့ ထွေးတို့မြို့ကိုရောက်နေတဲ့ မောင့်သူငယ်ချင်း တစ်ယောက်ဆီ အလည်လာတဲ့ မြို့သားတစ်ယောက်လို့ပဲ ထင်ခဲ့တာပါ။ ကိုခင်ရွှေကပြောတော့မှ.... မောင်ဟာ ထွေးရဲ့အကြိုက်ဆုံး စာရေးဆရာ မောင်ကြည်သာဆိုတာ သိခဲ့ရတယ်။ အဲသလို သိလိုက်ရတာနဲ့တစ်ပြိုင်နက်တည်း မောင့်ကို ထွေး စိတ်ဝင်စားမိတော့တာပေါ့။ နဂိုကတည်းက ကြည်ညိုရင်းစွဲလဲရှိပြန်၊ ပြီးတော့ မောင်က သားသားနားနား သပ်သပ်ရပ်ရပ် ဆိုပြန်တော့ မောင့်အပေါ် စိတ်မညွတ်ပဲ နေနိုင်ပါ့မလား။

မောင်ရယ်.... ထွေးရဲ့ အချစ်ကို စာနာကြည့်စမ်းပါ။

မိန်းကလေးက စရတဲ့ အချစ်ပါ မောင်ရယ်၊

ကိုခင်ရွှေနဲ့ မောင်နဲ့ ရထားပေါ်မှာ မိတ်ဆွေဖြစ်ခဲ့တယ်။ ပြီးတော့ ကိုခင်ရွှေကလဲ မောင့်စာဖတ်ပရိသတ်တစ်ယောက် ဆိုတော့ ထွေးတို့မြို့ဘက်ကို အခြေတည်ပြီး ဝတ္ထုတစ်ပုဒ်ရေးမယ် ဆိုလို့ ကိုခင်ရွှေကိုယ်တိုင် မောင့်ကို ခေါ်ခဲ့တာ မဟုတ်လား မောင်။ ထွေး ကံကောင်းချင်လို့လား၊ ကံဆိုးချင်လို့လားတော့ မသိဘူး။ ထွေးတို့ အိမ်တစ်ခြမ်းကို ငှားနေတဲ့ ကိုခင်ရွှေ့အခန်းကို မောင် ရောက်လာခဲ့တယ် မဟုတ်လား။ ဒါတွေ ပြန်ရေးပြနေရတာလေ၊ ဘာကြောင့်မှန်း မသိပါဘူး မောင်ရယ်။ ထွေး အားလုံးကို သတိရ

www.burmeseclassic.com

မှတ်မိနေလို့၊ ရေးချင်လွန်းလို့ ရေးလိုက်ရတာပါ။ တကယ်တော့ မောင် အားလုံး သိပြီးသားပါ။

မောင်ဟာ စာရေးဆရာ မောင်ကြည်သာမှန်းလဲ သိရော၊ ထွေးဖြစ်သွားတဲ့အဖြစ်တွေ.... ထပဲခုန်ရတော့မလို၊ မောင့်ဆီ အတင်းလာ၊ ပြီးတော့လဲ မိတ်ဆက်ရတော့မလိုလိုနဲ့ အရူး တစ်ယောက်လိုပါပဲ၊ ပြီးတော့လေ ကိုခင်ရွှေကြီးကို ချက်ချင်းပဲ အတင်း မိတ်ဆက်ခိုင်းရတာပေါ့။ အဲဒီတုန်းက ထွေးလေ.... မရှက်နိုင် မကြောက်နိုင် မောင့်ဆီကို လာခဲ့ရပါတယ်။ မောင့်ရှေ့လဲ ရောက်ရော ဒူးတွေတုန် ရင်တွေခုန်နဲ့ တစ်ကိုယ်လုံး နတ်ကျနေ သလိုပါပဲ မောင်ရယ်။ ဩော်.... တစ်ခုမေ့ကျန်ခဲ့သေးတယ်။ ကိုခင်ရွှေကြီးအိမ်ကို မောင်ဝင်လာတော့ ထွေး အိမ်ရှေ့မှာ ထွက်ထိုင်နေတယ်လေ။အဲဒီတုန်းက မောင် လှမ်းကြည့်သေးတယ် မို့လား။ ထွေးကို....

ထွေးက မျက်နှာ လွှဲပစ်လိုက်တာပေါ့။

အဝေးကြီးထဲက မောင့်ကို ထွေး မြင်ခဲ့သားပဲ။ မြို့ကြီးသား ဆိုတာတွေက တောသူလေးတွေကို လွယ်လွယ်ကြိုက်လို့ရမယ်လို့ ထင်ထားတတ်ကြတယ် မဟုတ်လား။ ဒါပေမယ့် ထွေး မောင့်ကို ခိုးကြည့်ခဲ့ပါသေးတယ်။

မောင်က အသားဖြူဖြူ နှာတံပေါ်ပေါ် ဆံပင်ကောက် ကောက်လူချောလူလှတစ်ယောက်လို့တော့ ထွေး သတိထားမိ လိုက်သားပဲ။ ဒါပေမယ့် ထွေး မောင်ကို သိပ်စိတ်မဝင်စားလှ

www.burmeseclassic.com

BURMESE CLASSIC .com

ပါဘူး။ မောင်ရေးနေကျ စကားလုံးမျိုးနဲ့ဆိုရင် အချစ်စိတ်ကလေးကို လေတိုက်သွားတယ်ဆိုသလိုပေါ့။

နောက်တော့ မောင်ဟာ စာရေးဆရာ မောင်ကြည်သာမှန်းလဲသိရော ထွေးလေ မောင့်ရှေ့မှောက်ကို ဒူးထောက်ပြီး ရောက်လာရတာပဲ မဟုတ်လား မောင်ရယ်....

ကိုခင်ရွှေကြီးက မောင်နဲ့လဲ မိတ်ဆက်ပေးရော ထွေးပြောမိတဲ့စကား မောင် မှတ်မိသေးသလားဟင်၊ ဆရာ့ကို ကျွန်မ သိပ်ကြိုက်ပါတယ်လို့ ပြောမိတာလေ။ အဲဒီလို ပြောမိပြီးမှ ရှက်လိုက်တာ လွန်ပါရောမောင်ရယ်။ မောင်ကတော့ ပြုံးပြုံးပဲလေ။ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့လို စာရေးဆရာတွေ အနေနဲ့ ကိုယ့်ကို ကြိုက်တဲ့ စာဖတ်ပရိသတ်နဲ့ တွေ့ရတာဟာ သိပ်ကြည်နူးစရာကောင်းတဲ့ ခံစားမှုလေးတစ်ခုပါလို့။ ပြီးတော့ မောင်က ထွေးကို စိုက်ကြည့်တယ်။ မောင့်အကြည့်ဒဏ်ကို ထွေးလုံးဝ မခံနိုင်ခဲ့ပါဘူး မောင်ရယ်။ မောင့်အကြည့်က ရင်တုန်စရာကောင်းတယ်။ ပြီးတော့ မောင်က ဆက်ပြောသေးတယ်လေ။ မထွေးထွေးက လှသားပဲဗျ။ သိပ်ချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက်နဲ့ ကွဲကွာနေပြီးမှ မမျှော်လင့်ပဲ ပြန်တွေ့ရတယ်လို့ သဘောထားပါတယ်လို့လဲ ပြောသေးတယ် မဟုတ်လား။ ထွေးလေ အဲဒီအချိန်က ဘာမှမပြောနိုင်အောင် ဖြစ်ခဲ့ရတယ်။ အာခေး ထည့်ထားတယ်ဆိုတာ ကြားသာကြားဖူးတယ်။ အဲဒီတုန်းကတော့ ကိုယ်တွေ့ပဲပေါ့ မောင်ရယ်။

www.burmeseclassic.com
BURMESE CLASSIC .com

နောက်တော့ ရင်းနှီးလာတဲ့အခါ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မောင်မှတ်မိနေမှာပေါ့။ ဒါပေမယ့် သတိတရအဖြစ်ကလေးတွေကို ပြန်ပြောချင်သေးတယ် မောင်ရယ်။ အဲသလို ပြောပြ၊ ရေးပြလိုက်မှ ထွေး ခံစားနေရတဲ့ ဝေဒနာတွေ လျော့သွားလိမ့်မယ် ထင်တယ်။ မောင် သိပြီးသားတွေပေမယ့် ပြန်အမှတ်ရအောင်၊ ပြန်သတိရအောင် ထွေး ရေးပါရစေဦး မောင်ရယ်။

နောက်တစ်နေ့မနက်လေ။ ထွေး.... အိမ်ရှေ့ ရေကြည်မြောင်းထဲက ရေထွက်ခပ်တော့ မောင်.... ထွေး အနားကို ရောက်လာတယ်မဟုတ်လား။ ပြီးတော့ မေးသေးတယ်လေ။ မထွေးထွေးတို့က ဒီရေမြောင်းထဲက ရေပဲသုံးသလားလို့။ ထွေးက ဒါ မန်းချောင်းထဲက သွယ်ထားတဲ့ရေပါ ဆရာ။ ရေကြည် ရေသန့်ပါ သောက်လို့ကော၊ သုံးလို့ကော၊ ချိုးလို့ကော ရပါတယ်။ ဒီရေတွေပဲ ထွေးတို့ တစ်မြို့လုံး သုံးနေကြတာပါဆိုတော့ မောင်က ဟောဒီ မန်းချောင်းရေလေးတွေလိုပဲ ထွေးကလဲ ကြည်လင်တယ်။ အေးမြတယ်၊ ထွေးဟာ စမ်းရေကြည်ကလေးနဲ့ တူပါတယ်တဲ့လေ။

မောင်ဟာ စာရေးဆရာပီပီ စကားသိပ်တတ်တာပဲနော်။ အပြောလဲ သိပ်ကောင်းတာပဲ။ မောင် ပြောခဲ့တဲ့ စကားတိုင်းဟာ ထွေးရဲ့ရင်ကို စုန်စုန်သွားစေခဲ့တာချည်းပါပဲ မောင်ရယ်။

မောင် မနက်တိုင်း လမ်းလျှောက်ထွက်လေ့ရှိတယ် မဟုတ်လား။ မန်းချောင်းဖျားဘက်ကိုလေ။ အဲသလို လမ်းလျှောက်ထွက်တိုင်း ထွေးလေ ဆန်ဆေးရင်း၊ ထမင်းချက်ရင်း

www.burmeseclassic.com

မောင့်ကို မျက်စိတစ်ဆုံး ကြည့်ကြည့်နေခဲ့မိတာပါ။

ကိုခင်မွှေကြီးကတော့ လမ်းလျှောက် ထွက်လေ့မရှိဘဲ။

ပြောရဦးမယ် မောင်ရယ်။ တစ်နေ့ မောင် လမ်းလျှောက် ထွက်တော့ ထွေး ငေးပြီး စိုက်ကြည့်နေတာကို ကိုခင်မွှေကြီးက တွေ့သွားတယ်။ အဲဒီတော့ ထွေးကို စတာပေါ့ မောင်ရယ်။

ကြည်ရဲ့သာရဲ့လားဟော့တဲ့။ ထွေးလဲ ရှက်ရှက်နဲ့ 'ကြည် တယ်တော်ရေ့.... ကြည်တယ်တော်ရေ့' လို့ ငေါ့လိုက်တယ်။ တကယ်လဲ ကြည်ခဲ့.... သာခဲ့ကြရတယ် မဟုတ်လား မောင်ရယ်။ မောင့်နာမည်ကလဲ မောင်ကြည်သာ မဟုတ်လား။ တကယ်တော့ မိန်းကလေးက စရမှာလားရှင်လို့ ဆိုတဲ့သီချင်း မောင်ကြားအောင် ဆိုခဲ့တာ မောင်အသိပါ။ မိန်းကလေးက စရမှာလားရှင် ဆိုတဲ့ သီချင်းကို ဆိုကတည်းက မိန်းကလေးက စတဲ့သဘောပဲပေါ့ မောင်ရယ်။

တစ်ညနေလေ.... မောင်က စာသင်ကျောင်းဘက်က အပြန်။ ထွေးက သူငယ်ချင်းတစ်ယောက်အိမ်က အပြန်လမ်းမှာ ဆုံကြပါရောလား။ အဲဒါလဲ မောင်နဲ့ဆုံချင်လို့ ထွေး တမင်ဖန်တီး ယူတာပါ။ အဲဒီနေ့က မောင်.... ကျောင်းဘက်ထွက်သွားတာလဲ တွေ့ရော။ မောင် အပြန်လမ်းမှာ တွေ့နိုင်မယ့် ထွေးသူငယ်ချင်း တစ်ယောက်ရဲ့ အိမ်ကို အလည်သွားဦးမယ်ဆိုပြီး ထွေး.... အိမ်က ထွက်ခဲ့တယ်။

ပြီးတော့ အဲဒီ ထွေးရဲ့ သူငယ်ချင်းအိမ်ကနေ မောင့်ကို

www.burmeseclassic.com
BURMESE CLASSIC .com


စောင့်နေတာပါ။ မောင်လဲ ပြန်လာတာမြင်ရော ထွေးသူငယ်ချင်းနဲ့ စကားဖြတ်ပြီး ထွက်လာခဲ့တယ်။ မောင် မြင်သာအောင် မောင့်ရှေ့နားကကြိုပြီး ထွေး ဖြည်းဖြည်းချင်း လျှောက်လာတာကို မောင် သတိထားမိမှာပါ။ မောင်က ထွေးကို လှမ်းခေါ်မယ်ဆိုတာ ထွေး သိပြီးသားပေါ့။ တမင်လှမ်းခေါ်အောင် လုပ်ခဲ့တာပဲ မဟုတ်လား။ မောင်ကလဲ ခေါ်တယ်လေ။ ထွေးက ရပ်စောင့်နေတော့ မောင် အနားရောက်လာပြီး ထွေးကို မေးတဲ့စကားလေ။

'ဘယ်ရည်းစားနဲ့ ချိန်းတွေ့ပြီး ပြန်လာတာလဲ ကောင်မလေး။ အိမ်ကို တိုင်ပြောလိုက်မယ်နော်' မောင်ဟာ သိပ်စကားတတ်လွန်းအားကြီးတယ်။ ထွေးက 'ဘယ်က ရည်းစားရှိရမှာလဲ ဆရာရဲ့။ သူငယ်ချင်း အိမ်ကပြန်လာတာပါ' လို့ ပြန်မပြောရင် တခြားဘာပြောစရာရှိမလဲ။ ထွေး.... သိတာပေါ့ မောင်ရယ်။ ထွေးမှာ ရည်းစား ရှိ မရှိ မောင်သိချင်လို့ မေးလိုက်တာပဲ မဟုတ်လား။ ထွေးကလဲ မဆွတ်ခင်က ညွတ်ချင်နေတဲ့သူဆိုတော့ ရည်းစား မရှိဘူးလို့၊ ရည်စားစကား ပြောချင်လည်း ရပါတယ်လို့ဆိုတဲ့ သဘောရောက်အောင် အဲသလို ပြန်ပြောခဲ့တာပေါ့။

အဲဒီတော့ ထွေးနဲ့ မောင်နဲ့ တော်တော်လေး ရင်းနှီးနေကြပြီလေ။ ကိုခင်ရွှေကြီးက ထွေးတို့အိမ်မှာ ထမင်းလခပေးစားတော့ မောင့်အတွက်ပါဆိုပြီး ပိုချက်ပေးခဲ့ရတယ်။

ထွေးလေ.... ကိုခင်ရွှေကြီး တစ်ယောက်ထဲကို ကျွေးတုန်းကထက် ဘယ်လောက်ပိုပြီး ဖွယ်ဖွယ်ရာရာ ချက်ကျွေးခဲ့တယ်

www.burmeseclassic.com
BURMESE CLASSIC .com

ဆိုတာ မောင်အသိဆုံးပါ။ ကိုခင်မွှေကြီးကတောင် နောက်သေးတယ်လေ။ 'ဆရာကိုကြည်သာ ဒီမှာကြာကြာနေရင် ပိုကောင်းမယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာရောက်လာမှ ဟင်းကောင်း၊ ထမင်းကောင်းတွေစားရတာဗျ။ အရင် ကျွန်တော် တစ်ယောက်တည်းတုန်းက ထွေးတို့.... တစ်ခါတလေများဆို ငါးပိရည်တို့စရာလောက်နဲ့ ကျွန်တော့်ကို ကျွေးတာဗျ'

အဲသလို ပြောခဲ့တယ် မဟုတ်လား။ အဲဒီတုန်းက ထွေး ရှက်လိုက်တာလေ။ တကယ်လဲ ဟုတ်နေတာကိုး။

မောင်.... ထွေးကို ချစ်တယ်လို့ စပြောတဲ့နေရာလေးနဲ့ အချိန်ကလေးကို မှတ်မိသေးသလားဟင်။ မန်းချောင်းစပ်က ကျောက်စရစ် ဖြူနီပြာဝါလေးတွေကြားမှာ ထွေး.... ရေချိုးပြီးစ တဘက်ကလေးခြုံပြီး ပြန်လာတဲ့အချိန်လေးလေ။ ညနေစောင်းနေဝင်ကာနီးလေးပေါ့။

ထွေး ရေချိုးပြီးလို့ တဘက်ကလေးခြုံပြီး ပြန်အလှည့်မှာ ဘယ်အချိန်က ထွေးနောက်နားကို ရောက်နေမှန်းမသိတဲ့ မောင်က ထွေးကို စိုက်ကြည့်ပြီး ပြုံးပြနေတော့ ထွေးလေ ရေချိုးပြီးစ ချမ်းတာလေး ဘယ်ပျောက်သွားမှန်း မသိဘူး။ ရင်ထဲမှာ နွေးစနဲ့ဖြစ်သွားတယ်။ ရင်ထဲမှာ နွေးသွားပေမယ့် အဲဒီအချိန်မှာ ကြက်သီးက ဘာကြောင့်များ ထရသလဲ မသိဘူး။ အဲဒီတုန်းက မောင်ပြောခဲ့တဲ့ စကားကို တစ်လုံးမကျန် မှတ်မိနေပါတယ် မောင်ရယ်။

"ရှေ့က ကြည့်လဲ ယဥ်တယ်။ နောက်က ကြည့်လဲ

www.burmeseclassic.com

BURMESE CLASSIC .com

ယဉ်တယ်။ ဘယ်လိုပဲ ကြည့်ကြည့် ယဉ်တဲ့သူ့ရယ်၊ အဲဒီ သီချင်းဟာ ထွေးကို မြင်ပြီးတော့များ စပ်ထားတဲ့ သီချင်းလား မသိဘူးနော်။ ထွေးကို ကိုယ်ချစ်တယ်။ ချစ်မိပြီကွယ်။ မနေနိုင် လွန်းလို့ ဖွင့်ပြောရတာပါ။ ထွေးလေး စိတ်မဆိုးနဲ့နော်။ ကိုယ့်ကို ပြန်ချစ်ပါလားဟင်”

ထွေးက စကတည်းက ချစ်ပြီးသားမို့ ချက်ချင်းကြီး ဖြေလိုက်ချင်ပါတယ်။ ဒါပေမယ့် မိန်းကလေး မဟုတ်လား မောင်ရယ်။

“အို.... ဆရာကလဲ” ဆိုပြီး ထွေး ထွက်ပြေးခဲ့တယ် မဟုတ်လား။ တကယ်တော့ အဲဒီအချိန်မှာ ထွေး ပျော်နေခဲ့တာပါ မောင်ရယ်။

မောင့်ကို ထွေးက ‘ချစ်တယ်’လို့ ပြောတဲ့အချိန်နဲ့ နေရာ လေးကို မှတ်မိသေးသလားဟင်။ နောက်တစ်နေ့ မနက်အစော ကြီးလေ။ ထွေး အိမ်ရှေ့ထွက်အလာမှာ မောင်က ထွေးရဲ့လက်ကို ဖမ်းဆွဲပြီး ‘ကိုယ်သိပါတယ် ထွေးရယ်။ ထွေး ကိုယ့်ကိုချစ်တယ် မဟုတ်လား’ ‘မေမေတို့ မြင်ကုန်မယ်’ဆိုတော့ မောင်က ‘စကြဝဠာတစ်ခုလုံးက မြင်ပါစေ’တဲ့ ‘မြင်ရုံမက သိကြပါစေ’တဲ့ ‘စကြဝဠာကြီးကို သက်သေထားလိုက်မယ်’တဲ့ ‘ထွေးချစ်ရင် ခေါင်းညိတ်ပြ၊ ခေါင်းညိတ်ပြလိုက်လေ ထွေး’ ထွေးမရှက်နိုင် မကြောက်နိုင် ခေါင်းညိတ်ခဲ့ရပါတယ် မောင်ရယ်။ ဒါတောင် မောင်က လက်ကို မလွှတ်ဘူး။ ချစ်ပါတယ်လို့ ပြောရမယ်

www.burmeseclassic.com
BURMESE CLASSIC .com

တဲ့လေ။ ထွေး တိုးတိုးလေး ပြန်ပြောခဲ့တယ်လေ။

“ချစ်ပါတယ်”လို့။

နောက်ဖေးဘက်က ရေကပြင်လေးဟာ ထွေးနဲ့ မောင်နဲ့ ချိန်းတွေ့နေကျ နေရာလေး မဟုတ်လား။ အချိန်က သန်းခေါင် လေ၊ မောင်က ညဘက်စာရေးပြီး သန်းခေါင်လောက်ရောက်တော့ နောက်ဖေးဘက်ကို ထွက်တယ်။

ကိုခင်ရွှေကြီးကတော့ သူ့ထုံးစံအတိုင်း မူးပြီး အိပ်ပျော် နေတယ်။ မေမေကလဲ တစ်နေကုန်ပင်ပန်းနေကျမို့ အဲဒီသန်းခေါင် ယံအချိန်ဟာ မေမေ အိပ်မောကျချိန်ပဲပေါ့။ အိပ်မပျော်နိုင်ခဲ့တာက ထွေးပါ မောင်ရယ်။ မောင့်အချက်ပေးသံကို နားတစွင့်စွင့်နဲ့ မှေး ခနဲတောင် အိပ်မပျော်အောင် စောင့်နေခဲ့ရတာပါ။ မောင့် အချက်ပေး ပုံကလေးကို မောင်မေ့မှာ မဟုတ်ပါဘူး။

နောက်ဖေးတံခါးကို အသံကျယ်ကျယ်မြည်အောင် ဖွင့်လိုက်ပိတ်လိုက် နှစ်ခါလုပ်တာလေ။ တစ်ခါတည်းနဲ့ ထွေးက အဆင်သင့်ဖြစ်နေခဲ့ပါပြီ မောင်ရယ်။ ထွေးကတော့ ထွေးတို့ ဘက်က နောက်ဖေးတံခါးကို ဖြည်းဖြည်းကလေး အသံ မကြားအောင် ဖွင့်ခဲ့ရတယ်။

မောင်ရယ် အဲဒီညကလေးတွေ မောင် မမှတ်မိဘဲ နေမှာ မဟုတ်ပါဘူး။ မေ့ပစ်လိုက်နိုင်စရာ အကြောင်းလဲ မရှိဘူး မဟုတ်လား။

ပထမဦးဆုံးညလေး....နေ့လယ်ပိုင်းက မောင်ကချိန်းတယ်

www.burmeseclassic.com

BURMESE CLASSIC .com

မဟုတ်လား။ "ဒီနေ့ည ထွေးနဲ့တွေ့ချင်တယ်။ သန်းခေါင်လောက်ကျရင် ကိုယ် နောက်ဖေးဘက်ထွက်ခဲ့မယ်။ ထွေး လာတွေ့နော်။ ထွေးက ကြောက်တယ်လို့ပြောတော့ မောင်က ထွေး မကြိုက်ရင် လက်ဖျားနဲ့တောင် မတို့ပါဘူး။ လွတ်လွတ်လပ်လပ် စကားပြောချင်လို့ပါလို့ ပြောခဲ့တယ်မဟုတ်လား။ ထွေးက မလာရဲဘူးဆိုတော့.... မောင်က ထွေးမလာမချင်း ကိုယ်စောင့်နေမှာပဲ။ မိုးလင်းတဲ့အထိ စောင့်မယ်။ နောက်နေ့တွေလဲ စောင့်မယ်။ တစ်သက်လုံး စောင့်မယ်။ မလာမချင်း စောင့်မယ်လို့ဆိုပြီး ဖွတ်ခေါ်တော့....။

ညကျတော့လေ ထွေး ချောင်းကြည့်တယ်။ မောင်က တကယ်စောင့်နေတယ်၊ ထွေး ရင်တွေ ခုန်လိုက်တာ ချီတုံချတုံနဲ့ အကြာကြီး ချောင်းကြည့်နေတယ်။ မောင်က တကယ်ခွဲကောင်းတာပဲ။ထွေးကလာချင်ရက်သားမို့ သိပ်အကြာကြီးမနေနိုင်ခဲ့ပါဘူး။

အဲဒီညက လမိုက်ညနော်။ မှောင်နဲ့မည်းမည်းထဲမှာ ချမ်းချမ်းစီးစီးနဲ့ မောင်ထိုင်စောင့်နေတာကို ထွေး မကြည့်ရက်ခဲ့ဘူးပေါ့။ ဒီတော့.... ဒီတော့ မောင့်အနားကို ရောက်ခဲ့ရတယ်။ မောင်က ပထမ စိတ်ဆိုးချင်ယောင် ဆောင်နေသေးတယ်လေ။ ပြီးတော့ ညည်းရက်တယ်နော်တဲ့။ မဟုတ်ပါဘူး အစ်ကိုရယ်ဆိုတော့ မောင် သိပ်ချမ်းတာပဲတဲ့။ ထွေး.... မောင့်အနားမှာ ကပ်ထိုင်လိုက်ရတာပေါ့။ လက်ဖျားနဲ့တောင် မတို့ပါဘူးဆိုတဲ့ မောင်ကလေ၊ အို....

www.burmeseclassic.com

ခု ပြန်တွေးမိရင်းတောင် မောလာပြီ မောင်ရယ်၊ ချစ်လိုက်ရတာ တွေးလေးရယ်ဆိုတဲ့ မောင့်အသံကို ခုထိ ကြားယောင်နေတုန်းပါ။

အဲဒီလကွယ်ညကနေ စခဲ့တဲ့၊ မောင်ပြောတဲ့ အချစ်ညလေးတွေနဲ့ အချစ်နေရာလေးတွေဟာ....

လပြည့်ညရောက်တော့ ခြံနောက်ဖေးက သရက်ပင်ကြီးအောက်မှာ မှောင်ရိပ်ခိုခဲ့ကြရတယ် မဟုတ်လားကွယ်။

မောင်က သီချင်းလေး တိုးတိုးညည်းပြသေးတယ်လေ 'ချိန်းတဲ့ညကျမှ ရွှေလမောင် သူတွင်ကျယ်.... ကမ္ဘာမြေတစ်ခွင်လုံး မြူမဖုံး တိမ်မကွယ်.... ထက်ကောင်းကင်ဝယ် ထိန်ထိန်သာလှတယ်၊ မှောင်မိုက်မိုက် ချောင်ကြိုက်ကြတဲ့အခါဝယ် လောကွက်ချော်တော်မူအားတယ်။ ဖိုးလနတ်သား.... တိမ်ကြားမြုပ်စေသားလို့ ဆုတောင်းရမလား..... သတိထားတော်တော်ကျယ်' အဲဒီသီချင်းလေးကိုလေ လပြည့်ညတိုင်း တွေး ညည်းရင် ဆိုရင်း ငိုခဲ့ရပါတယ်မောင်၊ သီချင်းဆို၍ ငိုရသည်ပေါ့ မောင်ရယ်....

သက်ရှင်းဆေမျှ၊ ချစ်မဝနင့်
လွမ်းစယှက်တွေး၊ ဆေးသည့်နိုက်ကို
တိမ်တိုက်ကသာ၊ ခြိမ့်ခြိမ့်ပါအောင်
ဘယ်ညာပတ်ခြုံ၊ မှိုင်းကာအုံ့လျက်
ဆော်လှုံ့မိုးညို၊ အညိုးသို၍
မလိုတမာ၊ ရွာလိုသော်လည်း

www.burmeseclassic.com

BURMESE CLASSIC .com

ရွှေလှော်ယိုးယား၊ သခင်သားနှင့်

နှစ်ပါးစုံမှ ရှာပါဘိ.....။

အဲဒီကဗျာ ကလေးကို ဝတ္ထုတစ်ပုဒ်ထဲမှ တွေ့လို့ကူးပြီး ကျက်ထားတာပါ။

ရှေးကဗျာဆရာကြီးတစ်ယောက်ရဲ့ 'ပျို့'တစ်ပုဒ်ထဲကလို့ပဲ သိတာပါ။ ဒါပေမယ့် မောင်နဲ့ ထွေးတို့ရဲ့ ဘဝဟာ ကိန္နရီကိန္နရာ ချောင်းခြားတဲ့ ဘဝလိုများ ဖြစ်နေပြီလား မသိဘူးနော်။

ထွေးတို့ဘက်က မိုးရွာရင် ဖွဲဖွဲမဟုတ်ဘူး မောင်။ သည်း သည်းမည်းမည်းပါ။ မိုးမရွာတဲ့အချိန်မှာ လမ်းလျှောက်ဖြတ်ကူး လို့ ရတဲ့ချောင်းတွေဟာ တောင်ပေါ်မှာ မိုးညိုပြီး ခဏကြာတာနဲ့ လူမပြောနဲ့ သစ်ပင်ကြီးတွေပါ မျောပါသွားအောင် ရေလုံးကြီးတွေ ဆင်းလာလေ့ရှိပါတယ်။

ခု မောင်နဲ့ ထွေးကြားမှာ ခြားနေတဲ့ ချောင်းကလေးရဲ့ ချောင်းဖျားမှာ မိုးတွေညိုနေပြီထင်ပါရဲ့မောင်ရယ်။ အမုန်းလှိုင်း ကြီး ဆင်းမလာခင် မောင်နဲ့ ထွေးတို့ နှစ်ယောက်ကြားထဲမှာ ခြားနေတဲ့ အချစ်ချောင်းကလေးကို ဖြတ်ကျော်လာခဲ့ပါတော့လား ကွယ်....

မောင် ပြန်သွားတဲ့နေ့က မိုးတွေ ရွာနေတယ်နော်။ ထွေး သေသေချာချာ မှတ်ထားပါတယ် မောင်ရယ်။ ထွေးတို့ဆီမှာ မောင်တစ်လနဲ့ ဆယ့်တစ်ရက်တိတိ နေသွားခဲ့တာပါ....

ထွေးနဲ့မောင်နဲ့ ချစ်ခဲ့ရတဲ့အချိန် ဆယ့်ခြောက်ရက်တိတိ

www.burmeseclassic.com

ကြာခဲ့ပါတယ်။ လကွယ်ညက လပြည့်ညအထိပေါ့....

ကဆုန်လကွယ်ညက နယုန်လပြည့်အထိ မောင့်ရင်ခွင်ထဲမှာ ထွေး ငိုလိုက်ရ၊ ရယ်လိုက်ရ၊ ပျော်လိုက်ရနဲ့ ပြီးတော့ မောင်ပြန်မယ်လဲဆိုရော ငိုလိုက်ရတဲ့ထွေး။

မျက်ရည်တွေကို မောင် အမှတ်ရသင့်ပါတယ် မောင်ရယ်။

ထွေးတို့ကိစ္စကို မေမေကလဲ ရိပ်မိရော မောင်ပြောခဲ့တယ် မဟုတ်လား။ 'စိတ်ချပါ ဒေါ်ဒေါ်။ ကျွန်တော် ဆယ်ရက်အတွင်း ပြန်လာခဲ့ပါ့မယ်။ ဖြစ်နိုင်ရင် ကျွန်တော့်မိဘတွေပါ ခေါ်ခဲ့ပါ့မယ်။ ထွေးကို ကျွန်တော် တကယ်ချစ်တာပါ' လို့။

အဲဒီတုန်းက မေမေကလဲ ယုံတယ်။ ထွေးကလဲ ယုံတယ်။

မောင်က မောင့်အဝတ်အစား တချို့ကိုတောင် ထားပစ်ခဲ့သေးတယ် မဟုတ်လား။ ပြီးတော့မှ မောင်က ထွေးကိုမှာတယ်။ 'ဒီအတွင်းမှာ စာမရေးပါနဲ့။ မောင့်မိဘတွေကို ပြေလည်အောင် ပြောပြပြီးမှ မောင်ပြန်လာခဲ့ပါ့မယ်။ မောင့်မိဘတွေက နည်းနည်း ရှေးဆန်တယ်ကွယ်။ မောင့်ကို သူတို့သဘောကျတဲ့ မိန်းကလေးနဲ့ ပေးစားဖို့ စီစဉ်ကြမယ်တဲ့။ ဒါပေမယ့် မောင့်သဘောတစ်ခုပါ။ အဲဒီကိစ္စတွေကို ဖျက်ပြီးပြီးချင်း မောင်ပြန်လာခဲ့ပါ့မယ်။ ကြာလှရင် ဆယ်ရက် ဆယ့်ငါးရက်ပေါ့ကွယ်။ မောင့်ကိုမျှော်နေနော်' ဆိုတဲ့ မောင့်နောက်ဆုံး စကားကို မေ့လောက်မယ် မထင်ပါဘူး။

မောင်လဲ ပြန်သွားရော ထွေး ငိုလိုက်ရတာလေ.... ရိုးမ မိုးနဲ့ အပြိုင်ပါပဲ မောင်ရယ်။ အဲဒီနေ့ကစပြီး ငိုခဲ့ရတဲ့ အငိုဟာ

www.burmeseclassic.com

BURMESE CLASSIC .com

ဒီနေ့ထိပဲ ဆိုပါတော့။

မောင်ရေ... ဒီလောက်ဆိုရင်တော့ မောင် ထွေးကို တကယ် ချစ်တယ်ဆိုရင်ပေါ့လေ ထွေးနဲ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ စဉ်းစားပြီး စာနာလောက်ပါပြီ။ ဆယ်ရက် ဆယ့်ငါးရက်ပဲ ကြာမယ်ဆိုတဲ့ မောင်ဟာ... အခု နှစ်လကျော်တဲ့အထိ ပြန်မလာ သေးဘူး။ မောင့်မိဘတွေနဲ့များ အဆင်မပြေလို့ပဲလား။ ဒါမှ မဟုတ်၊ မောင် ထွေးကို ညာသွားတာလား။ ညာမယ်လို့တော့ မထင်ပါဘူးမောင်ရယ်။ ထွေး မောင့်ကို ယုံပါတယ်။ ချစ်တာကိုး မောင်ရဲ့။

မောင်ရေ... မောင် သိပြီးသားတွေ အဖြစ်အပျက်တွေကို ခုလို ပြန်ရေးပြနေတာ အကြောင်းရှိတယ် မောင်။

မောင် ပြန်လာမယ်ဆိုတဲ့ ဆယ့်ငါးရက် ကြာတဲ့အခါ ကျတော့ မျှော်လိုက်ရတဲ့ထွေးအဖြစ်၊ မောင်ရောက်မလာတော့ ငိုလိုက်ရတဲ့ ထွေးအဖြစ်၊ ပြီးတော့လေ အရေးအကြီးဆုံးကိစ္စတစ်ခု ဖြစ်လာခဲ့တယ် မောင်....

မောင်ရေ... မောင့်သွေးကို ထွေး ရင်မှာ ပိုက်ထားရပါပြီ မောင်ရယ်။ ဒါကြောင့်မို့ ဒီစာကို ရေးလိုက်ရတာပါ။ ထွေးကို မသနားချင်ရင်နေပါမောင်ရယ်။ မချစ်တော့ရင်လဲနေပါ မောင်ရယ်။ မောင့်သွေးကို ချစ်ပါမောင်ရယ်.... သနားပါ မောင်ရယ်....

ထွေးဆီကို အမြန်ပြန်လာပါတော့၊ မောင် ပြန်မလာလို့ မဖြစ်နိုင်တော့ဘူးဆိုတာ သိပြီ မဟုတ်လားမောင်။

www.burmeseclassic.com

ဒါကြောင့် ဒီစာကို ရေးလိုက်တာပါ။ မောင်လာလိမ့်မယ်လို့ ထွေး ယုံပါတယ်။ မောင့်ကို ထွေး အသက်ထက်ချစ်ပါတယ်။

မောင့်ရဲ့

ထွေး

■

www.burmeseclassic.com

# တစ်

စာရေးဆရာ မောင်ကြည်သာသည် ထွေးဆိုသော မိန်းကလေး ရေးလိုက်သော စာကို ဖတ်ပြီးနောက် တုန်လှုပ်ချောက်ချားသွား၏။

မောင်ကြည်သာသည် စာဖတ်ပရိသတ် ကြိုက်နှစ်သက်သော နာမည်ရ စာရေးဆရာတစ်ယောက်ဖြစ်သည်။ မဂ္ဂဇင်းတိုက် တစ်တိုက်တွင်လည်း လက်ထောက်အယ်ဒီတာအဖြစ်ဆောင်ရွက် နေသူဖြစ်၏။

ထွေးဆိုသော မိန်းကလေး၏စာကို ဖတ်ရကာစ၌ သူတို့ မဂ္ဂဇင်းသို့ ပို့လိုက်သော စာမူတစ်ပုဒ်ဟုထင်၍ ဖတ်ခြင်းဖြစ်သည်၊ ဖတ်ရင်းနှင့်....။

'မောင်ဟာ စာရေးဆရာ မောင်ကြည်သာမှန်းလဲသိရော' ဟူသော စာပိုဒ်ကို ဖတ်ရသောအခါ၌ စတင် တွေဝေလာ၏။

www.burmeseclassic.com

သို့နှင့်ဆက်ဖတ်ရင်း....

မောင်က အသားဖြူဖြူ နှာတံပေါ်ပေါ်၊ ဆံပင်

ကောက်ကောက်၊ လူချောလူလှ တစ်ယောက်

လို့တော့ တွေး သတိထားလိုက်သားပဲ’

ဟူသော စာပိုဒ်ကို ရောက်သောအခါ မောင်ကြည်သာ စိတ်၌ ရှုပ်ထွေးလာ၏။

မောင်ကြည်သာသည် အသားဖြူသူမဟုတ်၊ အသားညိုညို ဖြစ်၏။ နှာတံပေါ်သူတစ်ယောက်လည်း မဟုတ်။ ဆံပင်လည်း မကောက်။ လူချောလူလှတစ်ယောက် မဟုတ်။ အသားညိုညို ကိုယ်လုံးသွယ်သွယ်၊ လက်ပြင်ကုန်းကုန်း၊ နှုတ်ခမ်းမွှေးကျင်စွယ် ကျိုးတိုးကျဲတဲနှင့် ဖြစ်၏။

ဆက်၍ ဖတ်လိုက်သောအခါ ဝတ္ထုစာတ်လမ်းလေး သဖွယ် ဖြစ်နေပြန်သဖြင့် စာမူတစ်ခုခုဟုပင် ယူဆပြီးဖတ်ခဲ့၏။

‘အဲဒီ လကွယ်ညကနေ စခဲ့တဲ့ မောင်ပြောတဲ့အချစ်ညလေးတွေနဲ့ အချစ်နေရာလေးတွေဟာ လပြည့်ညရောက်တော့ ခြံနောက်ဖေးက သရက်ပင်ကြီးအောက်မှာ မှောင်ရိပ်ခိုခဲ့ကြတယ် မဟုတ်လားကွယ်’

ထိုစာရသို့ ရောက်သောအခါ မောင်ကြည်သာ ချောက်ချားစ ပြုလာ၏။ လိပ်စာတပ်ထားသော စာအိတ်ကို ပြန်ကြည့်သည်။

ရေးထားသော လိပ်စာမှာ....

ပုဂံစာအုပ်တိုက်

www.burmeseclassic.com

BURMESE CLASSIC .com

သို့

စာရေးဆရာ မောင်ကြည်သာ

တစ်ဆင့်—

ရွှေသဥ္ဇာ စာအုပ်တိုက်

အမှတ် ၁၇၆/၁၇၈

မဟာဗန္ဓုလ ပန်းခြံလမ်း

ရန်ကုန်မြို့။

ဟု ရေးထား၏။ သို့ဖြစ်လျက် မဂ္ဂဇင်းသို့ပို့သော စာမူ မဖြစ်နိုင်။ သူ့ထံ တိုက်ရိုက်ရေးသော စာသာဖြစ်နိုင်၏။

မောင်ကြည်သာ ချွေးပြန်လာသည်။ ရင်တထိတ်ထိတ် ခုန်လျက် စာကို ဆက်ဖတ်သည်။

'မောင်ရေ... မောင့်သွေးကို ထွေး ရင်မှာ ပိုက်ထားရပြီ မောင်ရယ်....'

ထိုစာပိုဒ်အရောက်တွင် မောင်ကြည်သာ့ ဦးနှောက်၌ ကျင်စက်အတို့ခံရသကဲ့သို့ ဖြစ်သွားသည်။

တုန်လှုပ်ချောက်ချားစွာ စာကို ဆက်ဖတ်လိုက်သည်။ စာ အဆုံး၌ မောင့်ရဲ့.... ထွေး ဆိုသော စာစုလေးမှတစ်ပါး အခြား မပါ။ ကျောဘက် စာရွက်များတွင် လိပ်စာပါလေမလားဟု လှန်လှောကြည့်၏။ မည်သည့်လိပ်စာမျှမပါ။ မည်သည့် မြို့ရွာ ကမှန်း မသိ။

မန်းချောင်းဟူ၍သာ ပါသဖြင့် စေတုတ္တရာ၊ ပဒိန်း၊ ငဖဲ

www.burmeseclassic.com
BURMESE CLASSIC .com

စသည့် နယ်ဘက်မှဖြစ်မည်ဟုသာ ခန့်မှန်း၍ ရသည်။

မောင်ကြည်သာ အမျိုးမျိုး စဉ်းစားကြည့်၏။

ထွေးဆိုသော မိန်းကလေးတစ်ယောက်က သူ့ဆီရေးသော စာတော့ အမှန်ဖြစ်သည်။ သို့မဟုတ် သူငယ်ချင်း အပေါင်းအသင်း တစ်ယောက်ယောက်က မိန်းကလေး တစ်ယောက်ယောက်၏ လက်ရေးနှင့် သူ့ထံနောက်ပြောင် ပို့လိုက်ခြင်းလည်း ဖြစ်နိုင်သည်။

သူတို့ သူငယ်ချင်း အသိုင်းအဝိုင်းတွင် အချင်းချင်း နောက်လှောင်ပြောင်လှောင်ရှိသော်လည်း သည်မျှထိ စိတ်ရှုပ်စရာ ကောင်းအောင် နောက်ပြောင်ကြလိမ့်မည်တော့ မဟုတ်။

မောင်ကြည်သာသည် စာအိတ်တံဆိပ်ခေါင်းပေါ်၌ ရိုက်ထားသော စာတိုက်တံဆိပ်တုံး အမှတ်အသားမှ မြို့အမည်ကို ကြိုးစားဖတ်ကြည့်ပြန်၏။

N ဟူသော စာလုံးမှတစ်ပါး အခြားစာလုံးများသည် ထင်ထင်ရှားရှား မရှိ။ ထို့ကြောင့် မန်းချောင်းတစ်ပိုက်မှ 'န' အစ ပါရှိသော မြို့အမည်များကို စဉ်းစားကြည့်မိပြန်သည်။ တွေး၍ မရ။ နောက်ဆုံးတော့ လက်လျှော့လိုက်ရသည်။

ထွေး ဆိုသူ၏ စာကလေးကို သူ၏ အလုပ်စားပွဲအံဆွဲထဲ ထည့်လိုက်၏။

ဆက်၍ လုပ်စရာရှိသည်များကို လုပ်နေသော်လည်း စိတ်က မဖြောင့်တော့။ ထို့ကြောင့် အလုပ်စားပွဲမှ ထထွက်လာခဲ့သည်။

www.burmeseclassic.com
BURMESE CLASSIC .com

မဟာဗန္ဓုလပန်းခြံလမ်းမှ ၃၃လမ်းဘက်သို့ လျှောက်ခဲ့၏။ ၃၃လမ်းတွင် စာသမား၊ ပေသမား လောကသားများ စုစုစည်းစည်း တွေ့ရလေ့ရှိသည်။တစ်ယောက်မဟုတ် တစ်ယောက်နှင့်တော့ တွေ့တတ်၏။ တွေ့သူ တစ်ယောက်ယောက်နှင့် လက်ဖက်ရည် ဆိုင်သွားထိုင်၍ စကားပြောနေလိုက်မည်ဟု စိတ်ကူးပြီး ၃၃လမ်းထဲ ဝင်လာခဲ့သည်။ သို့ရာတွင် သူ့အတွေး၌ ထွေးသည် ကပ်ငြိ ပါလာနေ၏။ ဖြစ်နိုင်စရာ အကြောင်းတစ်ခုကို သူ စဉ်းစားမိ လေသည်။

လူလိမ်တစ်ယောက်သည် သူ့ဟန်ဆောင်၍ 'ထွေး' ဆိုသော မိန်းကလေးအား ဖျက်ဆီးပစ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ မိန်းကလေး ရေးသောစာအတိုင်းသာ မှန်ခဲ့လျှင် ထိုမြို့နယ်တစ်ဝိုက်၌ သူ နာမည်ပျက်တော့မည်။

ရဲစခန်းတိုင်၍ အမှုဖွင့်လိုက်လျှင်လည်း၊ သူ လိုက်ရှင်း ပေးရဦးမည်။ မိန်းကလေးက သူ့ထံလိုက်လာလျှင်လည်းပြဿနာ ကိုတော့ ရှင်းရဦးမည်။ သူ့ကို မည်သို့မျှ အမှုမပတ်နိုင်သော်လည်း အနည်းနှင့် အများတော့ အလုပ်ရှုပ်ရပေဦးမည်။ တစ်ဖန် တွေးမိ ပြန်၏။ ထိုမိန်းကလေး၏ အဖြစ်အပျက်သည် အမှန်တကယ် ဖြစ်ပါက မိန်းကလေးခမျာ၊ သနားစရာကောင်းလှ၏။ သူ နှမချင်း စာနာမိပါသည်။

"ဟော့လူကြီး.... ဘာငေါင်ပြီး လျှောက်လာတာလဲဗျ"

နှုတ်ဆက်သံကိုကြားမှ ငိုက်စိုက်ငိုက်စိုက် လျှောက်

www.burmeseclassic.com

လာသော မောင်ကြည်သာ မော့ကြည့်လိုက်သည်။ စာရေးဆရာ ကိုကျော်စွာကိုတွေ့ရ၏။ မျက်မှန်ထူထူ ဆံပင်ကောက်ကောက် ကိုယ်လုံးတောင့်တောင့်နှင့် အသားမည်းမည်း မျက်နှာပြုံးပြုံး ကိုကျော်စွာက ဆက်၍....

"ဆိုစမ်းဦးလေဗျာ.... ဘာတွေ ငေါင်လာတာလဲလို့"

"ဘာရယ်ဟုတ်ပါဘူးဗျာ လက်ဖက်ရည်လေး ဘာလေး သွားသောက်ကြရအောင်"

"ဒါ လက်ဖက်ရည်အချိန်.... မဟုတ်တော့ဘူးဗျ။ ကိုယ့်ဆရာရဲ့ ညနေစောင်းနေပြီ၊ နေအစောင်းမှာ အရည်လေးလောင်း လိုက်ကြရအောင် လိုက်မလား"

မောင်ကြည်သာသည် စိတ်ထဲ၌လည်း ခပ်ထွေထွေဖြစ်နေသဖြင့်....

"လုပ်လိုက်လေ.... ကြာသလားလို့"

"နည်းနည်းတော့ ကြာမယ်ဗျို့၊ ရှုတ်ခမ်းမွှေးကြီး ဝင်ခေါ်ရဦးမယ်"

"ဖြစ်ပါတယ်ဗျာ.... သွားကြတာပေါ့"

www.burmeseclassic.com

# ရှစ်

"အဲဒါပဲဗျာ"

မောင်ကြည်သာသည် အရက်နည်းနည်း ထွေလာသည်နှင့် ထွေး၏ စာအကြောင်းကို ပြောပြလိုက်၏။

"ဖြစ်နိုင်စရာအကြောင်း နှစ်ခုရှိတယ်ဗျ။ တစ်ခုက မိန်းကလေးက လူလိမ်တစ်ယောက်နဲ့ တကယ်ဖြစ်ခဲ့တာ ဖြစ်ချင်ဖြစ်မယ်။ နောက်တစ်ခုကတော့ ခင်ဗျားကိုယ်တိုင် သွားရှုပ်ခဲ့ပြီး မေ့ချင်ယောင်ဆောင်နေတာ ဖြစ်ရမယ်"

ဟု ကိုကျော်စွာက ပြော၏။ နှုတ်ခမ်းမွေးကြီးဟု သူတို့ ခေါ်ကြသော ကိုသန်းအောင်က....

"တစ်ချက်ထဲ ဖြစ်နိုင်တယ်ဗျ။ ခင်ဗျား သွားရှုပ်ခဲ့တာ အမှန်ပဲ၊ အချင်းချင်းတွေပဲဗျာ။ ငြင်းမနေပါနဲ့တော့၊ ကိုယ့်ဘာသာ

www.burmeseclassic.com

ကိုယ်ရှုပ်တာ ဘာဖြစ်လဲပေါ့"

မောင်ကြည်သာက သူတို့ နောက်နေမှန်း သိသော်လည်း ပြဿနာ အဖြေရှာမရသဖြင့် စိတ်ညစ်စွာရှိ၏။

သူတို့သောက်နေသော အရက်ဆိုင်တန်းမှာ လေးဆယ့်နှစ်လမ်း အရက်ဖြူဆိုင်ရှေ့မှ ဆိုင်တန်းကလေးဖြစ်၏။ ပတ်ဝန်းကျင်သည် ဆူညံလှစွာ၏။ ကိုယ့်ကိစ္စနှင့်ကိုယ်၊ ကိုယ့်အကြောင်းနှင့်ကိုယ် စကားများ ဖောင်ဖွဲ့နေကြ၏။ မမူးတမူး စသောက်ကာစ အချိန်၌ သူ နားညည်းလှသည်ထင်၏။ ကိုယ်လည်းမူး၊ သူများလည်းမူး၊ ကိုယ်လည်းပြောချင်ရာပြော၊ သူများလည်း ပြောချင်ရာ ပြောကြသော အချိန်သို့ရောက်သောအခါ ထိုဆူညံခြင်းသည်ပင် လိုအပ်ချက်တစ်ရပ်ကဲ့သို့ ဖြစ်သွားသည်။

ယခုလည်း မောင်ကြည်သာတစ်ယောက် ရေချိန်ရလာပြီ ဖြစ်၍ ဆူညံခြင်းကို ဂရုမစိုက်နိုင်တော့။ ကိုယ်ပြောချင်ရာသာ ပြောနေမိတော့သည်။

"ခက်တယ်ဗျာ၊ ကျုပ်လဲ ဘာမှမလုပ်ရပဲ"

"အေးလေ.... အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲဗျ၊ ကျုပ် သိက္ခာကျတာပေါ့"

"နေစမ်းပါဦး၊ ခင်ဗျားမှာ သိက္ခာရှိလို့လား"

"ခင်ဗျား.... ဘာစကား ပြောတာလဲ၊ ဒီလိုကိစ္စမျိုးနဲ့ ပတ်သက်ပြီး ကျုပ်မှာ သိပ်သိက္ခာရှိတယ်"

နှုတ်ခမ်းမွှေးကြီးက ဝန့်ဖျန်ဖြေ၏။

www.burmeseclassic.com


"နေ နေကြစမ်းပါဦး.... ခင်ဗျားတို့ကလဲ၊ ပျော်စေပျက်စေ ကလက်စေကနေ့ အတည်ပေါက် ထဆော်နေကြဦးမယ်။ ကဲ ကိုကြည်သာ ခင်ဗျား ဇာတ်လမ်းကို အစက ပြန်ပြော၊ ကျုပ်တို့ မနောက်တော့ဘူး။ အကြံကောင်း ဉာဏ်ကောင်းတွေပေးမယ်၊ အကြံကောင်းဆိုတာကလဲ ဉာဏ်ရှင်မှဗျ၊ ဉာဏ်ရှင်တယ်ဆိုတာ ကလဲ"

"တော်စမ်းဗျာ၊ အစီယာရေ.... နောက်တစ်လုံး ထပ်ပေး၊ ငါးကျော်သုံးကောင်ပါပေး"

မောင်ကြည်သာသည် သူ့ဇာတ်လမ်းကို ပြန်စ၏။ 'ထွေး' ဆိုသော မိန်းကလေး တစ်ယောက်ထံမှ စာရောက်လာသည်။ ဘယ်ဆီနေမှန်းမသိ.... အစရှိသဖြင့်။ ပြီးတော့.... မိန်းကလေး တွင် ကိုယ်ဝန်ရှိနေပြီဆိုကြောင်း။ သူလည်း တစ်ခါမျှ မြင်ဖူးခြင်း မရှိကြောင်း။

အမူးသမားတို့ ထုံးစံအတိုင်း ထပ်တလဲလဲ ပြောနေ တော့သည်။

"ကျုပ် ဘာလုပ်ရမလဲ၊ ကျုပ် ဘာလုပ်ရမလဲ" ဟု ထပ်ခါ တလဲလဲ မေးနေတော့သည်။

"ဒီမယ်ကိုကြည်သာ၊ ပြဿနာက ဘာမှကြီးကျယ်တာ မဟုတ်ဘူး ခင်ဗျားဘာသာ ကြီးကျယ်နေတာ"

"ဘယ့်နှယ် မကြီးကျယ်ရမှာလဲဗျ၊ ကျုပ် ဝုဏ်သိက္ခာ တစ်ခုလုံးနဲ့ ဆိုင်တဲ့ကိစ္စ"

www.burmeseclassic.com

BURMESE CLASSIC .com

"နို့ နေပါဦး.... ခင်ဗျားက တကယ်ပဲ အဲဒီထွေးဆိုတဲ့ မိန်းကလေးနဲ့ဖြစ်ခဲ့လို့လား"

"မြင်တောင် မမြင်ဘူးပါဘူးဆိုနေ"

"ဒါဖြင့် ပြီးနေပြီပဲ"

"ဘယ်လိုလုပ်ပြီးမှာလဲဗျ ပြဿနာက စနေတဲ့ဥစ္စာ"

"မဟုတ်ဘူးလေ၊ ခင်ဗျားနဲ့ အဲဒီမိန်းကလေးနဲ့ ဘာမှ မပတ်သက်ခဲ့ရင် သူ့အလိုလို ရှင်းသွားလိမ့်မယ်"

"ဘယ်လိုလုပ်ပြီး အလိုလိုရှင်းသွားမှာလဲ"

"ကျွန်တော် ပြောပြမယ် ကိုကြည်သာ၊ ခင်ဗျား သိပ် မမူး သေးပါဘူး ဟုတ်တယ် မဟုတ်လား"

"နည်းနည်းတော့ မူးနေပြီ"

"ထားတော့ဗျာ သတိလက်လွတ် မဖြစ်သေးဘူး မဟုတ်လား"

"ဘယ်တုန်းက ကျုပ် လွတ်ဖူးလို့လဲ"

"ကောင်းပြီ ပြဿနာကိုအစကပြန်ဖော်မယ်။ကောင်မလေး တစ်ယောက်နဲ့ မောင်ကြည်သာ အမည်ခံတဲ့ ငနဲ တစ်ယောက်နဲ့ ဖြစ်ကြတယ်။ အဲဒီ မောင်ကြည်သာဟာ မောင်ကြည်သာ အစစ် ဖြစ်တဲ့ ခင်ဗျား မဟုတ်ဘူး ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ် မဟုတ်ဘူး"

"ဒီတော့ကာ အဖြစ်နိုင်ဆုံး ကိစ္စက စာရေးဆရာ မောင်ကြည်သာ ဟန်ဆောင်ပြီး ကြားလူတစ်ယောက်က ဝင်နှောက်

www.burmeseclassic.com 

သွားလိမ့်မယ်။ အဲဒါဆိုရင် ခင်ဗျားနဲ့ ဘာမှ မပတ်သက်တဲ့အပြင် အဲဒီ ကြားလူ လေီမ်ကို ခင်ဗျားတရားစွဲလို့ ရသေးတယ်”

“ဘယ်သူဘယ်ဝါမှန်းမှ မသိတာ”

“ထားပါလေ စကားအဖြစ်ပြောတာပါ။ ဖြစ်လာနိုင်စရာ အကြောင်းတစ်ချက်ရှိတယ်။ ခင်ဗျားဆီကို အဲဒီ မိန်းကလေး လိုက်လာလိမ့်မယ်”

မောင်ကြည်သာ ခပ်စိုက်စိုက် ဖြစ်နေသော ဦးခေါင်း ထောင်သွား၏။

“လိုက်လာရင် ကျုပ် ဘယ်လိုလုပ်ရှင်းရမလဲ”

“လိုက်လာရင် ရှင်းသွားပြီပေါ့ဗျ၊ သူနဲ့ဖြစ်ခဲ့တာ ခင်ဗျား မဟုတ်မှန်း သူ သိသွားမှာပေါ့”

“အတင်းစွပ်စွဲနေရင်ကောဗျာ”

“ဒီမှာကိုယ့်ဆရာ ဒီလောက် အပူအပင် မကြီးနဲ့ အဲဒီ အချိန်မှာ ခင်ဗျားဘယ်နေရာမှာ ရှိတယ်ဆိုတာ သက်သေပြရုံပဲ၊ ပြီးတော့ ဒီလိုစွပ်စွဲတိုင်း ရရိုးလားဗျ”

“ပြဿနာဖြစ်လာလို့ ရှင်းရ လင်းရရင်လဲ ကျုပ်အတွက် ကောင်းနိုင်ပါတော့မလား”

“ဟာ.... ကိုယ့်လူရ၊ စစ်မရောက်ခင် မြှားအကုန်ပစ်မနေစမ်း ပါနဲ့၊ ကျုပ်တို့ ဝိုင်းကူရှင်းပေးပါ့မယ်။ လွယ်လွယ်လေးပါ”

“ခင်ဗျားတို့က လွယ်နေ၊ ကျုပ်မှာက ခေါင်းရှုပ်လှပြီ”

“ကိုကြည်သာ.... ခင်ဗျား ဘယ်လဲ ခံစားချင်တဲ့ပုဂ္ဂိုလ်ပဲ။

www.burmeseclassic.com

ခင်ဗျားဆီရောက်လာတဲ့စာဟာ တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက် ဆိုရင် ကောင်မလေးဟာ သနားစရာကောင်းတယ်။ လူလိမ်ကို ရှာရမယ်၊ တရားစွဲရမယ်၊ ထောင်ကျအောင် လုပ်ရမယ်၊ ဒါပဲ။ အဲ.... နောက်တစ်ခုရှိတယ်။ ခင်ဗျားဆီကို လာတဲ့စာဟာ စာ လိမ်ကြီးဆိုရင်တော့ ခင်ဗျား ခေါင်းရှုပ်ခံရတာကလွဲလို့ ဘာ အကြောင်းမှ မထူးဘူး"

"စာလိမ်တော့ မဖြစ်နိုင်ဘူးဗျ။ ရေးထားတာ အပီအသ ကြီးပဲ"

"အေးလေ... အဲဒါဆိုလဲ ဒီရက်ပိုင်းအတွင်း ကောင်မလေး ခင်ဗျားဆီ ရောက်လာမှာပေါ့။ ဒီတော့ ခင်ဗျားမဟုတ်မှန်း သိရင် ပြီးသွားမှာပဲ"

"သူ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့ဗျ"

"ဒါဆိုလဲ ခင်ဗျားပဲ လှည်းကျိုးထမ်းလိုက်ပေါ့"

"ဘာဗျ.... ခင်ဗျား ထမ်းပါလား၊ ခင်ဗျား ယူလိုက် ပါလား"

www.burmeseclassic.com

# ၁၂။

ထွေး၏စာကလေးသည် မောင်ကြည်သာ့အံဆွဲထဲ၌ ချောင်ထိုးထားခြင်း ခံလိုက်ရရှာသည်။ မောင်ကြည်သာလည်း ထိုကိစ္စကို မေ့နိုင်သမျှ မေ့ထားလိုက်ရသည်။

သူနှင့် ဘာမျှမပတ်သက်ခဲ့သော ကိစ္စတစ်ခုကို မောင်ကြည်သာ မည်သို့ ဖြေရှင်းရမည်နည်း။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အလိုလို ရှင်းသွားပါလိမ့်မည်ဟု ဆုံးဖြတ်ထားလိုက်၏။ ထိုသို့ သဘောမထားလျှင်လည်း မည်သို့ပြုရမည်နည်း။

သူလည်း ဘာမျှတတ်နိုင်သည့် ကိစ္စမဟုတ်။

ညက အိပ်ရေးပျက်ထားသဖြင့် နံနက် ကိုးနာရီခန့်မှ နိုးသည်။ ခေါင်းနည်းနည်း အုံနေသည်။

www.burmeseclassic.com

မောင်ကြည်သာသည် အိပ်ရာမှ ရုတ်တရက် မထသေးဘဲ အတွေးကွန်ယက် ဖြန့်နေလိုက်၏။

အနည်းငယ်အိုက်စပ်စပ်ဖြစ်လာသဖြင့် ခေါင်းရင်းတံခါးကို ဖွင့်လိုက်သည်။ အလင်းရောင်သည် စူးရှစွာဝင်လာ၏။ မျက်စိ ကျိန်းစပ်သွားသည်။ မျက်စေ့ အသာပြန်မှေးထားလိုက်သည်။

ဦးနှောက်ထဲတွင် ဘာကိုမျှ ပီပီပြင်ပြင် စိတ်ကူး၍မရ။ ယနေ့ လုပ်ရမည့်အလုပ်များကို စဉ်းစားကြည့်သည်။

ထုံးစံအတိုင်း မဂ္ဂဇင်းတိုက်သို့ သွားရမည်။ စာမူ ဖတ်ရမည်။ မဖတ်ချင်သေးလျှင်လည်း သူ ဖတ်ရမည့် စာမူများကိုယူ၍ ဟိုသွား ဒီသွား လျှောက်သွားနိုင်သည်။ လက်ဖက်ရည်ဆိုင် ထိုင်၊ ထွေရာလေးပါး လျှောက်ပြော၊ ညနေစောင်းတော့ အိမ်ပြန်၊ ညကျ စာရေးချင်ရေး၊ စာဖတ်ချင်ဖတ်၊ စာမူများ ဖတ်ချင်ဖတ်။

လကုန်ခါနီးဖြစ်၍ မဂ္ဂဇင်းကိစ္စ သိပ်အလုပ်မများတော့။ ပုံနှိပ်စက်ဆရာတို့သာ အလုပ်များနေကြမည်။

ရိုက်ပြီး စာဖောင်များချုပ်ရန် ပို့သူပို့နေကြမည်။

နောက်လအတွက် စာမူအချို့ စီစဉ်ပြီးရှိသည်။ သူ့ဘက်က မဂ္ဂဇင်းကိစ္စ တာဝန်ကျေသလောက်ရှိပြီ။ ယနေ့ ဘယ်သွားရ ကောင်းမလဲဟု သူ စဉ်းစားနေပြန်သည်။

လုံးချင်းစာအုပ်ရေးရန် လက်ခံထားသည်မှာ နှစ်လ ကျော်ပြီ။ စာမျက်နှာ နှစ်မျက်နှာလား ရေးရသေးသည်။ ဒီလ အတွင်း လုံးချင်းတစ်အုပ်တော့ ပြီးအောင် ရေးမှဟု တွက်မိသည်။

www.burmeseclassic.com

BURMESE CLASSIC .com

စာဖတ်ပရိသတ်နှင့် အတန်ကြာကြာ ကင်းကွာနေခြင်းသည် မကောင်း။ နှစ်လ သုံးလခြား၍ လုံးချင်းတစ်အုပ်လောက် ထုတ်သင့်သည်။ သို့မှလည်း စားဝတ်နေရေး အဆင်ပြေမည်။ မဂ္ဂဇင်းဝတ္ထုတိုများ၊ ဆောင်းပါးများ ရေးနေရသဖြင့် လုံးချင်းသည် တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေခဲ့၏။

မောင်ကြည်သာသည် မိခင်နှင့် ညီငယ် ညီမငယ်များကို တာဝန်ယူထားရ၏။ ညီ ညီမများ အားလုံးကျောင်းနေကြဆဲ။

သူ့မဂ္ဂဇင်းအယ်ဒီတာ လစာမှာလည်း မဖြစ်စလောက်။ ဝတ္ထုတိုရှည် ဆောင်းပါးကလေးများမှာ စာမူခနှင့် လစဉ်ပါ ပေါင်းပါမှ အိမ်စရိတ်လောက်ငှရုံရှိသည်။

တစ်ခါတစ်ရံ လုံးချင်းဝတ္ထုထွက်လျှင် မြက်မြက်ကလေး ရတတ်သည်။ ထိုငွေထဲမှ အကြွေးဆပ်စရာရှိ ဆပ်၊ အနည်းအကျဉ်းပိုလျှင် စုထားရန် စဉ်းစားသည်။

သို့သော်....

စုသည့်ဆီမရောက်၊ ဘယ်လိုကဘယ်လို ကုန်သွားသည် မသိ။ အပေါင်းအသင်းများနှင့်တွေ့ပြီး စားကြသောက်ကြနှင့် ကုန်သွားသည်။

မောင်ကြည်သာသည် လုံးချင်းဝတ္ထုရှည်ရေးရန် စဉ်းစားမိပြန်သည်။ အိပ်ကပ်ကို ယောင်ယမ်းစမ်းမိ၏။ အိပ်ကပ်ထဲတွင် ကျပ်တန် လေးငါးရွက်ရှိသည်။ ပြီးမှ သူ့ပိုက်ဆံများ ခေါင်းအုံးအောက် ထိုးထည့်ထားသည်ကို သတိရ၏။

www.burmeseclassic.com

BURMESE CLASSIC .com

အိပ်ရာက ထလိုက်သည်။ စားပွဲအံဆွဲထဲမှ လက်ပတ်နာရီကို ထုတ်ကြည့်သည်။

နံနက်ကိုးနာရီခွဲ။

ပြတင်းမှ အပြင်သို့ ကြည့်လိုက်၏။

အိမ်ခေါင်းရင်းမှ သရက်ပင်တွင် ရွက်နုကလေးများ ထွက်နေပြီ ဖြစ်သည်။

ဗန်ဒါပင်ကြီးသည် အိမ်ခေါင်ကိုကျော်၍ အရွက်ဖားဖားများနှင့် ဝေစီနေ၏။

ယမန်နေ့ညက မိုးရွာသေး၏။ မိုးကုန်လုမို့ ရက်ခြားရွာလေ့ရှိ၏။ ရွာလျှင်လည်း သည်းသည်းမည်းမည်း ရွာတတ်သည်။ ညက မိုးကြောင့် မြေပြင်သည် စိုထပ်ထပ်ဖြစ်နေသည်။

မောင်ကြည်သာ မျက်နှာမသစ်သေးပဲ ဆေးပေါ့လိပ်တိုကို မီးညှိဖွာရှိုက်လိုက်သည်။

စာရေးစားပွဲ၌ ထိုင်မိပြန်သည်။

တစ်စုံတစ်ခု ရေးချတ်မည်ကြံ၏။ ခေါင်းထဲက ဘာမျှ ထွက်မလာ။

ဘောလ်ပင်ကို ဖွင့်ပြီးကိုင်လျက် ငိုင်နေမိသည်။ ဘာမျှမရေးဖြစ်။ စာအုပ်ပင် မဖွင့်ဖြစ်။ ဘောလ်ပင်ကို ပြန်ချထားလိုက်သည်။

ဆေးလိပ် မီးသေနေပြီ။ မီးပြန်ညှိ၏။ တစ်ရှိုက် ဖွာလိုက်သည်။

www.burmeseclassic.com

BURMESE CLASSIC .com

ဘယ့်နှယ်က ဘယ့်နှယ် ထွေးဆိုသော မိန်းကလေးကို သတိရမိပြန်သည်မသိ။

ထွေးထံမှ စာလာသည်မှာ နှစ်လနီးပါးရှိပြီ။ ဤအတော အတွင်း နောက်ထပ် ထူးခြားမှုမရှိ။

စာလည်း ထပ်မလာ။ လူလည်း ရောက်မလာ။

သူ့ကိစ္စသူ ရှင်းလိုက်ပြီထင်သည်။ သို့တည်းမဟုတ် ထိုစာသည် စာလိမ်ဖြစ်လိမ့်မည်။ သူ့ကို တစ်ယောက်ယောက်က နောက်ပြောင်ခြင်း ဖြစ်လိမ့်မည်။

ထိုသို့ပင် ဖြစ်ပါစေဟု မောင်ကြည်သာ ဆုတောင်း၏။

အတွေးထဲမှ ဖျောက်ဖျက်ပစ်လိုက်သည်။ ခဏသာရ၏။ ထွေးအကြောင်း သတိရမိလျှင် တွေးလက်စစိတ်ကူးကို တော် တော်နှင့် ဖျောက်၍မရ။ သူနှင့် ဘာမှမပတ်သက်ခဲ့သော်လည်း ထွေး၏အဖြစ်ကို တွေးမိတိုင်း မောင်ကြည်သာ စိတ်မောရသည်။

ထွေးသည် မောင်ကြည်သာ့စိတ်ကူးကို နှောင့်ယှက်လေ့ ရှိ၏။ အခြား အလုပ်များကို စိတ်ဝင်စားနေလျှင် ခဏသာလျှင် မောင်ကြည်သာ ထွေးကို မေ့ထား၍ရသည်။

ထွေးအကြောင်း အတွေးတစ်စရလျှင် တော်တော်နှင့် ဖြတ်၍ မရတော့။

ဆေးပေါ့လိပ်ကို ချလိုက်သည်။ မျက်နှာသုတ်ပဝါကို ပခုံးတွင် တင်၍ ရေတွင်းသို့ ထွက်ခဲ့သည်။

မောင်ကြည်သာတို့အိမ်မှာ ရန်ကုန် ဆင်ခြေဖုံး သင်္ဘန်းကျွန်း

www.burmeseclassic.com

အစွန်ဘက်တွင်ဖြစ်၍ ဝင်းနှင့် ခြံနှင့်နေကြသည်များ၏။ ဝင်းထဲ ခြံထဲ ဟိုနားတစ်အိမ် ဒီနားတစ်အိမ်စု၍ နေကြခြင်း ဖြစ်သည်။

လူနေရပ်ကွက်စိပ်စိပ်မဟုတ်။ အိမ်ချင်းကပ်၍ ဆောက်ထားကြသည် မဟုတ်။ တွင်းရေကို အားထားရသည်။ ဘုံဘိုင်ရေနှင့် အလှမ်းဝေးသည်။

ရေတွင်းတွင် လူမရှိ။ ရေဆွဲပုံးလည်း မရှိတော့။ သူတို့ အရပ်သည် လက်လုပ်လက်စားများသောကြောင့် နံနက် ငါးနာရီ ခြောက်နာရီမှ ကိုးနာရီလောက်အတွင်း ရေခပ်ခြင်း ရေချိုးခြင်းများ ပြုကြပြီး ကိုးနာရီလောက်တွင် အလုပ်အသီးသီးသို့ သွားကြသည်။

မောင်ကြည်သာ အနီးအနား အိမ်တစ်အိမ်မှ ရေပုံးငှား၍ ရေချိုးလိုက်သည်။

သူ့မိခင်က လှမ်းအော်ပြော၏။

"သား ထမင်းစားသွားမယ် မဟုတ်လား"

မောင်ကြည်သာ ခေါင်းညိတ်ပြသည်။ တွင်းရေသည် စိတ်ကို ရွှင်လန်းစေ၏။

www.burmeseclassic.com



မဂ္ဂဇင်းတိုက်သို့ ရောက်သောအခါ သူ့စားပွဲရှေ့တွင် ယောကျ်ားငည့်သည်နှစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။

“ဆရာနဲ့ တွေ့ချင်လို့တဲ့ ဧည့်သည်တွေ ရောက်နေတယ်”

စာမူလက်ခံသော မောင်အေးကျော်က တိုက်သို့ဝင်လျှင်ဝင်ချင်း လှမ်းပြော၏။

မောင်ကြည်သာ သူ့စားပွဲရှေ့၌ ထိုင်နေသော လူနှစ်ယောက်ကို အကဲခတ်လိုက်၏။ နောက်ကျောဘက်မှ မြင်ရသည်။ ဆံပင်တိုတို တိုက်ပုံအင်္ကျီကိုယ်စီနှင့်။ ချည်ချောလုံချည်မီးပူကျများ ဝတ်ထားသည်။ သူတို့ဘေးတွင် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် လက်ဆွဲအိတ်များ ချထားသည်။

နယ်မှ စာပေဟောပြောပွဲအတွက် လာဖိတ်သော ပုဂ္ဂိုလ်

 www.burmeseclassic.com

BURMESE CLASSIC .com

များဟု တွက်လိုက်သည်။

မောင်အေးကျော် အသံကြားသဖြင့် ပုဂ္ဂိုလ်နှစ်ယောက်က လှည့်ကြည့်သည်။ မောင်ကြည်သာနှင့် အကြည့်ချင်းဆုံသွားသည်။ မောင်ကြည်သာ ပြုံးပြ၏။ ထိုပုဂ္ဂိုလ်နှစ်ယောက်သည် မျက်နှာ၌ တစ်စုံတစ်ရာ ပြောင်းလဲမှုဖြစ်သွားပြီး တစ်ယောက်ကို တစ်ယောက်ကြည့်ကြ၏။

မောင်ကြည်သာ သူ့စားပွဲသို့ လျှောက်လာသည်။ ညှိုသည်နှစ်ယောက်က မောင်ကြည်သာ့ကို လိုက်ကြည့်၏။ မောင်ကြည်သာ စားပွဲ၌ ထိုင်ပြီးသောအခါ....

"ဘာကိစ္စများရှိလို့ပါလဲ ခင်ဗျာ၊ ကျွန်တော် ကြည်သာပါ"

ညှိုသည်နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပြန်လှည့်ကြည့်ပြန်၏။ သူတို့၏ မျက်နှာ၌ ဝေခွဲမရသောအသွင် ပေါ်နေ၏။

ကြည်သာ့စိတ်ထဲ၌လည်း ထင့်ခနဲဖြစ်မိ၏။

"ကျွန်တော် ဘာအကူအညီပေးရမလဲခင်ဗျ။ အကြောင်းကိစ္စရှိရင် ပြောပါ"

ညှိုသည်နှစ်ယောက် တစ်စုံတစ်ရာ တိုင်ပင်သကဲ့သို့ တစ်ယောက်ကိုတစ်ယောက် မျက်လုံးဖြင့် စကားပြောပြန်၏။ မောင်ကြည်သာ စိတ်အိုက်လာ၏။ အနေရ ကျဉ်းကျပ်သလို ဖြစ်လာသည်။ သက်ပြင်း မသိမသာ မှုတ်မိ၏။ စက္ကန့်အနည်းငယ်ကြာမှ ညှိုသည်နှစ်ယောက်အနက် အသက် နည်းနည်း ပိုကြီးပုံ

www.burmeseclassic.com

BURMESE CLASSIC .com

ရသူက စပြောသည်။

"ဒီက ဆရာက စာရေးဆရာ ကိုကြည်သာ ဟုတ်ပါတယ်နော် ...."

မောင်ကြည်သာ စိတ်ညစ်သွားသည်။သူ့ကို မောင်ကြည်သာ ဟုတ်မဟုတ် ထပ်မေးနေပြန်ပြီ။

"ဟုတ်ပါတယ်၊ ကျွန်တော် စာရေးဆရာ မောင်ကြည်သာပါ။ ဘာဖြစ်လို့လဲ"

မောင်ကြည်သာ့လေသံ အနည်းငယ် မာသယောင်ရှိ၏။

"သြော်.... ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့ ဆရာနဲ့တွေ့ချင်လို့ပါ"

ဧည့်သည်က တောင်းပန်သံဖြင့် ပြော၏။

"ဟုတ်ပါပြီလေ။ အဲဒီတော့ ကျွန်တော် ဘာအကူအညီပေးရမလဲ"

ဧည့်သည်သည် ဘာဆက်ပြောရမှန်း မသိသကဲ့သို့ဖြစ်သွားလေ၏။

"ဘာရယ်လို့ မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့ ဆရာနဲ့တွေ့ချင်လို့ လာတာပါ။ ကျွန်တော်တို့က ဆရာ့ပရိသတ်ပါ"

"သြော်.... ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ နယ်က လာကြတယ်နဲ့ တူပါရဲ့"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ ငဖဲကပါ"

မောင်ကြည်သာ့စိတ်ထဲတွင် ချက်ခနဲ နားလည်လိုက်

www.burmeseclassic.com
BURMESE CLASSIC .com

သလို ရှိ၏။ နံနက်ကပင် ထွေးအကြောင်း အဆက်အစပ်မရှိ တွေးမိသေးသည်။ ပြီး.... ငဖဲဆိုသော မြို့ကလေးသည် ရောဝတီ အနောက်ဘက်ကမ်း မင်းကွန်းမှတစ်ဆင့် အနောက်ရိုးမတောင်သို့ သွားသော မော်တော်ကားလမ်းဆုံး မန်းချောင်းဖျားက မြို့ကလေး တစ်မြို့ဖြစ်သည်။

ထွေးနှင့် ပတ်သက်နိုင်သည်။

သို့သော် မောင်ကြည်သာ စကားစ ဖော်မပေးရဲ။

သူနှင့်မဆိုင်သော်လည်း ဘာကြောင့်မှန်းမသိ စိတ် လှုပ်ရှားနေ၏။

ညှို့သည်နှစ်ယောက်လည်း နှုတ်ဆိတ်နေကြပြန်၏။ မောင်ကြည်သာ တိတ်ဆိတ်ခြင်းဒဏ်ကို မခံနိုင်။

မောင်ကြည်သာကပင် စကားစရ၏။

"ငဖဲဆိုတာ ဟို ပဒိန်းငဖဲကို ပြောတာ မဟုတ်လား၊ အနောက်ဘက်ကမ်းကလေ...."

"ဟုတ်ပါတယ်ခင်ဗျ"

"အဲဒီဘက်မှာ ချင်းတွေရှိတယ်နော်"

"ဟုတ်ကဲ့ခင်ဗျ"

"ကဲ.... ဆိုပါဦး၊ လာရင်းကိစ္စ"

ညှို့သည်နှစ်ယောက်အနက် အနည်းငယ် အသက်ကြီး သူကသာ စကား ပြန်ပြောနေ၏။ ငယ်သူတစ်ယောက်ကမူ ရေငုံ နှုတ်ပိတ်လျက် တစဉ်းစားတည်း စဉ်းစားနေသည်။ ညှို့သည်

www.burmeseclassic.com

BURMESE CLASSIC .com

အကြီးပင် စကားစပြန်သည်။

“ဆရာနဲ့ တွေ့ချင်လို့ပါပဲ”

“ကိစ္စ အထွေအထူး မရှိဘူးပေါ့”

“ဟုတ်ကဲ့ မရှိပါဘူး။ ဆရာနဲ့ တွေ့ရုံသက်သက်ပါပဲ။ ကျွန်တော်တို့က ဆရာ့ စာဖတ်ပရိသတ်ပါ။ ဒါကြောင့်ပါ”

ညီ့သည်၏ စကားနောက်ကွယ်၌ တစ်စုံတစ်ရာ လျှို့ဝှက်ချက်ရှိသည်ဟု ထင်ရ၏။

ရှိပါသည်။ ညီ့သည်အကြီးသည် ကိုခင်ရွှေဖြစ်ပြီး၊ ညီ့သည်အငယ်သည် မောင်အောင်ခံဖြစ်၏။

ထွေး၏ကိစ္စအတွက် လာကြခြင်းဖြစ်သည်။ လာရင်းတွင် သူတို့၌ အကြံရှိ၏။ စာရေးဆရာ မောင်ကြည်သာဆိုသူ သူတို့ထံ လာစဉ်က ထွေးနှင့် ငြိစွန်းခဲ့သည်။ ကြောရရုံကြံပြီး ထွက်ပြေးသွားသည်။

ဤသည်ကို စောစောကပင် ကိုခင်ရွှေက ရိပ်မိခဲ့သည့် အတွက် ထွေး၏မိခင်ကို တိုးတိုးတိတ်တိတ်ပြောပြသည်။

ထွေး၏ မိခင်သည် ရိုးသားသော အမျိုးသမီးကြီးဖြစ်၍ ဖြောင့်ပင်ဖွင့်မေး၏။ မောင်ကြည်သာက ဝန်ခံသည်။ ပြန်လာပါမည်ဟု ကတိကဝတ်ပြုသွားသည်။ ပြန်မလာ။

ထွေးတွင် မဖုံးနိုင်မဖိနိုင် ဖြစ်လာသောအခါမှ မျက်လုံးပြူးကြရတော့သည်။ သည်တော့ မောင်ကြည်သာ့ကို စုံစမ်းရတော့၏။ မဂ္ဂဇင်း၊ ဂျာနယ်များ၌ လိပ်စာရှာရသည်။

www.burmeseclassic.com

မောင်ကြည်သာ ဆိုသူသည် လိပ်စာပေးခဲ့ပါသေး၏။ ထိုလိပ်စာနှင့် စာထည့်ကြသည်။

“ဆရာကိုကြည်သာ အမြန်ပြန်လာပါ။ ထွေးမျှော်နေသည်”

သို့သော်....

ထိုစာသည် ဘယ်ရောက်၍ ဘယ်ပေါက်သည် မသိ။ ပြန်စာလည်း မလာ၊ လူလည်း ရောက်မလာ။

ကိုခင်ရွှေတစ်ယောက်လည်း ရန်ကုန် ဆင်းလာခဲ့သည်။ ရွှေသဥ္စာ မဂ္ဂဇင်းတိုက်သို့ ရောက်ခဲ့သေး၏။ မောင်ကြည်သာ ခရီးထွက်နေခိုက်ဖြစ်သဖြင့် ပြန်သွားခဲ့ရသည်။

ထို့နောက်တွင်ကား....

www.burmeseclassic.com

## ၁၆

ထွေး အိမ်တွင်းပုန်းဖြစ်နေပြီ၊ အဖြစ်အပျက်ကို တစ်မြို့လုံး တစ်ရပ်လုံး သိ၏။ မြို့က ကျဉ်းကျဉ်းကလေးမို့ တောင်ဖျားက အဖြစ်ကို မြောက်ဖျားက နေ့မကူးမီ သိကြ၏။

မောင်အောင်ဖိ အခံရခက်နေသည်မှာ ကြာပြီ။ ထွေးနှင့် သူနှင့် စာရည်းစား ဖြစ်ခဲ့ကြသည်။ အောင်ဖိသည် ထွေးကို နှစ်နှစ်ကာကာချစ်၏။ ငယ်ငယ်ကတည်းက နှမကလေးတစ်ယောက်လို ယုယခဲ့ရသည်မို့ အလိုလိုက် ဖွင့်ဖော်ပြီး ချစ်ခဲ့သည်။ ထွေးကလည်း သူ့ကိုချစ်ကြောင်း အဖြေပေးခဲ့ပြီးပြီ။ ဤသည့်ကြားတွင်မှ မောင်ကြည်သာဆိုသော စာရေးဆရာက ဝင်နှောက်သည်။ ကိုခင်ရွှေ ရထားပေါ်တွင် အသိမိတ်ဆွေဖြစ်ခဲ့ပြီး သူတို့ မြို့အထိ လိုက်လာသည်။

www.burmeseclassic.com

ကိုခင်မွှေ အဆိုအရ ရန်ကုန်၊ ပြည် အမြန်ရထားပေါ်တွင် မောင်ကြည်သာနှင့် တွေ့၏။ တွေ့ပုံမှာ သိပ်မဆန်း။ တစ်ခုံတည်း နှစ်ယောက်တွဲကျသည်။ မောင်ကြည်သာဆိုသူ၌ စာအုပ်များ ပါလာသည်။

မဂ္ဂဇင်းတစ်စောင်ကို ကိုခင်မွှေ ယူဖတ်သည်။ မျက်နှာဖုံး၌ 'ဆရာ မောင်ကြည်သာသို့ မေတ္တာလက်ဆောင်' ဟူသော စာတန်းကို တွေ့ရသည်။

မောင်ကြည်သာ၏ ဝတ္ထုများကို ကိုခင်မွှေ နှစ်သက်ခဲ့သည်။ ထို့ကြောင့် ကိုခင်မွှေကပင် စတင်နှုတ်ဆက်၏။

"စာရေးဆရာ ကိုကြည်သာဆိုတာ ဆရာပါလားခင်ဗျာ"

ထိုသူသည် ခေတ္တအန်းနေပြီးမှ ရုတ်ခြည်းသဘောပေါက်လိုက်ဟန်ဖြင့် ချော်လဲရောထိုင်၍ "ဟုတ်ပါတယ်၊ ကျွန်တော် မောင်ကြည်သာပါ" ဟု ဆိုသည်။

ဤမှစ၍ ကိုခင်မွှေနှင့် အသိမိတ်ဆွေဖြစ်ပြီး မောင်ကြည်သာဆိုသူက ခြေဦးတည့်ရာ ထွက်လာကြောင်း၊ စာရေးရန်၊ ဇာတ်လမ်းဇာတ်ကွက်ရှာရန် ဖြစ်ကြောင်း၊ ငဖဲဘက်သို့ မရောက်ဖူးကြောင်း၊ ဒေသန္တရ ဗဟုသုတရှာရန် လိုက်ခဲ့မည်ဖြစ်ကြောင်းနှင့် စပြီး ငဖဲသို့ မောင်ကြည်သာဆိုသူ ရောက်ခဲ့လေသည်။

အမှန်မှာ ထိုသူသည် ရန်ကုန်မှ လိမ်လည်မှုဖြင့် ထွက်ပြေးတိမ်းရှောင်လာခဲ့ခြင်းဖြစ်သည်။ နေရာအနှံ့သွားပြီး နည်းမျိုးစုံဖြင့် လိမ်လည်စားသောက်နေသူသာ ဖြစ်သည်။

www.burmeseclassic.com

မဂ္ဂဇင်းစာအုပ်သည်လည်း စာရေးနေကျွတ်ပါသူမို့ မနေနိုင်မထိုင်နိုင် မဂ္ဂဇင်းတိုက်တစ်တိုက်မှ 'ဖြောင်' ခဲ့ခြင်း ဖြစ်သည်။

ထိုမောင်ကြည်သာ ဆိုသူသည် ထွေးကို အညွန့်ချိုးခဲ့၏။ မောင်အောင်ဖုံ ရင်၌မချိပါ။ ထွေးကို နှစ်ယောက်ချင်း တွေ့နိုင်ရန် ကြိုးစား၏။ တွေ့ခွင့်ရပါသည်။

ထွေးကို လက်ထပ်ခွင့် တောင်းသည်။ အောင်ဖုံ အရဲစွန့်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ရပ်သိရွာသိ ပြဿနာကို အောင်ဖုံ ရင်ဆိုင်ဖြေရှင်းချင်လာသည်။

ထွေးကို သနားသည်လည်းပါ၏။ ထွေးက လက်မခံ။

ကိုခင်ရွှေက နားချသည်။ မရ။

နောက်ဆုံး မောင်ကြည်သာ ရှာပုံတော်ဖွင့်ရတော့၏။

အောင်ဖုံအိတ်ကပ်၌ ဓားမြှောင်ပါလာခဲ့သည်။

မောင်ကြည်သာကိုတွေ့လျှင် နည်းနှစ်နည်းနှင့် ရှင်းရမည်။ ပထမနည်းမှာ ထွေးကို အေးအေးဆေးဆေး လက်ထပ်ရန်၊ အကယ်၍ ဇနီးမယား ရှိပြီးသားဆိုလျှင်လည်း ပြဿနာကို ဖြေရှင်းပေးရန်။ လုံးဝငြင်းပယ်လျှင်မူ ဓားနှင့်ရှင်းရန်။

သို့ရာတွင် မောင်ကြည်သာကို တွေ့လိုက်ရသောအခါ သူတို့ နှစ်ယောက်စလုံး မောသွားကြရသည်။ သူတို့၏ မျှော်လင့်ချက်မှန်သမျှ ကုန်ဆုံးခဲ့ရသည်။ စီစဉ်လာခဲ့သမျှလည်း ပျက်ကုန်ရသည်။

သူတို့ တွေ့ခဲ့ သိခဲ့သော စာရေးဆရာ မောင်ကြည်သာ

www.burmeseclassic.com

ဆိုသူနှင့် ယခု တွေ့နေရသော စာရေးဆရာ မောင်ကြည်သာသည် အသွင်အပြင်ခြင်း လုံးဝကွဲပြားခြားနားနေသည်။

သူတို့သိသည့် မောင်ကြည်သာသည် ရုပ်ချော အပြောကောင်း၊ ယခုတွေ့နေရသည့် မောင်ကြည်သာသည် ရုပ်မချော၊ အပြောလည်း စီကာပတ်ကုံး မရှိ။

www.burmeseclassic.com

# ဋ္ဌောထ်

ရှေ့၌ လာချပေးထားသော လက်ဖက်ရည် ပန်းကန်များကို ကြည့်လျက် အောင်ဖုံ တွေဝေနေသည်။

"သောက်လိုက်ပါဦးဗျာ၊ အေးကုန်မယ်"

မောင်ကြည်သာက လက်ဖက်ရည်ပန်းကန်များ ရှေ့တိုး ပေးရန် ပြောလိုက်သည်။

ကိုခင်ရွှေနှင့်အောင်ဖုံသည် သံပတ်ပေးထားသော စက်ရုပ် များသဖွယ် လက်ဖက်ရည်ကို ပြိုင်တူလို ယူသောက်လိုက်ကြ၏။

အခြေအနေသည် ပျင်းတွဲကြီး ဖြစ်နေ၏။ စာရေးဆရာနှင့် သူ့စာဖတ်ပရိသတ်တို့ တွေ့ဆုံ နှီးနှောနေခြင်းနှင့်မတူ။ မောင်ကြည် သာသည် ထွေးကိစ္စနှင့်ပတ်သက်ပြီး သူတို့ကို မေးရန် စကားစ

www.burmeseclassic.com

ရှာ၍ မရ။ သူတို့နှင့် ပတ်သက်သည့် မပတ်သက်သည်လည်း တိတိကျကျ မသိရသေး။ ကိုခင်ရွှေသည် အခြေအနေကို နားလည်၏။ သူတို့ပြန်မှ သင့်တော်မည်။

"ကျွန်တော်တို့ ဆရာနဲ့ တွေ့ရရုံ လာခဲ့တာပါဆရာ။ အလုပ်ပျက်နေပါ့မယ်။ ကျွန်တော်တို့ကို ခွင့်ပြုပါဦးဆရာ"

ပြောပြောဆိုဆိုပင် မတ်တတ်ထရပ်လိုက်၏။

မောင်ကြည်သာလည်း ရောယောင်ရပ်လိုက်ပြီး....

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ နောက် ရောက်ရင်လဲ ဝင်ပါ"

"ဟုတ်ကဲ့ ဆရာ"

ညွှန့်သည်နှစ်ယောက် ထွက်သွားကြသည်။

မောင်ကြည်သာ တွေဝေလျက် ကျန်ခဲ့သည်။ သူ့စိတ်ထဲတွင် မရှင်းမလင်း ဖြစ်နေသည်။ ညွှန့်သည်နှစ်ယောက်တွင် အခြား လျှို့ဝှက်ချက်တစ်ခုရှိမည်ဟု သူ ယုံကြည်လိုက်၏။

ရှိလည်း ရှိသည်ပင်။

အောင်ဖနှင့် ကိုခင်ရွှေသည် တစ်ယောက်နှင့် တစ်ယောက် စကားမပြောဖြစ်ပဲ လျှောက်လာကြ၏။ အတန်ကြာမှ ကိုခင်ရွှေက စကားစသည်။

"ဘယ့်နှယ်လုပ်မလဲ"

"ကျုပ်လဲ မပြောတတ်တော့ဘူးဗျာ။ ဒီအတိုင်းဆိုရင်ဖြင့် ဟို ကျုပ်တို့ဆီရောက်လာတဲ့ စာရေးဆရာဆိုတာ အတုကြီးပေါ့"

"အေးပေါ့၊ ဒါပဲ ဖြစ်နိုင်တာပဲ"

www.burmeseclassic.com


“ကျုပ်တော့ ဘယ်လိုပြောရမလဲ မသိတော့ဘူးဗျာ”

“ဒီအတိုင်း ပြန်ပြောရုံပေါ့ကွာ”

■

ထွေး မျက်ရည်စက်လက်ဖြင့် နားထောင်နေသည်။ ကိုခင်ရွှေက ထွေးကို မကြည့်ဘဲ အဝေးကိုမျှော်ရင်း ပြောနေသည်။

“ထွေးရေ၊ ဘဝဝဋ်ကြွေးလို့ပဲ မှတ်လိုက်ပါတော့ကွာ။ ငါတို့ နင့်ကို အပြစ်မတင်ရက်ပါဘူး။ နင့်အသက်အရွယ်နဲ့ ရူးရူး မိုက်မိုက် ဖြစ်ခဲ့ရတာလို့ပဲ သဘောထားလိုက်ပါ့မယ်။ အေး၊ ဖြစ်သမျှ အကြောင်းပေါ့ကွာ။ တစ်ခုရှိတယ်။ ခု အဖြစ်အပျက်ကို မေ့ပစ်ဖို့ မကြိုးစားနဲ့၊ ရင်ဆိုင်ဖို့ပဲ ကြိုးစား၊ တကယ်တော့ကွာ ရှက်ရမှာက ညည်းမဟုတ်ဘူး။ အဲ ဟိုကောင် လူလိမ်”

ဤသို့နှင့် ထွေး၏ ဘဝတစ်ဆစ်ချိုးသည် အကွေ့အချိုး ကြီးလှပစွာ ဖြစ်ခဲ့ရသည်။ ထွေး မငိုတော့ပါ။ ငိုရလွန်း၍ ထုံသွား ခဲ့ပြီ။ ထွေး ဖြစ်သမျှကို ရင်ဆိုင်ဖြေရှင်းရန်သာ ကြိုးစား ရတော့၏။

■■

www.burmeseclassic.com

www.burmeseclassic.com

## ရှစ်

နေပူလှသည်။ ရိုးပြတ်များ အတိပြီးသော လယ်ကွင်းပြင်သည် ညိုရော်သော အဆင်းရှိ၏။ တပြန့်တပြူး မြင်နေရသော လယ်ကွင်းပြင်ကို ကြည့်၍ မောင်ကြည်သာ ကြည်နူးမိသည်။ လယ်ကွင်းမည်သည် စိမ်းစိုနေလျှင်လည်း လှပ၏။ ရိုးပြတ်များ အတိပြီး၍ ခြောက်သွေ့နေလျှင်လည်း လှပ၏။ မြေကျစ်ပပ်ကြား အက်များ ပေါ်နေလျှင်လည်း လှပ၏။ လယ်မြေယာမြေကို ချစ်တတ်သူတို့အဖို့ လယ်ကွင်းပြင်သည် အခါခပ်သိမ်း လှပနေတတ်မြဲဖြစ်၏။

နံနက် ကိုးနာရီခန့်သာ ရှိသေးသော်လည်း တပေါင်းနေသည် ပူပြင်းလာပြီဖြစ်၏။ လေက မပူသေး၍ တော်သေးသည်။

မောင်ကြည်သာသည် ကားလမ်းဘေး ဝဲယာရှိ ရိုးပြတ်

www.burmeseclassic.com

တောတို့ကို ကြည့်ရင်း စိတ်ကူး ဖြန့်လျက်ရှိသည်။

သူသည် အငှားဂျစ်ကားတစ်စင်းနှင့် မြို့ပြင်ဘက် ထွက်လာခဲ့ခြင်းဖြစ်သည်။ သူ့ဝတ္ထုတစ်ပုဒ်အတွက် ကွင်းဆင်းခြင်း ဖြစ်သည်။ မောင်ကြည်သာသည် တောသားဖြစ်၏။ တောကို ချစ်ခင်ရင်းစွဲ ရှိခဲ့သည်။ ယခု သူ လယ်တောကို အခြေခံလျက် ဝတ္ထုတစ်ပုဒ် ရေးနေသည်။

မောင်ကြည်သာ၌ အကျင့်တစ်ခုရှိသည်။ သူရေးသော ဝတ္ထု၏ နောက်ခံဒေသကို ကိုယ်တိုင် သွားရောက်လေ့လာလေ့ ရှိ၏။ အနည်းဆုံး တစ်ခေါက်နှစ်ခေါက်တော့ ရောက်အောင် သွား၏။

နောက်ခံဒေသ၏ အငွေ့အသက်ကို ရအောင်ယူ၏။ ပြီးမှ သူ့ဝတ္ထုကို ခြယ်မှုန်း၏။

ယခုလည်း လယ်တောကွင်းပြင်ကို ထွက်လာခဲ့၍ တတ်နိုင်သမျှ လယ်တော၏ အငွေ့အသက်ကို ရှူရှိုက်နေခြင်း ဖြစ်သည်။ သူ့စိတ်သည် လန်းဆန်းလျက်ရှိ၏။

ငယ်စဉ် ရွာတွင် နေရစဉ်ကကဲ့သို့ ငယ်ဘဝကို ပြန်လည် သတိရမိ၏။ လယ်ကွင်းထဲက ချောင်းကြိုမြောင်းကြားတွင် ငါးသေးငါးမွှားများ ဖမ်းခဲ့ခြင်းကို သတိရ၏။ ဘုရားပွဲမှ တရုတ် ခေါက်ဆွဲကြော်ကိုပင် သတိရမိ၏။

သက်န်းကျွန်းအလွန် ငမိုးရိပ်တံတားအနီးမှ သောက် ခဲ့သော လက်ဖက်ရည်တစ်ခွက်သည် လေးထောင့်ကန်အနီး

www.burmeseclassic.com

BURMESE CLASSIC .com

ရောက်သောအခါ ကုန်လေပြီ။ ဆာလောင်စပြုလာ၏။

"လေးထောင့်ကန် ရောက်ရင် လက်ဖက်ရည်လေး ဘာလေး သောက်ရအောင်ဗျာ"

ကားမောင်းသူကို လှမ်းပြောလိုက်၏။

ကားဆရာသည် ဘာမျှပြန်မပြောဘဲ ခေါင်းညိတ်လိုက်၏။ ရှေ့တွင် လေးထောင့်ကန်ရွာကို မြင်နေရပြီ။ ရွာအဝင်မှ ဆန်စက်သည် မီးခိုးတလူလူ ထုတ်နေ၏။

ဆန်စက်နှင့် မျက်နှာချင်းဆိုင်လောက်တွင် မြေလမ်းမ တစ်ခုကို တွေ့ရ၏။ မော်တော်ကားသည် လေးထောင့်ကန်ရွာ ဘက်သို့ တစ်ဆစ်ချိုးဖြစ်ပြီး မြေနီလမ်းသည် မော်တော်ကားလမ်းသို့ ဦးတိုက်ထား၏။

မြေနီလမ်းဘေးတွင် တဲငယ်များ အစီအရီရှိ၏။ မြေစိုက် တဲကလေးများ ဖြစ်သည်။ ခနီမိုးတို့သည် ကျိုးတိကျိုးကျဲ၊ ထရံ များသည်လည်း ပေါက်ပြဲလျက်။

အကြော်ဆိုင် တဲကလေးတစ်တဲကို လှမ်းတွေ့ရသည်။

အကြော်တဲကလေးသည် ယိုင်နဲ့နဲ့ဖြစ်၏။

"အဲ ဟို အကြော်တဲကလေးဆီ မောင်းဗျာ၊ အကြော် စားရအောင်"

အကြော်တဲရှေ့၌ ကားရပ်လိုက်သောအခါ ဖုန်တထောင်း ထောင်း ထသွား၏။

မောင်ကြည်သာ ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း အကြော်

www.burmeseclassic.com
BURMESE CLASSIC .com

တဲထဲမှ မိန်းကလေးကို ဂရုပြုမိသည်။ ရောင်းသူ ဟုတ်ဟန်မတူ၊ အကြော်ဝင်စားသူ ခရီးသွားဖြစ်ဟန်ရှိ၏။ မိန်းကလေး၏ဘေးတွင် ယောကျ်ားတစ်ယောက် တွေ့ရ၏။ မောင်ကြည်သာသည် မိန်းကလေးကို အလျင် ဂရုပြုမိပြီးမှ ယောကျ်ားကို အာရုံထားမိသည်။ ရိုင်းစိုင်းသွားမည်စိုးသဖြင့် ခဏသာကြည့်ပြီး မျက်နှာလွှဲ၏။

ကြည့်မိလိုက်စဉ် တစ်ခဏ၌ သူသည် ထိုယောကျ်ားအား တွေ့ဖူးသလို သိဖူးသလို ထင်လိုက်၏။ အကြော်တဲ၏ ခနော်ခနဲ့နဲ့ ခုံကလေးများပေါ် ထိုင်လိုက်သည်။ လေးထောင့် စားပွဲကလေးသည် ဆီရောင်ဖြင့် ညစ်နေ၏။

ကလေးတစ်ယောက် စားပွဲပေါ်မှ ကြက်သွန်ဖတ်အစအနများကို သုတ်ပေးသည်။ ကလေး၏ အဝတ်အစားများလည်း ညစ်နေ၏။ အရောင်အဆင်းမပေါ်။ အကြော်မှာလိုက်သည်။

မိန်းကလေးထံ အာရုံရောက်သွားပြန်သည်။ သူ့ရှေ့တွင် လမ်းမဘက် မျက်နှာမူ၍ ထိုင်နေသည်။ မောပန်းနွမ်းနယ်နေပုံရသည်။ မျက်ကွင်းညိုနေသည်။ မျက်လုံးမျက်ဖန်ကောင်းသည်။ မျက်ဝန်းသည် ကျယ်၏။ မျက်ခုံးတန်းတန်းကလေး ဖြစ်သည်။ သို့သော် သူ့မျက်ဝန်းအစုံသည် ညှိုးရော်နေ၏။ နှာတံစင်းသည်။ နှုတ်ခမ်းထူသယောင်ရှိ၏။

မိန်းကလေးဘေးမှ ယောကျ်ားသည် မောင်ကြည်သာ့ကို ကြည့်နေ၏။ မောင်ကြည်သာနှင့် အကြည့်ချင်း ဆုံသည်။

www.burmeseclassic.com
BURMESE CLASSIC .com

မောင်ကြည်သာ ပြုံးပြမိသည်။ သူနှင့် တွေ့ဖူးသည်။ ဘယ်နေရာ ဘယ်အချိန်၊ ဘယ်ကဲ့သို့၊ ဘယ်သူ စသည်ဖြင့် မသိ။ သို့သော် မောင်ကြည်သာအနေဖြင့် ပြုံးပြရပေမည်။ သူ့ကိုသိသူ၊ တစ်ခါက ဆုံဖူးသူ၊ အကူအညီပေးဖူးသူ၊ သို့မဟုတ် သူ့စာဖတ် ပရိသတ် တစ်ယောက်ယောက် ဖြစ်နိုင်သည်။

ထိုလူကလည်း ပြန်၍ ပြုံးသည်။

"နေကောင်းလား ဆရာ"

သူက နှုတ်ဆက်သည်။

"ဟုတ်ကဲ့.... ကောင်းပါတယ်"

မောင်ကြည်သာ အလိုက်သင့်ပြန်ဖြေပြီး၊

"ဘယ်သွားကြမလို့လဲ"

"ကျွန်တော်တို့ ငဖဲ ပြန်မလို့ပါ"

မောင်ကြည်သာ ဦးနှောက်ထဲတွင် အသိဉာဏ်တစ်ခု လက်ခနဲ ဖြစ်သွားသည်။ ငဖဲ၊ ပြီးတော့ ထွေး။

မိန်းကလေးကို ဂရုတစိုက် ကြည့်မိ၏။ အသားညိုချော ကလေးဖြစ်သည်။ လည်ပင်းတွင် နနွင်းရောင်လွှဲလွှဲကို တွေ့ရ၏။

ထိုအခါမှ မောင်ကြည်သာသည် မိန်းကလေးဘေး၌ ချထားသော ဝိတ်ဖြူနှင့်ထုပ်ထားသည့် ကလေးငယ်ကို ဂရုပြုမိ တော့သည်။

"ကလေးငယ်လေးနဲ့ ညှော်နံ့ဗျာ" ဟု ပြောမိသည်။ အဘယ်ကြောင့် ထိုသို့ လွှတ်ခနဲ ပြောလိုက်မိသည် မသိ။ အမှန်က

www.burmeseclassic.com
BURMESE CLASSIC .com

သူ့စိတ်လှုပ်ရှားသွားသည်ကို လှည့်စားရင်း ပြောမိပြောရာ ပြောလိုက်ခြင်းပင်ဖြစ်သည်။

“အကြော်ဖိုက မီးသတ်ပြီးပါပြီ ဆရာ” ဟု ဖြေသည်။

မိန်းကလေးသည် မောင်ကြည်သာ့ကို လှည့်ကြည့်၏။ ထို့နောက် ယောကျ်ားကို ကြည့်ပြန်၏။ ယောကျ်ားသည် တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ တွေဝေသွားသည်။ ထိုအမူအရာကို မောင်ကြည်သာ မှတ်မိသည်။ သူ့ထံ ငဖဲမှဆိုသော လူနှစ်ယောက် လာဖူးသည်။ ထိုစဉ်က သူ့ကို တွေ့လိုက်ရသောအခါ ထိုသူသည် ယခုကဲ့သို့ပင် တွေဝေသွားဖူး၏။

“ကျွန်တော့်နာမည် ခင်ရွှေပါဆရာ၊ ဆရာ့ဆီ တစ်ခါက ရောက်ဖူးပါတယ်”

သေချာသွားပြီ။

မောင်ကြည်သာ စိတ်ထဲ၌ မရှင်းမလင်းဖြစ်နေသည်များ အားလုံး ရှင်းလင်းသွားသည်။ ကိုခင်ရွှေဟူသော အမည်ကို သူ ရင်းနှီးခဲ့၏။ ယခင်တစ်ခေါက်လာစဉ်က နာမည်မသိခဲ့ရ။ ယခုမှ သိရသည်။ ယခင်က သိခဲ့ရလျှင် ယခင်တစ်ခါကတည်းက ရှင်းခဲ့မည်။

“ဟုတ်သားပဲ ကျွန်တော် မေ့နေလို့”

ကိုခင်ရွှေသည် မိန်းကလေးဘက်လှည့်၍ လျော့ရဲရဲ ပြုံးရင်း ပြောလိုက်သည်။

“အဲဒါ ဆရာ ကိုကြည်သာပေါ့ထွေး”

www.burmeseclassic.com


'ထွေး'၊ ထွေးတဲ့။ မောင်ကြည်သာ ရင်ထဲ၌ နင့်ခနဲ ဖြစ်သွားသည်။

"ကျွန်တော့်ဇနီးပါဆရာ၊ မထွေးမေတဲ့"

မောင်ကြည်သာ ထွေးကို ဂရုတစိုက်ကြည့်သည်။ ထွေးကလည်း ဝန်းဝိုင်းသောမျက်လုံးများဖြင့် ပြန်ကြည့်နေသည်။

ယခုမှ ထွေး၏အလှကို မောင်ကြည်သာ မြင်သွား၏။ ရိုးသား သန့်စင်သောအလှ။ လယ်တောနှင့်တူသော အလှ။ စိမ်းလန်းသည်ဖြစ်စေ၊ ရိုးပြတ် အတိပြီးသည်ဖြစ်စေ၊ ပေါက်ကြား အက်တို့နှင့် ခြောက်သွေ့နေသည်ဖြစ်စေ၊ သူ့ရာသီနှင့်သူ အမြဲ လှနေသော တောအလှ။ သန့်ရှင်းစင်ကြယ်သော အလှ။

ထွေး၏ ဝန်းဝိုင်းသော မျက်လုံးအစုံတွင် မျက်ရည်ဥများ လဲ့လာ၏။ သူ လေးစားသော စာရေးဆရာ၊ သူချစ်သော စာရေးဆရာ။ တကယ်တမ်း တွေ့ခဲ့ချစ်ခဲ့မိသူသည် သူ တကယ် လေးစားချစ်ကြည်ညိုသော မောင်ကြည်သာမဟုတ်ခဲ့။ ထွေးရင်း ရင်နင့်မိသည်။ တလှိုက်လှိုက်ဖြစ်လာသည်။ ထိန်းထားရသော မျက်ရည်တို့ဖြင့် ထွေး မွှန်းကျပ်နစ်နဲ့စွာ ခံစားရသည်။ အံကလေး ကြိတ်မိသည်။

သူ့အဖြစ်က ဆိုးလှသည်။ လက်စားချေရန် စဉ်းစား၍ မရ။ မည်သူ့ကိုလိုက်၍ လက်စားချေရမည်နည်း။ အယုတ်တမာ ကောင် ဘယ်ရောက်နေပြီမသိ။ သူ့ကိုယ်သူသာ အပြစ်ဖို့မိ တော့သည်။

www.burmeseclassic.com
BURMESE CLASSIC .com

မောင်ကြည်သာလည်း တွေဝေ မိန်းမောခြင်းသာ တတ်နိုင်၏။ သူ့ဆီကို ထွေး၏ စာကလေးတစ်စောင် ရောက်လာခဲ့ကြောင်း ပြောပြသင့်၊ မသင့် စဉ်းစားသည်။ မပြောသင့်ဟု ဆုံးဖြတ်သည်။ မျက်နှာလွှဲလိုက်ရသည်။

ကိုခင်ရွှေလည်း အနေရကျပ်လာ၏။ သူတို့၏ အဖြစ်အပျက်ကို ဆရာ ကိုကြည်သာအား ပြောပြရ ကောင်းနိုး၊ မကောင်းနိုး တွေးနေရ၏။

အောင်ဖိုးက ထွေးကို လက်ထပ်ခွင့်တောင်းပုံ။ ထွေးက ခါးခါးသီးသီး ငြင်းပယ်ခဲ့ပုံ။ ထွေး အစာရေစာပြတ်ပြီး အိပ်ရာထဲ လဲခဲ့ပုံ။ ငဖဲတွင် လုံးဝမနေချင်ကြောင်း ပြောခဲ့ပုံ။ ထို့နောက် ကိုခင်ရွှေက သူ့မိဘများရှိရာ လေးထောင့်ကန်နားက မအူကျေးရွာသို့ ခေါ်လာခဲ့ပုံ။ အနေနီးပြီး ကရုဏာသက်မိရာကအစ ထွေးကို လက်ထပ်ခဲ့ပုံ။ ယခု မီးဖွားသန့်စင်ပြီး၍ ပြန်ခေါ်လာပုံ။

ဤအကြောင်းများကို လျှပ်တပြက်အတွင်း စဉ်းစားမိပြီး ဆရာ ကိုကြည်သာ့ကို ပြောပြသင့်မသင့် တွေးနေသည်။

မောင်ကြည်သာသည် အခြေအနေကို ရိပ်စားမိ၏။ ဆက်စပ် တွေးခေါ်ခြင်းဖြင့် သူ နားလည်လိုက်သည်။

ထွေး၏အရှက်ကို ကိုခင်ရွှေက ကာကွယ်ပေးခဲ့ခြင်းဟု ယုံကြည်လိုက်သည်။

ပြီးခဲ့ပြီပဲ၊ ဤအခြေအနေတွင် သူ စိတ်လှုပ်ရှားစရာ အကြောင်းမရှိတော့။ သို့ရာတွင် သူအဘယ်ကြောင့် တုန်လှုပ်

www.burmeseclassic.com

BURMESE CLASSIC .com

နေမိသနည်း။ အကြော်ပန်းကန်ကို ရှေ့ထားလျက် ငိုင်နေသည်။ ကိုခင်ရွှေ သိလိုက်ပါသည်။ မောင်ကြည်သာ့ထံ ထွေး၏ စာ ရောက်ရမည်။ သူ့ကိုလည်း မှတ်မိမည်။ သူတို့အဖြစ်ကို ဆရာ ကိုကြည်သာ ဆက်စပ်တွေးခေါ်နေပေမည်။

သို့ရာတွင် သပ္ပုတ်အူကို ရှင်းထုတ်ရန်မလွယ်။ သူ့အတိုင်း ထားလိုက်သည်က ကောင်းမည်။ ဆရာ ကိုကြည်သာ နားလည် ချင်သလို နားလည်ပါစေ။

ကလေးက ငဲ့ခနဲငိုသည်။ ထွေးသည် ကလေးကို ချီမ ယူ၍ နို့ချို တိုက်လိုက်၏။ မောင်ကြည်သာ့ကို ကျောပေး လိုက်သည်။ ကျလုလုမျက်ရည်ကို သုတ်လိုက်၏။

ကိုခင်ရွှေက စကားဖြစ်ရုံ ပြောလိုက်သည်။

"ဆရာ ဘယ်သွားမလို့လဲ"

"ဒီနားတင်ပါဗျာ၊ ခင်ဗျားတို့ ရန်ကုန်သွားမှာဆိုရင် ကျွန်တော်နဲ့ လိုက်ခဲ့ပါလား။ ရှေ့က လေးထောင့်ကန် ခဏဝင်ပြီး ပြန်မှာပဲ"

■

အတန်တန်ငြင်းသော်လည်း မောင်ကြည်သာ ကိုခင်ရွှေနှင့် ထွေး တို့ကို ခေါ်ခဲ့၏။

တစ်လမ်းလုံး အထူးအထွေ စကားမပြောဖြစ်ကြ။ အတွေး ကိုယ်စီနှင့် လာခဲ့ကြ၏။

www.burmeseclassic.com
BURMESE CLASSIC .com

တွေးတို့ သွားလိုရာသို့ပို့ပေးပြီးသော် မောင်ကြည်သာ ရင်ထဲ၌ ဟာသလို ဖြစ်သွား၏။

နောက်ဆုံး နှုတ်ဆက်သွားသော တွေး၏ အရိပ်သဏ္ဌာန်ကိုသာ မြင်ယောင်နေ၏။

ရိုးသားသန့်စင်စွာလှသော တွေး။ သူ့အမည် အလွဲသုံးစားပြုသွားသော လူယုတ်မာ၏ ပက်စက်ခြင်းကို ခံခဲ့ရရှာသော တွေး၊ သနားစဖွယ် တွေး။မောင်ကြည်သာသည် တွေးကောင်း၏ မတွေးကောင်း၏ မစဉ်းစားနိုင်ဘဲ တစ်စုံတစ်ခုကို တွေးလိုက်မိသည်။

"မောင်ကြည်သာ အတုနဲ့ မတွေ့ခဲ့ဘဲ မောင်ကြည်သာ အစစ်နဲ့ တွေ့ခဲ့ရောပေါ့ တွေးရယ်"ဟု အသံတိတ် ညည်းမိသည်။ ထိုစဉ် ခဏ၌ မောင်ကြည်သာ၏ ရင်သည် တဆတ်ဆတ် ခုန်သွား၏။

မောင်ဝဏ္ဏ

■

www.burmeseclassic.com